MYANTRADE
ဈေးကွက်သတင်းလွှာ

အမှတ်စဉ် ၁၀/၂၀၂၅

၂၀၂၅ ခုနှစ်၊ အောက်တိုဘာလ သတင်းခေါင်းစဉ်များ

ပြည်တွင်းဈေးကွက်

- မိတ္ထီလာမြို့နယ် ဝါဂွမ်းဈေးကွက်
- ဈေးကွက်အတွင်း အားလူးများဈေးကောင်းရရှိလျက်ရှိ
- ဘုရင့်နောင်ကုန်စည်ဒိုင်သို့ ကြက်သွန်နီဝင်ရောက်ရာ အရပ်ဒေသများနှင့် ဈေးနှုန်းများအခြေအနေ

နိုင်ငံတကာဈေးကွက်

- ဂျပန်သို့ဆန်တင်ပို့မှုအရှိန်မြှင့်တင်ရန် ထိုင်းနိုင်ငံပြည်ပကုန်သွယ်ရေးဦးစီးဌာနကြိုးပမ်း
- ဖိလစ်ပိုင်အမျိုးသားစားနပ်ရိက္ခာအာဏာပိုင်အဖွဲ့မှ စက်တင်ဘာလအတွင်း ဆန်တန်ချိန် ၆၀,၀၀၀ ရှိ ဆန်အိတ်ပေါင်း ၁ ဒသမ ၂ သန်းအား လေလံစနစ်ဖြင့်ရောင်းချပေးသွားမည်
- ဖိလစ်ပိုင်စိုက်ပျိုးရေးဝန်ကြီးမှ ဆန်တင်သွင်းမှုယာယီရပ်ဆိုင်းခြင်းကို သက်တမ်းတိုးလို
- ဆန်ဈေးကျဆင်းမှုအားတန်ပြန်ရန်အတွက် ပို့ကုန်ပြုပြင်ပြောင်းလဲမှုများကို အစိုးရက အကြမ်းဖျင်းဖော်ပြထား
- အမျိုးသားစားနပ်ရိက္ခာအာဏာပိုင်အဖွဲ့၏ ဆန်၊ ပြောင်းဝယ်ယူခွင့်အာဏာအား တိုးချဲ့သွားမည်ဖြစ်
- ဖိလစ်ပိုင်နိုင်ငံနှင့် အင်ဒိုနီးရှားနိုင်ငံတို့က ဆန်တင်သွင်းမှုကို ခေတ္တရပ်ဆိုင်းထားသော်လည်း ဗီယက်နမ်နိုင်ငံ၏ ဆန်တင်ပို့မှုသည် တည်ငြိမ်နေဆဲဖြစ်
- ပြည်ပပဲမျိုးစုံသီးနှံများအထွက်နှုန်းကောင်းမွန်ခြင်းသည် ပြည်တွင်းပဲဈေးကွက်အပေါ် သက်ရောက်မှုရှိနိုင်သဖြင့် အိန္ဒိယကုန်သည်များက စားတော်ပဲတင်သွင်းမှုအပေါ် အခွန်ကောက်ခံရန်တောင်းဆို
- ထိုင်းနိုင်ငံ၏ ပဲပုပ်နှင့် အုန်းသီး တင်သွင်းမှု ရေရှည်တည်တံ့ရန်ပြင်ဆင်
- ဘေးအန္တရာယ်နည်းပါးသည့် စားအုန်းဆီထုတ်လုပ်မှုအဆင့်သို့ ရောက်ရှိရန် မလေးရှားကြိုးပမ်း
- စားအုန်းဆီဈေးနှုန်းများ တိုးမြင့်လာချိန်တွင် မလေးရှားနိုင်ငံ၏ စားအုန်းဆီထုတ်လုပ်သူ FGV မှ အမြတ်အစွန်း များပိုမိုရရှိနေ
- အင်ဒိုနီးရှားနိုင်ငံသည် အိန္ဒိယနိုင်ငံမှ မြေပဲတင်သွင်းမှုကို မှိုဆိပ်ပါဝင်မှု (Aflatoxin contamination) တွေ့ရှိရ ခြင်းကြောင့် ဆိုင်းငံ့ထား
- ဗီယက်နမ်၏သကြားထုတ်လုပ်မှုဒေသတွင်းထိပ်တန်းအဆင့်တွင်ဆက်လက်ရပ်တည်
- ဗီယက်နမ်နိုင်ငံတွင်း အုန်းသီးပြတ်လပ်မှုဖြစ်ပေါ်စေသည့်အတွက် ပြည်ပမှ အုန်းသီးတင်သွင်းမှု အရှိန်အဟုန်မြင့်တက်
- တရုတ်နိုင်ငံတောင်ပိုင်း ကွမ်ရှီးဒေသရှိ ချင်းကျိုးဆိပ်ကမ်းသည် အာဆီယံနိုင်ငံများမှ သစ်သီးတင်သွင်းမှုအတွက် အဓိကအချက်အချာဖြစ်လာ
- ဂျပန်ဈေးကွက်အတွင်း ဗီယက်နမ်ကော်ဖီဈေးနှုန်းများ သိသိသာသာမြင့်တက်

ကုန်သွယ်မှုသတင်းအချက်အလက်နှင့်သုတေသန ဌာနခွဲ
ဖုန်း ၀၁-၃၈၈၂၉၇
၀၁-၃၇၆၄၉၀
http://www.myantrade.org

- အရည်အသွေးမြင့်သစ်တော်သီးများ ဗီယက်နမ်သို့တင်ပို့ခဲ့သည့် တောင်ကိုရီးယား
- ပြည်တွင်းစျေးကွက်သို့ စားအုန်းဆီတိုးမြှင့်ရောင်းချရန် ထုတ်သူလုပ်များအား အင်ဒိုနီးရှားအစိုးရ တွန်းအားပေး
- ၂၀၂၄ ခုနှစ်အတွင်း၌ ထိုင်းနိုင်ငံသည် ကမ္ဘာ့ဒုတိယအကြီးဆုံး တိရစ္ဆာန်အစာတင်ပို့သူဖြစ်ခဲ့
- တရုတ်နိုင်ငံ၏ ထိပ်တန်းဝါထွက်ဒေသအဖြစ် ရပ်တည်နေသည့် ရှင်းကျန်းဒေသသည် အနောက်ဘက် နိုင်ငံများသို့ ဆက်သွယ်မည့် ဂိတ်တံခါးပေါက်တစ်ခုဖြစ်လာရန် ရည်မှန်းထား
- ၂၀၂၅ ဘဏ္ဍာနှစ်တွင် အမေရိကန်နိုင်ငံသို့ ဘင်္ဂလားဒေ့ရှ်နိုင်ငံ၏ အဝတ်အစားတင်ပို့မှုများ ၁၄ ရာခိုင်နှုန်း ခန့် မြင့်တက်လျက်ရှိ
- အထည်အလိပ်လုပ်ငန်းအတွက် ချည်ထည်တင်ပို့မှုတွင်အခွန်ကောက်ခံမှု ယာယီရပ်ဆိုင်းလိုက်သည့် အိန္ဒိယနိုင်ငံ
- တရုတ်နိုင်ငံသို့ ဒူးရင်းသီးများတိုက်ရိုက်တင်ပို့နေသည့် ကမ္ဘောဒီးယားနိုင်ငံ
- CEPA သဘောတူညီချက်မှ ကုန်သွယ်မှုစံချိန်တင်တိုးတက်စေရန် တွန်းအားပေးသည့်အတွက် အိန္ဒိယနှင့် ယူအေအီးနိုင်ငံတို့ စီးပွားရေးပူးပေါင်းဆောင်ရွက်မှု အားကောင်းလာ
- ကမ္ဘောဒီးယားနိုင်ငံသည် တရုတ်နိုင်ငံသို့ ဝီလောပီနံခြောက် တန်ချိန် ၅၀၀,၀၀၀ တင်ပို့မှု နားလည်မှု စာချွန်လွှာ လက်မှတ်ရေးထိုး
- Total Energies သည် ကမ္ဘောဒီးယားသို့ ရေနံများ ထောက်ပံ့ပေးရန် လမ်းဖွင့်
- ထိုင်းနိုင်ငံသို့ ဗီယက်နမ်၏ ရေဘဝဲနှင့် ကင်းမွန်တင်ပို့မှုမြင့်တက်
- ဇီဝလောင်စာ တင်သွင်းနေရသည့် နိုင်ငံအဖြစ်မှ ဇီဝလောင်စာ တင်ပို့သည့် နိုင်ငံဖြစ်လာသည့် တောင်ကိုရီးယားနိုင်ငံ
- ကမ္ဘောဒီးယားနိုင်ငံသည် ၂၀၂၅ ခုနှစ်၏ ပထမ ၈ လ အတွင်း ရော်ဘာစေးတင်ပို့မှုမှ အမေရိကန် ဒေါ်လာ ၃၂၈ သန်းကျော်ရရှိ

ပြည်တွင်းကုန်သွယ်မှုသတင်း

- စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးမင်းမင်း နယ်စပ်ကုန်သွယ်မှုများ ဆောင်ရွက်ရာတွင် လိုက်နာရမည့် လုပ်ငန်းစဉ်များအကြောင်း သင်တန်းအမှတ်စဉ်(၁/၂၀၂၅) ဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်အဖွင့်အမှာစကားပြောကြား

ပြည်ပကုန်သွယ်မှုသတင်း

- မြန်မာ–တရုတ် စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေး တွေ့ဆုံဆွေးနွေးပွဲ The Soul Treadure of Myanmar ကျင်းပ
- ကမ္ဘာ့အထူးတန်းဝင် ကော်ဖီပြပွဲနှင့်ညီလာခံသို့ မြန်မာကော်ဖီလုပ်ငန်းရှင်များ ပါဝင်ပြသ
- ၂၂ ကြိမ်မြောက် တရုတ်–အာဆီယံ ကုန်စည်ပြပွဲ ၂၀၂၅ အဆင့်အတန်းပြည့်မီစွာ ခင်းကျင်းပြသနိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ
- အိန္ဒိယနိုင်ငံမှမြန်မာနိုင်ငံသို့အရည်အသွေးမြင့်ဝါမျိုးစေ့တင်ပို့နိုင်ရေးဒုတိယအကြိမ် ညှိနှိုင်းအစည်းအဝေး
- မြန်မာ့ပြောင်း စျေးကွက်ရရှိရေး ကြိုတင်ပြင်ဆင်ခြင်း အစည်းအဝေးကျင်းပ

အထူးဆောင်းပါးများ

- ၂၀၂၆ ခုနှစ်ထိ ကမ္ဘာ့ဆန်စျေးနှုန်း ဆက်လက်ကျဆင်းမည်ဟု IRRI သုတေသနအဖွဲ့ ပြောဆို
- အိန္ဒိယအစိုးရဥာဏ်ကြီးရှင်များအဖွဲ့ဖြစ်သော NITI Aayog မှ ပဲမျိုးစုံတင်သွင်းမှုလျှော့ချရေး လမ်းပြမြေပုံချမှတ်

- မိုးရာသီခန့်မှန်းချက်၊ အိန္ဒိယပဲစိုက်တောင်သူများအနေဖြင့် အခက်အခဲများကို နှစ်ဆကြုံတွေ့နေရ

ကုန်သွယ်မှုအခြေအနေ၊

ကုန်စည်ဈေးနှုန်းများ

ပြည်တွင်းဈေးကွက်

မိတ္ထီလာမြို့နယ် ဝါဂွမ်းဈေးကွက်

မိတ္ထီလာခရိုင်တွင် ဝါသီးနှံစိုက်ပျိုးမှုအနေဖြင့် ဧပြီလ၊ မေလများ၌ စိုက်ပျိုးရသော မိုးကြိုဝါကို သာစည် မြို့နယ်တွင်သာ စိုက်ပျိုးရာ ဇူလိုင်လတွင် ကောက်သိမ်းလေ့ရှိပါသည်။ ယခုနှစ် မိုးကြိုဝါမှာ မိုးများသည့်အတွက် အပင်ထိခိုက်ခဲ့သဖြင့် အရည်အသွေးနိမ့်ကြောင်း သိရသည်။ ထို့အတွက် ဒေသတွင်း ဝါမှ ဝါဂွမ်း၊ ဝါစေ့ဆီ ထုတ်လုပ်သော ပုဂ္ဂလိကဝါစက်များက အဝယ်မရှိသေးဘဲ ယခင်နှစ် ဝါဂွမ်းအဟောင်းလက်ကျန်အဟောင်းများဖြင့်သာ အရောင်းအဝယ်ဖြစ် ကြောင်း သိရသည်။ ဝါဂွမ်းဈေးအနေဖြင့် တစ်ပိဿာလျင် စက်မှုဝန်ကြီးဌာန တင်ဒါဈေးမှာ ၁၁,၉၀၀ ကျပ်၊ တပ်မတော်ချည်မျှင်စက်များသွင်းဈေးမှာ A-၁၁,၀၀၀ ကျပ်၊ B-၁၀,၀၀၀ ကျပ်၊ ပုဂ္ဂလိကချည်မျှင်စက်များသို့ ရောင်းဈေးမှာ ၈,၀၀၀ ကျပ်မှ ၉,၅၀၀ ကျပ်ဈေးရှိကြောင်း ပုဂ္ဂလိကဝါစက်ပိုင်များထံမှ သိရသည်။ Source: https://www.doca.gov.mm/my/node/51933

ဈေးကွက်အတွင်း အာလူးများဈေးကောင်းရရှိလျက်ရှိ

ပုသိမ်မြို့ရှိ မြို့မဈေး၊ အောင်ဇရာဈေး၊ အောင်သီရိဈေးများတွင် ရောင်းချလျက်ရှိသည့် အာလူးဈေးနှုန်းမှာ တစ်ပိဿာလျှင် အလုံးကြီး ၈,၀၀၀ ကျပ်၊ အလုံးလတ် ၇,၀၀၀ ကျပ်ဖြင့် ဈေးကွက်အတွင်း ရောင်းချ လျက်ရှိရာ ဒေသထွက်အာလူးများထွက်ပေါ်ချိန်၌လည်း ဈေးနှုန်းကျဆင်းသွားခြင်းမရှိဘဲ ယခင်နှုန်းအတိုင်း အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း၊ ယခင်လများအတွင်း အာလူးဈေးနှုန်းများမှာ တစ်ပိဿာလျှင် ၁၀,၀၀၀ ကျပ်အထိမြင့်တက်ခဲ့သော်လည်း အရောင်းအဝယ်မှာကောင်းနေကြောင်း၊ လာမည့်ရက်အတွင်း ဒေသထွက် အာလူးများ ပေါ်ချိန်ရောက်မည်ဖြစ်သောကြောင့် အာလူးဈေးနှုန်းမှာ ယခုထက် အနည်းငယ်ပို၍ ကျဆင်းနိုင် ကြောင်း ကုန်စုံဆိုင်ရောင်းချသူ လုပ်ငန်းရှင်များထံမှ သိရသည်။

Source: https://www.doca.gov.mm/my/node/51936

ဘုရင့်နောင်ကုန်စည်ဒိုင်သို့ ကြက်သွန်နီဝင်ရောက်ရာ အရပ်ဒေသများနှင့် ဈေးနှုန်းများအခြေအနေ

၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ ၁၁ ရက်နေ့တွင် ဘုရင့်နောင် ကုန်စည်ဒိုင်သို့ ကြက်သွန်နီ ဝင်ရောက်ရာဒေသများဖြစ်သည့် ဆိပ်ဖြူ၊ မြင်းခြံ၊ မုံရွာ၊ ပခုက္ကူဒေသတို့မှ ကြက်သွန်နီ ၉၃၀,၀၀၀ ပိဿာ ဝင်ရောက်ခဲ့ပြီး ၆၀ ရာခိုင်နှုန်းခန့် ပြန်လည်စီးထွက်မှုရှိကြောင်း သိရသည်။ ထို့ကြောင့် ကြက်သွန်နီ လက်ကျန်မှာ ၃၇,၀၀၀ ကျန်ရှိကြောင်း ကုန်စည်ဒိုင်သတင်းအရ သိရသည်။ ဆိပ်ဖြူ ကြက်သွန်နီ(အသစ်) အချော တစ်ပိဿာကျပ် ၇၀၀၊ အသန့်တစ်ပိဿာ ကျပ် ၁,၂၅၀၊ အကြီး ကျပ် ၁,၄၅၀၊ ရုယ် ကျပ် ၁,၆၀၀၊ မြင်းခြံ ကြက်သွန်နီ (အသစ်) အချော တစ်ပိဿာ ကျပ် ၈၀၀၊ အသန့် တစ်ပိဿာ ကျပ် ၁,၂၅၀ ၊ အကြီး ကျပ် ၁,၄၀၀၊ ရုယ် ကျပ် ၁,၆၀၀၊ မုံရွာ ကြက်သွန်နီ (အသစ်) အချောတစ်ပိဿာ ကျပ် ၇၅၀၊ အသန့် တစ်ပိဿာ ကျပ် ၁,၂၀၀ ၊ အကြီး ကျပ် ၁,၄၀၀၊ ရုယ် ကျပ် ၁,၅၅၀၊ တောင်သာ ကြက်သွန်နီ(အသစ်) အချော တစ်ပိဿာ ကျပ် ၆၀၀၊ အသန့် တစ်ပိဿာ ကျပ် ၉၀၀ ၊ အကြီး ကျပ် ၁,၁၀၀၊ ရွှေဘို ကြက်သွန်နီ(အသစ်) အချော တစ်ပိဿာ ကျပ် ၁,၂၀၀၊ အသန့် တစ်ပိဿာ ကျပ် ၁,၆၀၀ ၊ အကြီး ကျပ် ၂,၀၀၀၊ ရုယ် ကျပ် ၂,၀၀၀ ဈေးတို့အသီးသီးရှိကြောင်း စုံစမ်းသိရသည်။

ယခုတစ်ပတ်တွင် ဆိပ်ဖြူကြက်သွန်နီမှာ ယခင်တစ်ပတ်အတိုင်းဈေးတူညီနေပြီး မြင်းခြံကြက်သွန်နီမှာ ဈေးအနည်းငယ်တက်လျက်ရှိပြီး မုံရွာကြက်သွန်နီဈေးနှုန်းမှာ ယခင်အပတ်ကထက် ဈေးအနည်းငယ်ကျလျက် ရှိကြောင်း သိရသည်။

Source: https://www.doca.gov.mm/my/node/51998

နိုင်ငံတကာဈေးကွက်

ဂျပန်သို့ဆန်တင်ပို့မှုအရှိန်မြှင့်တင်ရန် ထိုင်းနိုင်ငံပြည်ပကုန်သွယ်ရေးဦးစီးဌာနကြိုးပမ်း

ဂျပန်နိုင်ငံရှိအများပိုင်နှင့် ပုဂ္ဂလိကအေဂျင်စီများနှင့် ဆန်ကုန်သွယ်မှုအားကောင်းရန်နှင့် ဂျပန်ဆန်ဈေးကွက်တွင် ထိုင်းနိုင်ငံ၏ဝေစုတန်ချိန် ၃၀၀,၀၀၀ ကိုထိန်းသိမ်းရန် ထိုင်းနိုင်ငံပြည်ပကုန်သွယ်ရေးဦးစီးဌာန (DFT)သည် အစိုးရနှင့် ပုဂ္ဂလိက

ကဏ္ဍမှကိုယ်စားလှယ်များကိုဦးဆောင်၍ သွားရောက်လည်ပတ်ခဲ့ကြောင်း သိရသည်။ DFT ညွှန်ကြားရေးမှူးချုပ် Arada Fuangtong က စက်တင်ဘာလ ၇ ရက်နေ့မှ ၁၁ ရက်နေ့ထိ လည်ပတ်မှုအတွင်း ကိုယ်စားလှယ်အဖွဲ့သည် ဆန်တင်သွင်းမည့် ပမာဏကိုဆုံးဖြတ်မည့် ဂျပန်၏ စိုက်ပျိုးမွေးမြူရေး၊ သစ်တောနှင့်ငါးလုပ်ငန်းဦးစီးဌာန၊ တင်သွင်းမည့် ဆန်အရည်အသွေးကို စစ်ဆေးရန် တာဝန်ရှိသည့် Overseas Merchandise Inspection Company(OMIC)နှင့် အဓိကဆန်တင်သွင်းသည့် ကုမ္ပဏီများနှင့် တွေ့ဆုံဆွေးနွေးခဲ့ကြောင်း ပြောကြားခဲ့သည်။

ဂျပန်သည်ကမ္ဘာ့ထိပ်တန်းဆန်ထုတ်လုပ်သူနှင့် တင်သွင်းသူနိုင်ငံများထဲမှတစ်ခုဖြစ်ပြီး တစ်နှစ်လျှင် တန်ချိန် ၇ ဒသမ ၂၈ သန်းမှ ၇ ဒသမ ၆၄ သန်းထိ ထုတ်လုပ်နိုင်ကြောင်း သိရသည်။ စားသုံးမှုမှာ တစ်နှစ်လျှင် တန်ချိန် ၈ သန်း ကျော်သောကြောင့် တန်ချိန် ၇၀၀,၀၀၀ ပတ်လည်တင်သွင်းရန်လိုအပ်ကြောင်း သိရသည်။ အဓိကရောင်းချသူများတွင် ထိုင်း၊ အမေရိကန်၊ ဩစတြေးလျနှင့် တရုတ်တို့ပါဝင်ကြောင်း သိရသည်။ နှစ်စမှစ၍ ယခုအချိန်အထိ ဂျပန်သည် ဆန်တန်ချိန် ၄၀၂,၁၅၇ တန်တင်သွင်းခဲ့ပြီး ၂၀၂၄ ခုနှစ် တူညီသည့်ကာလနှင့် နှိုင်းယှဉ်ပါက ၉ ဒသမ ၁၅ ရာခိုင်နှုန်းမြင့်တက်ခဲ့ကြောင်း သိရသည်။ အမေရိကန်မှာ အကြီးမားဆုံးရောင်းချသူဖြစ်ပြီး ၎င်း၏နောက်တွင် ထိုင်း၊ ဩစတြေးလျနှင့် တရုတ်တို့ ရပ်တည်နေကြောင်း သိရသည်။ ထိုင်းသည် နှစ်စဉ်ဆန်တန်ချိန် ၂၅၇,၀၀၀ မှ ၃၃၆,၀၀၀ ကြား ဂျပန်သို့နှစ်စဉ်တင်ပို့ပြီး ဂျပန်ဆန်တင်သွင်းမှု၏ ၃၇ မှ ၄၅ ရာခိုင်နှုန်းကြားရှိကြောင်း သိရသည်။ ယခုနှစ်၏ ပထမ ၈ လ တာကာလတွင် ထိုင်းသည် ဆန်တန်ချိန် ၁၄၈,၀၀၀ ဂျပန်သို့တင်ပို့ခဲ့ပြီး ၂၀၂၄ ခုနှစ်တူညီသည့် ကာလနှင့်နှိုင်းယှဉ်ပါက ၁၉ ဒသမ ၃ ရာခိုင်နှုန်းကျဆင်းခဲ့ကြောင်း သိရသည်။ ထိုသို့ကျဆင်းမှုမှာ ဂျပန်စားသုံးသူများသည် အရွယ်အစားတိုတောင်းသည့် Japonica ဆန်ကို ဦးစားပေးစားသုံးလာသောကြောင့်ဖြစ်ကြောင်း သိရသည်။ ဂျပန်၏ပြည်တွင်းထုတ်လုပ်နိုင်စွမ်းသည် ဝယ်လိုအားမပြည့်မီသောကြောင့် ၎င်းတို့သည် တိုတောင်းသည့်အရွယ်အစားနှင့် အလယ်အလတ်အရွယ်အစားရှိသည့် ဆန်များကို တင်သွင်းရကြောင်း ပြောကြားခဲ့သည်။ DFT ၏အဆိုအရ ဂျပန်သို့တင်ပို့သည့် အဓိကထိုင်းဆန်များသည် အရွယ်အစားရှည်လျားသည့်အမျိုးအစားများဖြစ်ကြောင်း သိရသည်။ အသိအမှတ်ပြုခံရသည့်အရည်အသွေးနှင့် စံနှုန်းတို့ကြောင့် ထိုတင်ပို့သည့်ထိုင်းဆန်များ၏ ၉၀ ရာခိုင်နှုန်းကို ဆာကေးအရက်ထုတ်လုပ်မှုနှင့် အသင့်စား အစားအစာထုတ်လုပ်မှု အစရှိသည့် ဂျပန်စက်မှုလုပ်ငန်းများတွင် အသုံးပြုကြောင်းသိရသည်။ ကျန် ၁၀ ရာခိုင်နှုန်းကို အိမ်ထောင်စုများနှင့် စားသောက်ဆိုင်များက စားသုံးရန်အသုံးပြုကြောင်း သိရသည်။

Source: https://www.doca.gov.mm/my/node/52044

ဖိလစ်ပိုင်အမျိုးသားစားနပ်ရိက္ခာအာဏာပိုင်အဖွဲ့မှ စက်တင်ဘာလအတွင်း ဆန်တန်ချိန် ၆၀,၀၀၀ ရှိ ဆန်အိတ်ပေါင်း ၁ ဒသမ ၂ သန်းအား လေလံစနစ်ဖြင့်ရောင်းချပေးသွားမည်

ဖိလစ်ပိုင်အမျိုးသားစားနပ်ရိက္ခာအာဏာပိုင်အဖွဲ့(National Food Authority–NFA)သည် ၂၀၂၅ ခုနှစ် စက်တင်ဘာလအတွင်း သက်တမ်းရင့်ဆန်တန်ချိန် ၆၀,၀၀၀ ရှိ ဆန်အိတ်ပေါင်း ၁ ဒသမ ၂ သန်းအား လေလံစနစ်ဖြင့် ရောင်းချပေးသွားမည်ဖြစ်ပြီး ဆန်သိုလှောင်ရုံများနေရာ လစ်လပ်သွားစေရန်၊ ဆန်များ သက်တမ်းရင့် ကာ ပိုးထိုးမှုများမဖြစ်စေရန်နှင့် ပြည်တွင်းဆန်ရောင်းလိုအားကို ပံ့ပိုးပေးနိုင်စေရန်တို့အတွက်ဖြစ်ကြောင်း ဖိလစ်ပိုင်စိုက်ပျိုးရေးဝန်ကြီးဌာနမှ ပြောကြားခဲ့သည်။

အများပြည်သူထံသို့မရောင်းချမီ အစိုးရလုပ်ငန်းများထံသို့ ဦးစွာရောင်းချပေးသွားမည်ဖြစ်ကြောင်း၊ အဆိုပါသက်တမ်းရင့်ဆန်များသည် ဆန်စက်ရုံများမှ ကြိတ်ခွဲပြီးနောက် ၃ လခန့် NFA ဆန်သိုလှောင်ရုံများတွင် သိမ်းဆည်းသိုလှောင်ထားခြင်းဖြစ်သည်။ ယခုလေလံစနစ်ဖြင့်ရောင်းချပေးမည့်ပမာဏသည် အမျိုးသားအဆင့်စားသုံးမည်ဆိုပါက ၁၂ ရက် စားသုံးနိုင်သည့်ပမာဏနှင့်ညီမျှသည့် ဆန်အရန်ရိက္ခာ စုစုပေါင်းတန်ချိန် ၄၅၀,၀၀၀ မက်ထရစ်တန်၏ ၁၃ ရာခိုင်နှုန်းရှိသည်။ ကြမ်းခင်းဧရိယာအနေဖြင့် ဆန်တစ်ကီလိုလျှင် ၂၅ ဒသမ ၀၁ ပီဆိုမှ ၂၇ ဒသမ ၉၆ ပီဆိုကြားရှိပြီး ဆန်သိုလှောင်ရုံများတွင် သိုလှောင်သိမ်းဆည်းနိုင်မှုအပေါ် မူတည်၍ရောင်းချသွားမည်ဖြစ်သည်။

ဆန်သိုလှောင်ရုံများ နေရာလစ်လပ်ခြင်းက NFA အနေဖြင့် စပါး(Unmilled rice/ Palay)များကို ပြည်တွင်းဆန်တောင်သူများထံမှ ပိုမိုဝယ်ယူနိုင်မည်ဖြစ်သည်။ ယခုကဲ့သို့ NFA မှ လေလံစနစ်ဖြင့် ဆန်တောင်သူများထံမှ ဝယ်ယူမည့် အစီအစဉ်အား သမ္မတမားကို့စ်ဂျူနီယာက ၂၀၂၅ ခုနှစ် စက်တင်ဘာလ ၁ ရက်နေ့မှစတင်၍ ဆန်တင်သွင်းမှုကို ရက်ပေါင်း ၆၀ ယာယီရပ်ဆိုင်းမည့်ကာလအတွင်း ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။ စပါးရိတ်သိမ်းမှုမြင့်မားသည့်ကာလအထူးသဖြင့် အောက်တိုဘာ

လနှင့် နိုဝင်ဘာလတို့တွင် ပြည်တွင်းစပါးဈေးနှုန်း ပြန်လည်ကောင်းမွန်မြင့်တက်လာစေရေးကို အထောက်အပံ့ဖြစ်စေနိုင်ရန် ရည်ရွယ်ကြောင်း NFA ကောင်စီ ဥက္ကဋ္ဌ နှင့် စိုက်ပျိုးရေးဝန်ကြီးဖြစ်သူ Francisco Tiu Laurel Jr. က ပြောကြားခဲ့သည်။
(ကေသွယ်ခိုင်၊ စီးပွားရေးသံမှူး၊ မနီလာမြို့)

Source: https://myantrade.gov.mm/article/STP(Ygn)_09092025_14:25

ဖိလစ်ပိုင်စိုက်ပျိုးရေးဝန်ကြီးက ဆန်တင်သွင်းမှုယာယီရပ်ဆိုင်းခြင်းကို သက်တမ်းတိုးလို

ဖိလစ်ပိုင်စိုက်ပျိုးရေးဝန်ကြီးက ဆန်တင်သွင်းမှုယာယီရပ်ဆိုင်းခြင်းကို နောက်ထပ် ၁၅ ရက် သက်တမ်း တိုးမည့်အပေါ် ထောက်ခံလိုကြောင်း၊ သမ္မမားကို့စ်က ထုတ်ပြန်ခဲ့သည့် ဆန်တင်သွင်းမှုယာယီရပ်ဆိုင်းသည့်ကာလမှာ စက်တင်ဘာလမှ အောက်တိုဘာလထိဖြစ်ပြီး ပြည်တွင်းစပါးရိတ်သိမ်းမည့်ကာလအတွင်း ဆန်တောင်သူများ၏ အကျိုးစီးပွားကို အကာအကွယ်ပေးနိုင်ရန်ရည်ရွယ်သည်။ စိုက်ပျိုးရေးဝန်ကြီးဌာနအနေဖြင့် ဆန်တင်သွင်းမှုယာယီရပ်ဆိုင်းခြင်းသက်တမ်းတိုးရန် စက်တင်ဘာလကုန်တွင် အဆိုပြုတင်ပြသွားမည်ဖြစ်ကြောင်း၊ သက်တမ်းတိုးမည့်ကာလမှာ အနည်းဆုံး ၁၅ ရက်မှ ရက်ပေါင်း ၃၀ အထိဖြစ်ကြောင်း စိုက်ပျိုးရေးဝန်ကြီးက ပြောကြားထားသည်။

စိုက်ပျိုးရေးဝန်ကြီးဌာနမှထုတ်ပြန်သည့် ကိန်းဂဏာန်းအချက်အလက်များအရ စပါးအစိုဈေးနှုန်းသည် လတ်တလော သတင်းပတ်များအတွင်း မြင့်တက်ခဲ့ကြောင်း၊ ဆန်တင်သွင်းမှုမရပ်ဆိုင်းမီက စပါးတစ်ကီလိုလျှင် ၈ ပိဆိုမှ ၁၀ ပိဆိုထိရှိရာမှ Mindanao ကဲ့သို့ အချို့သောဒေသများတွင် တစ်ကီလိုလျှင် ၁၇ ပိဆိုအထိ မြင့်တက်ခဲ့သည်။ ထို့ပြင် Isabela နှင့် Nueva Ecija မြို့နယ်များတွင် စပါးတစ်ကီလိုလျှင် ၁၃ ပိဆိုမှ ၁၄ ပိဆိုထိ ရောက်ရှိခဲ့သော်လည်း အဆိုပါဈေးနှုန်းသည် တောင်သူအများစုအတွက် အကျိုးအမြတ်မရရှိသော အခြေအနေတွင်ပင်ရှိနေကြောင်း ဖော်ပြပါရှိသည်။

စပါးတစ်ကီလိုလျှင် စိုက်ပျိုးစရိတ်မှာ ၁၄ ပိဆိုခန့်ရှိပြီး နည်းလမ်းမှန်စွာ စနစ်တကျစိုက်ပျိုးနိုင်သည့် ထုတ်လုပ်သူများအတွက်မူ တစ်ကီလိုလျှင် ၁၂ ပိဆိုထိ ကုန်ကျစရိတ်လျော့ချနိုင်မည်ဖြစ်သည်။ ဆန်တင်သွင်းမှုပမာဏသည် ပြည်တွင်းစပါးဈေးနှုန်းအပေါ် ရိုက်ခတ်မှုရှိစေနိုင်သည့် အကြောင်းအချက်တစ်ခုဖြစ်သဖြင့် စပါးရိတ်သိမ်းထွက်ရှိမည့်အချိန်အတွင်း ဆန်တင်သွင်းမှုအား ယာယီရပ်ဆိုင်းရခြင်းဖြစ်ကြောင်း စိုက်ပျိုးရေးဝန်ကြီးက ပြောကြားခဲ့သည်။ ဖိလစ်ပိုင်စိုက်ပျိုးရေးဝန်ကြီးဌာနမှ ၂၀၁၉ ခုနှစ်က ဆန်လုပ်ငန်းကဏ္ဍအားဖြေလျှော့ပေးရန် ပြဋ္ဌာန်းခဲ့သည့် Rice Tariffication Law အား ပြင်ဆင်နိုင်ရေး ဆွေးနွေးတင်ပြထားကြောင်း၊ ဥပဒေပါပြင်ဆင်လိုသည့်အပိုင်းမှာ အမျိုးသားစားနပ်ရိက္ခာအာဏာပိုင်အဖွဲ့(National Food Authority-NFA)၏ လုပ်ငန်းတာဝန်အချို့ကို ပြန်လည်ရယူဆောင်ရွက်သွားရန်၊ NFA အနေဖြင့် ပြည်တွင်းဆန်ဈေးကွက်တွင် ပါဝင်ဆောင်ရွက်ခွင့်၊ ဆန်တင်သွင်းမှုအား စိုက်ပျိုးရေးဝန်ကြီးဌာနနှင့်ပူးပေါင်း၍ စီမံခန့်ခွဲခွင့်ပြန်လည်ရရှိစေရေးဖြစ်သည်။

စိုက်ပျိုးရေးဝန်ကြီးသည် သက်တမ်းတိုးမည့်ကိစ္စရပ်အား သမ္မတမားကို့စ်ဂျူနီယာထံသို့မတင်ပြမီ စိုက်ပျိုးရေးကဏ္ဍဆိုင်ရာ လွတ်တော်ကိုယ်စားလှယ်၊ စိုက်ပျိုးရေးကဏ္ဍပြုပြင်ပြောင်းလဲရေးအဖွဲ့တို့နှင့်လည်း ဦးစွာတွေ့ဆုံဆွေးနွေးသွားမည်ဖြစ်ကြောင်း ဖော်ပြပါရှိသည်။ Source: https://www.da.gov.ph/da-chief-mulls-extension-of-rice-import-freeze/
(ကေသွယ်ခိုင်၊ စီးပွားရေးသံမှူး၊ မနီလာမြို့)

Source: https://myantrade.gov.mm/article/STP(Ygn)_25092025_13:49

ဆန်ဈေးကျဆင်းမှုအား တန်ပြန်ရန်အတွက် ပို့ကုန်ပြုပြင်ပြောင်းလဲမှုများကို အစိုးရက အကြမ်းဖျင်း ဖော်ပြထား

ကမ္ဘာလုံးဆိုင်ရာထောက်ပံ့မှုနှင့် ကုန်သွယ်မှုဖိအားများကြားတွင် ကြီးထွားလာနေသော ဆန်ဈေးတည်ငြိမ်ရန်၊ လယ်သမားများ၏ ဝင်ငွေကိုကာကွယ်ရန်နှင့် ကမ္ဘောဒီးယား၏ ယှဉ်ပြိုင်နိုင်စွမ်းကို အားကောင်းစေရန်အတွက် ပို့ကုန်ကို အဓိကထားပြုပြင်ပြောင်းလဲမှုများ ပြုလုပ်ခဲ့ပြီး ပြောင်းလဲမှုအစုံအလင်ကို တော်ဝင်အစိုးရက ၂၀၂၅ ခုနှစ် ဩဂုတ်လ ၂၆ ရက်နေ့တွင် ထုတ်ပြန်ခဲ့သည်။

ကမ္ဘောဒီးယားနိုင်ငံ၏ ဆန်စပါးဈေးကွက် တိုးချဲ့ရေးနှင့် ပို့ကုန်ကွဲပြားစေရေးမဟာဗျူဟာ ၂၀၂၅-၂၀၃၀ ၏ တရားဝင်မိတ်ဆက်ပွဲကို ဥက္ကဋ္ဌအဖြစ် စီးပွားရေးနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန (MEF)၊ ပြည်ထောင်စုဝန်ကြီး Pornmoniroth က ဆောင်ရွက်ခဲ့ပြီး လယ်သမားများ၊ ဆန်စက်များနှင့် ပို့ကုန်လုပ်ငန်းရှင်များရင်ဆိုင်နေရသောဖိအားများကို အသိအမှတ်ပြုခဲ့ပြီး ဆန်စပါးကဏ္ဍသည် ဒေသတွင်းတွင် အမြဲတမ်းထိတ်လန့်တုန်လှုပ်လျက်ရှိကြောင်းနှင့် ဆန်စပါးကဏ္ဍ၏အခြေအနေသည် အဆက်မပြတ်

ပြောင်းလဲလျက်ရှိပြီး ဖွံ့ဖြိုးတိုးတက်မှုများကို အနှီးကပ်စောင့်ကြည့်ရန်နှင့် စွန့်စားရမှုတွေကို စီမံခန့်ခွဲရန်နှင့် ခံနိုင်ရည်ရှိနိုင်စေရန်အတွက် အစီအမံတွေကို လုပ်ဆောင်ရန် လိုအပ်ကြောင်း Pornmoniroth က ပြောကြားခဲ့သည်။

ဝယ်လိုအား အားကောင်းမှုနှင့် အားနည်းသောရောင်းလိုအားကြောင့် ၂၀၂၄ ခုနှစ်ကမြင့်မားနေဆဲဖြစ်သော ဆန်စျေးနှုန်းသည် သိသိသာသာကျဆင်းသွားကြောင်း MEF ဝန်ကြီးက အလေးပေးပြောကြားခဲ့သည်။ Pornmoniroth က အဆိုပါ ဖွံ့ဖြိုးတိုးတက်မှုများသည် ကမ္ဘောဒီးယားနိုင်ငံ၏ စိုက်ပျိုးရေးစီးပွားရေး အားနည်းချက်ကို ပြင်ပမှလှုပ်ခတ်မှုများနှင့် ကွဲပြားပြီး ခံနိုင်ရည်ရှိစေရန် ဖွဲ့စည်းပုံဆိုင်ရာ ပြုပြင်ပြောင်းလဲမှုများ၏ အရေးပါမှုကို၏ဖော်ပြထားကြောင်း Pornmoniroth က အလေးပေးပြောကြားခဲ့သည်။ Pornmoniroth က စီးပွားရေးနှင့်ဘဏ္ဍာရေးမူဝါဒကော်မတီ (EFPC) အောက်တွင် လည်ပတ်နေသော ကမ္ဘောဒီးယားနိုင်ငံရှိ ဦးစားပေး စိုက်ပျိုးရေးထွက်ကုန်များတင်ပို့မှုကိုအားပေးမြှင့်တင်သည့် အသစ်ဖွဲ့စည်းထားသော ဝန်ကြီးဌာနအချင်းချင်း လုပ်ငန်းအဖွဲ့၏ အခန်းကဏ္ဍကို အလေးပေးဖော်ပြခဲ့သည်။

Source: https://www.doca.gov.mm/my/node/49295

အမျိုးသားစားနပ်ရိက္ခာအာဏာပိုင်အဖွဲ့၏ ဆန်၊ ပြောင်းဝယ်ယူခွင့်အာဏာအား တိုးချဲ့သွားမည်ဖြစ်

၂၀၁၉ ခုနှစ်၊ မတိုင်မီက(Rice Tariffication Law)အသက်မသွင်းမီကကဲ့သို့ အမျိုးသားစားနပ်ရိက္ခာ အာဏာပိုင်အဖွဲ့ (National Food Authority–NFA)က ပြည်တွင်းတောင်သူများနှင့် ကော်ပိုရိတ်များထံမှ ဆန်၊ ပြောင်းတိုက်ရိုက်ဝယ်ယူခွင့် အာဏာကို ပြန်လည်တိုးချဲ့ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ Rice Tariffication Law အား တစ်စိတ်တစ်ပိုင်းပြင်ဆင်ရေးဆွဲမည့် Rice Industry Competitive Enhancement Act အသစ်ကို အောက်လွတ်တော်ဆိုင်ရာ ပြောရေးဆိုခွင့်ရှိသူမှတစ်ဆင့် အဆိုပြုတင်ပြထားကြောင်း စိုက်ပျိုးရေးဝန်ကြီးက ပြောကြားခဲ့သည်။

အဆိုပြုတင်ပြထားသည့် ဘေလ်အရ NFA အနေဖြင့် ဆန်ဝယ်ယူခွင့်သာမက လူစားသုံးရန်နှင့် တိရစ္ဆာန်အစာအဖြစ် အသုံးပြုသည့် ပြောင်းဖြူ၊ ပြောင်းဝါတို့ကိုလည်း ဝယ်ယူခွင့်အာဏာအား ပြန်လည်ရယူသွားမည်ဖြစ်သည်။ ပြောင်းသည် Visayas နှင့် Mindanao ဒေသများတွင် ဆန်အစားထိုးအဖြစ်အသုံးပြုနိုင်ရုံသာမက ဖိလစ်ပိုင်နိုင်ငံ၏ တိရစ္ဆာန်အစာကဏ္ဍအတွက် အလွန်အရေးကြီးကြောင်းလည်း စိုက်ပျိုးရေးဝန်ကြီးက ပြောကြားထားကြောင်း ဖော်ပြပါရှိသည်။

ဆန်၊ ပြောင်းကဏ္ဍသည် သမ္မတမားကို့စ်ဂျူနီယာ၏ ဖိလစ်ပိုင်နိုင်ငံစားနပ်ရိက္ခာဖူလုံရေးအစီအစဉ်ဆိုင်ရာမူဝါဒတစ်ခုလည်းဖြစ်ကြောင်း၊ စိုက်ပျိုးမြေဟက်တာ ၂ ဒသမ ၅ သန်းကို ပြောင်းစိုက်ပျိုးထားရှိပြီး တောင်သူဦးရေ ၁ ဒသမ ၁ သန်းကိုပံ့ပိုးပေးနိုင်ခဲ့ကြောင်း၊ အစောပိုင်းတွင် NFA ကို သိပ်ံနည်းကျခေတ်မီသော အေဂျင်စီတစ်ခုအဖြစ်ပြောင်းလဲသွားရန် စိုက်ပျိုးရေးဆိုင်ရာကျွမ်းကျင်ပညာရှင်များက အဆိုပြုခဲ့ကြသော်လည်း ယခုအခါ သမာရိုးကျနည်းလမ်းများအတိုင်းသာ ဆန်စပါးဝယ်ယူရေးများကို ဆောင်ရွက်သွားရန်၊ စျေးနှုန်းထိန်းချုပ်နိုင်ရေးလုပ်ငန်းစဉ်များကိုသာ ဆောင်ရွက်သွားမည့်အလားအလာများကိုသာ သတိပြုမိကြောင်းနှင့် ယခင်ဆယ်စုနှစ်များစွာကာလများကဲ့သို့ပင် အမှားများကိုထပ်ခါထပ်ခါ ဆောင်ရွက်သွားနိုင်သည်ဟု ထင်မြင်ယူဆကြောင်း ဖော်ပြပါရှိသည်။

အပြောင်းအလဲမတွေ့ရှိရဘဲ ခေတ်သစ်အမှားများကိုသာ ဆောင်ရွက်ရန် စတင်နေခြင်းသာဖြစ်ကြောင်း၊ ယခင် NFA တာဝန်ခံအဆက်ဆက်၏စီမံခန့်ခွဲမှုဆိုင်ရာ ကျဆုံးခန်းများကြောင့် ပြည်တွင်းဆန်တောင်သူများ ဆင်းရဲမွဲပြာကျကာ နိုင်ငံတွင်းဆန်လိုအပ်ချက်များမြင့်တက်လာနိုင်သည့် အလားအလာများသာရှိကြောင်းကိုလည်း ဖော်ပြထားကြောင်းတွေ့ရှိရသည်။ သို့ရာတွင် အခြားတစ်ဖက်တွင်လည်း ဆန်အပါအဝင် အခြားအရေးကြီးကုန်စည်များဖြစ်သော ပြောင်း၊ ကောက်ပဲသီးနှံ၊ ဟင်းသီးဟင်းရွက်၊ ပင်လယ်စာများကိုလည်း NFA အနေဖြင့် ချဲ့ထွင်ဆောင်ရွက်သင့်ကြောင်းကို ပူးပေါင်းအဖွဲ့များက အကြံပြုတင်ပြထားသည်ကိုလည်း တွေ့ရသည်။ (ကေသွယ်ခိုင်၊ စီးပွားရေးသံမှူး၊ မနီလာမြို့)

Source: https://myantrade.gov.mm/article/STP(Ygn)_22092025_12:55

ဖိလစ်ပိုင်နိုင်ငံနှင့် အင်ဒိုနီးရှားနိုင်ငံတို့က ဆန်တင်သွင်းမှုကို ခေတ္တရပ်ဆိုင်းထားသော်လည်း ဗီယက်နမ်နိုင်ငံ၏ ဆန်တင်ပို့မှုသည် တည်ငြိမ်နေဆဲဖြစ်

ဗီယက်နမ်နိုင်ငံမှ ဆန်တင်ပို့မှုသည် ကာလတိုအတွင်း သိသိသာသာထိခိုက်နိုင်ဖွယ်မရှိကြောင်း စိုက်ပျိုးရေးနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ယာယီဝန်ကြီး H.E Tran Duc Thang က ပြောကြားခဲ့သည်။ ဖိလစ်ပိုင်နှင့်

အင်ဒိုနီးရှားနိုင်ငံတို့မှ စက်တင်ဘာအစောပိုင်းတွင် ဆန်တင်သွင်းမှုယာယီရပ်ဆိုင်းလိုက်ကြောင်း သတင်းများထွက်ပေါ်လာပြီး နောက် စီးပွားရေးလုပ်ငန်းရှင်များ၊ အသင်းအဖွဲ့များနှင့် စက်တင်ဘာ ၁၁ ရက်ကတွေ့ဆုံစဉ်ပြောကြားခဲ့ကြောင်း သိရသည်။

စိုက်ပျိုးရေးနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန(MAE)သည် ဘဏ်များအား ဦးစားပေးချေးငွေများပေးရန်၊ ကြွေးမြီများပြန်လည်ပြင်ဆင်ဖွဲ့စည်းရာတွင် ပံ့ပိုးကူညီရန်နှင့် ပို့ကုန်လုပ်ငန်းများချောမွေ့စေရန်အတွက် VAT ပြန်အမ်းခြင်းဆိုင်ရာများ ဖြေရှင်းဆောင်ရွက်ရန်၊ ဝန်ကြီးချုပ်ထံ တင်ပြမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ဗီယက်နမ်နိုင်ငံ၏ ဆန်စပါးကယ်သည် လျင်မြန်သော ရေတိုအစီအမံများနှင့် ရေရှည်မဟာဗျူဟာများလိုအပ်ကြောင်း ၎င်းက အလေးအနက်ပြောကြားခဲ့သည်။ ဦးစားပေးစနစ်ဖြင့် ကြွေးမြီ၊ အခွန်ဆိုင်ရာစိန်ခေါ်မှုများကိုဖြေရှင်းခြင်းနှင့် ကုန်သွယ်မှုမြှင့်တင်ခြင်းတို့ပါဝင်ပြီး ရေရှည်ကြိုးပမ်းမှုများတွင် ဆောင်းဦး-ဆောင်းဦးသီးနှံ၏ အလားအလာကို အမြင့်မားဆုံးဖြစ်အောင် စွေးကွက်ချဲ့ထွင်ခြင်းနှင့် လယ်သမားများ၏ အမြတ်အစွန်းနှင့် ယုံကြည်မှုကိုမြှင့်တင်ရန်အတွက် ထုတ်လုပ်မှုစနစ်များကို အာရုံစိုက်ဆောင်ရွက်သင့်ကြောင်း ၎င်းကပြောကြားခဲ့သည်။

ဗီယက်နမ်မြောက်ပိုင်းစားနပ်ရိက္ခာကော်ပိုရေးရှင်း(Vinafood 1)၏ဥက္ကဋ္ဌဖြစ်သူ Bui Thi Thanh Tam က တောင်သူလယ်သမားများ၏ ဆန်ကို အပြည့်အဝ ဝယ်ယူနေကြောင်း အတည်ပြုပြောကြားခဲ့သည်။ ထို့ပြင် နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများသည် စွေးကွက်အတွင်း ဝယ်လိုအားနှင့်စွေးနှုန်းတည်ငြိမ်စေရန်အတွက် တန်ချိန်ထောင်ပေါင်းများစွာကို ယာယီသိုလှောင်ထားကြောင်း သိရသည်။

တောင်ပိုင်းစားနပ်ရိက္ခာကော်ပိုရေးရှင်း၏ ဒါရိုက်တာဘုတ်အဖွဲ့ဝင် Tran Tan Duc က ဆန်စွေးနှုန်းများ ကျဆင်းသွားခဲ့သော်လည်း အာဖရိကနှင့်နိုင်ငံတော်အရန်ဆန်များတင်သွင်းမှုကြောင့် စပါးစွေးပြန်တက်သွားကြောင်း မှတ်ချက်ပြုခဲ့သည်။ စက်တင်ဘာလ ၁၁ ရက်နေ့တွင် အရည်အသွေးမြင့်စပါးတစ်ကီလိုရမ်လျှင် ဗီယက်နမ်ဒေါင် ၆,၀၀၀ အမေရိကန်ဒေါ်လာသုည ဒသမ ၂၃ ကျော်ဖြင့် ရောင်းချခဲ့ပြီး သာမန်စပါး တစ်ကီလို ၎ရမ်လျှင် ဗီယက်နမ်ဒေါင် ၅,၀၀၀ နှုန်းဖြင့်ရှိကြောင်း သိရသည်။

Trung An Hi-Tech Farming JSC ၏ ဥက္ကဋ္ဌဖြစ်သူ Pham Thai Binh က နွေ-ဆောင်းဦးသီးနှံများ အများအပြားရိတ်သိမ်းနေပြီဖြစ်သောကြောင့် ဖိလစ်ပိုင်၏ဆိုင်းငံ့ထားမှုသည် ပို့ကုန်အလုံးစုံကိုထိခိုက်စေမည် မဟုတ်ကြောင်းပြောကြားခဲ့သည်။

နိုင်ငံတကာလုပ်ဖော်ကိုင်ဖက်များနှင့် ယုံကြည်စိတ်ချမှုကို ထိန်းသိမ်းထားနိုင်ရန်၊ စီးပွားရေးလုပ်ငန်း အများအပြားက ပို့ကုန်များကိုပံ့ပိုးပေးရန်နှင့် စာရင်းများကိုထုတ်ပြန်ရန် အစိုးရအား တိုက်တွန်းထားကြောင်း ဖော်ပြထားသည်။

ဩဂုတ်လကုန်တွင် ဗီယက်နမ်နိုင်ငံသည် စပါးဟက်တာ ၃ ဒသမ ၃ သန်းရိတ်သိမ်းနိုင်ခဲ့ပြီး တန်ချိန် ၂၀ ဒသမ ၅၂ သန်းထွက်ရှိကြောင်း သိရသည်။ လက်ကျန်ကာလတွင် ဆောင်းဦး-ဆောင်းသီးနှံကို စိုက်ဧက ၇၀၈,၀၀၀ ကျော်စိုက်ပျိုးရန် စီစဉ်ထားပြီး တောင်သူများ၊ သမဝါယမများနှင့် စီးပွားရေးလုပ်ငန်းများ ကောင်းမွန်စွာချိတ်ဆက်ဆောင်ရွက်နိုင်ပါက ထောက်ပံ့မှုနှင့် ဝယ်လိုအားဟန်ချက်ညီစေမည်ဖြစ်ကြောင်း ဖော်ပြထားသည်။

စပါးရိတ်သိမ်းပြီးနောက် သီးသန့်ဆန်သိုလှောင်ရုံများ၊ ဆန်ကြိတ်ခွဲခြင်းနှင့် ခေတ်မီထိန်းသိမ်းနည်းပညာများအပါအဝင် ရိတ်သိမ်းချိန်လွန်အခြေခံအဆောက်အအုံများတွင် ရင်းနှီးမြှုပ်နှံမှုလိုအပ်ကြောင်း ဦးစီးဌာနက အလေးပေးပြောကြားခဲ့သည်။ အဆိုပါအခြေခံအဆောက်အဦများမရှိပါက စပါးရိတ်သိမ်းချိန်အတွင်းစပါးထောက်ပံ့မှုကွင်းဆက်သည် နှောင့်နှေးမှုနှင့်ထိရောက်မှုအားနည်းမှုများကို ဖြစ်စေနိုင်ကြောင်း၊ တိုးတက်သောအခြေခံအဆောက်အဦများဖြင့် ဆန်များကို စနစ်တကျသိမ်းဆည်းကာ ငွေသားရရှိရန် အလျင်စလိုရောင်းချခြင်းထက် စာချုပ်များဖြင့် ကမ္ဘာ့စွေးကွက်အပေါ်အခြေခံ၍ အသင့်တော်ဆုံးအချိန်ကို ရွေးချယ်နိုင်မည်ဖြစ်ကြောင်း ဖော်ပြထားသည်။

၂၀၂၅ ခုနှစ် နောက်ဆုံးလေးလတွင် စပါးတန်ချိန် ၁၃ ဒသမ ၈ သန်း ထပ်မံရိတ်သိမ်းနိုင်မည်ဟု စိုက်ပျိုးထုတ်လုပ်မှုနှင့်ကာကွယ်ရေးဌာနမှ ခန့်မှန်းထားသည်။ ၎င်းတွင် မဲခေါင်မြစ်ဝကျွန်းပေါ်ဒေသ ဆောင်းဦး-ဆောင်းသီးနှံမှ တန်ချိန် ၆ သန်းခန့်ပါဝင်ပြီး ဒေသတွင်းပြိုင်ဘက်များထက် ပြိုင်ဆိုင်မှုအသာစီးရရှိစေမည်ဖြစ် ကြောင်း ဖော်ပြထားသည်။

Source: Vietnam Plus, (ဝင့်နန္ဒာကျော်ကျော်၊ စီးပွားရေးသံမှူး၊ ဟန္ဒိုင်းမြို့)

Source: https://myantrade.gov.mm/article/STP(Ygn)_19092025_15:30

ပြည်ပပဲမျိုးစုံသီးနှံများအထွက်နှုန်းကောင်းမွန်ခြင်းသည် ပြည်တွင်းပဲဈေးကွက်အပေါ် သက်ရောက်မှုရှိနိုင်သဖြင့် အိန္ဒိယကုန်သည်များက စားတော်ပဲတင်သွင်းမှုအပေါ် အခွန်ကောက်ခံရန်တောင်းဆို

အာဖရိကနှင့် ဩစတြေးလျနိုင်ငံတို့၏ အဓိကထုတ်ကုန်များဖြစ်သော ပဲစင်းငုံနှင့် ကုလားပဲ စသည့်ပဲမျိုးစုံ အထွက်နှုန်းကောင်းမွန်မှုသည် ပြည်တွင်းပဲဈေးကွက်အပေါ် သက်ရောက်မှုရှိလာနိုင်သဖြင့် အိန္ဒိယပဲလုပ်ငန်းရှင်များက ပြည်တွင်းဈေးကွက်ကိုထောက်ပံ့နိုင်ရန် စားတော်ပဲတင်သွင်းမှုအပေါ် အခွန် ၅၀ ရာခိုင်နှုန်းကောက်ခံရန် ထပ်မံတောင်းဆိုခဲ့ကြောင်း သိရသည်။

မိုဇမ်ဘစ်၊ တန်ဇန်းနီးယားနှင့် ဩစတြေးလျကဲ့သို့သောနိုင်ငံများတွင် ပဲမျိုးစုံအထွက်နှုန်းကောင်းမွန်ခြင်းကြောင့် မကြာသေးမီရက်သတ္တပတ်များအတွင်း အိန္ဒိယဆိပ်ကမ်းများသို့ ရောက်ရှိလာသည့် ပဲမျိုးစုံဈေးနှုန်းများမှာ ကျဆင်းခဲ့ကြောင်းလည်း သိရသည်။

အိန္ဒိယပဲမျိုးစုံနှင့် ကောက်ပဲသီးနှံအသင်း၌ကွန်ဒ Bimal Kothari က ပဲစိုက်ပျိုးသည့် မူရင်းနိုင်ငံများတွင် သီးနှံအထွက်နှုန်းမှာ ယခင်နှစ်နှင့်နှိုင်းယှဉ်ပါက ယခုနှစ်တွင် သိသိသာသာပိုမိုကောင်းမွန်ကြောင်း၊ ဩစတြေးလျနိုင်ငံတွင် ကုလားပဲအထွက်နှုန်းကောင်းမွန်သကဲ့သို့ ဩစတြေးလျ၊ ကနေဒါ၊ ရုရှားနှင့် ကာဇက်စတန်နိုင်ငံများတွင် ပဲနီလေးအထွက်နှုန်းကောင်းမွန်ကြကြောင်း၊ မိုဇမ်ဘစ်၊ တန်ဇန်းနီးယားနှင့် အာဖရိကနိုင်ငံများတွင် ပဲစင်းငုံ အထွက်နှုန်းကောင်းမွန်ပြီး တန်ချိန်တစ်သန်းကျော်ထွက်ရှိမည်ဟု ခန့်မှန်းထားကြောင်း၊ တင်သွင်းသည့်ပဲစင်းငုံဈေးမှာ ယခုအချိန်၌ တစ်ကီလိုဂရမ်လျှင် ၄၇ ရူပီးနှင့် ၄၈ ရူပီး အထိရောက်ရှိလာကာ ၄၀-၄၅ ရူပီးအထိ ကျဆင်းလာနိုင်သည်ဟုယူဆကြောင်း၊ ပဲစင်းငုံအတွက် အစိုးရ၏အနည်းဆုံး ပံ့ပိုးဈေးနှုန်း MSP သည် ၈၀ ရူပီးဖြစ်သောကြောင့် စိုက်ပျိုးသူတောင်သူများကို ထိခိုက်နိုင်သဖြင့် အစိုးရက သွင်းကုန်အခွန်စည်းကြပ်ရန် ပြောကြားထားကြောင်း ပြောကြားခဲ့သည်။

စားသုံးကုန်ဈေးနှုန်းများမှာ သိသိသာသာကျဆင်းသွားပြီဖြစ်သည့်အတွက် စိုးရိမ်စရာမရှိတော့ကြောင်း၊ ယခုအချိန်တွင် အစိုးရအတွက် တောင်သူလယ်သမားများ၏ အကျိုးစီးပွားကိုကြည့်ရန် ပိုမိုအရေးကြီးကြောင်းနှင့် စားတော်ပဲတင်သွင်းမှုအပေါ် သွင်းကုန်ခွန် ၅၀ ရာခိုင်နှုန်းကောက်ခံရန်စဉ်းစားသင့်ကြောင်း ၎င်းက ထပ်လောင်း ပြောကြားထားသည်။

ဈေးသက်သာသောစားတော်ပဲအများအပြားတင်သွင်းမှုကြောင့် အခြားပဲမျိုးစုံအမျိုးအစားများ၏ ဝယ်လိုအားကို ထိခိုက်နေသဖြင့် ယင်းအပေါ် အခွန်စည်းကြပ်ရန် အစိုးရကို ပဲကုန်သည်များက တိုက်တွန်းထားကြောင်း၊ မကြာသေးမီက စိုက်ပျိုးရေးဝန်ကြီး Shivraj Singh Chauhan က ဈေးသက်သာသော စားတော်ပဲတင်သွင်းမှု အပေါ် စိုးရိမ်ပူပန်မှုအားဖော်ပြခဲ့ပြီး တောင်သူများ၏အကျိုးစီးပွားကိုကာကွယ်ရန် အခွန် ၅၀ ရာခိုင်နှုန်း ကောက်ခံရန် တောင်းဆိုခဲ့ကြောင်းလည်း သိရသည်။

Kothari က စားတော်ပဲဈေးနှုန်းသည် တစ်ကီလိုလျှင် ၃၀ ရူပီးအထိကျဆင်းသွားကြောင်း၊ ယမန်နှစ် ကာလတူတွင် အိန္ဒိယမှတင်သွင်းသည့် စားတော်ပဲဈေးနှုန်းမှာ တစ်တန်လျှင် ကန်ဒေါ်လာ ၃၈၀-၄၀၀ ရှိခဲ့ရာမှ ယခုအခါ ဒေါ်လာ ၂၉၀ သို့ ကျဆင်းသွားခဲ့ကြောင်း၊ အလားတူအာဖရိကနိုင်ငံမှ တင်သွင်းသည့် ပဲစင်းငုံဈေးသည် ယခင်လက ၆၄၀ ဒေါ်လာနှင့် နှိုင်းယှဉ်ပါက ယခုအခါ ဒေါ်လာ ၅၀၀ မှ ၅၄၀ အကြားသာရှိကြောင်း၊ မိုဇမ်ဘစ်၊ မာလာဝီနှင့် တန်ဇန်းနီးယားတို့မှ တင်သွင်းမှုသည် စက်တင်ဘာ ၂၀ ရက်မှစတင်၍ မြင့်တက်လာဖွယ်ရှိကြောင်း ဆက်လက်ပြောကြားခဲ့သည်။

လက်ရှိ မိုးရာသီတွင် ပဲမျိုးစုံစိုက်ပျိုးမှုဧရိယာသည် ဩဂုတ်လကုန်အထိ ဟက်တာ ၁၁၄ ဒသမ ၄၆ သိန်း ရှိပြီး ယခင်နှစ်စိုက်ပျိုးမှုဟက်တာ ၁၁၃ ဒသမ ၄၇ နှင့်နှိုင်းယှဉ်ပါက အနည်းငယ်မြင့်တက်နေကြောင်း၊ သို့ရာတွင် တစ်နိုင်ငံလုံး၌ မိုးရေချိန်လွန်ကဲမှုများကြောင့် သီးနှံများ၏အလားအလာထိခိုက်မည်ကို စိုးရိမ်နေကြကြောင်း၊ အကျိုးသက်ရောက်မှုကို အတိအကျခန့်မှန်းရန်အချိန်စောလွန်းနေပြီး လကုန်ပိုင်းတွင်မူ ပိုမိုတိကျသည့်ခန့်မှန်းမှု များပြုလုပ်နိုင်မည်ဖြစ်ကြောင်း Kothari မှ ပြောကြားခဲ့သည်။

Source: As good pulses crop overseas weighs on prices, Indian traders reiterate demand import duty on yellow peas, The Hindu Businessline, September 5, 2025., (မျိုးမြင့်မောင်၊ စီးပွားရေးသံမှူး၊ နယူးဒေလီမြို့)

Source:https://myantrade.gov.mm/article/STP(Ygn)_19092025_14:27

ထိုင်းနိုင်ငံ၏ ပဲပုပ်နှင့် အုန်းသီး တင်သွင်းမှု ရေရှည်တည်တံ့ရန်ပြင်ဆင်

စီးပွားရေးဝန်ကြီးဌာနသည် လုံလောက်သောထောက်ပံ့မှုများကိုထိန်းသိမ်းရန် စားနပ်ရိက္ခာဖူလုံမှုမြှင့်တင်ရန်၊ တောင်သူများအကျိုးအမြတ်ရရှိစေရန် ပဲပုပ်နှင့် အုန်းသီးများ ဈေးကွက်ဖွင့်လှစ်ပြီး တင်သွင်းနိုင်ရန် စီစဉ်နေသည်။

စီးပွားရေးဝန်ကြီး Jatuporn Buruspat သည် ယခုနှစ်ပထမဆုံးအကြိမ်ကျင်းပသော ဆီထွက်သီးနှံနှင့် ဟင်းသီးဟင်းရွက်ဆီကော်မတီအစည်းအဝေးတွင် သဘာပတိအဖြစ် ဆောင်ရွက်ခဲ့သည်။ ပဲပုပ်နှင့်အုန်းဆီများကို မှီခိုနေသော စက်ရုံများအတွက် ကုန်ကြမ်းများလုံလောက်စွာရရှိစေရန်နှင့် ဒေသခံလယ်သမားများကို ဆက်လက်ကာကွယ်ပေးရန် ကိစ္စရပ်များကို ထည့်သွင်းစဉ်းစား အတည်ပြုခဲ့သည်။

သီးနှံစျေးနှုန်းကို တည်ငြိမ်အောင်ထိန်းသိမ်းရန်နှင့် စက်မှုလုပ်ငန်းသုံးအတွက် လုံလောက်သော ကုန်ကြမ်းထောက်ပံ့ပေးနိုင်ရန် ရည်မှန်းထားကြောင်း ပြောကြားခဲ့သည်။

နောက်ထပ်ရည်မှန်းချက်တစ်ခုမှာ ၂၀၂၆- ၂၀၂၈ ခုနှစ်မှ စ၍ ပဲပုပ်ဆီနှင့် ၄င်း၏အစိတ်အပိုင်းများ၊ အုန်းသီး၊ အုန်းသီးခြောက်နှင့်အုန်းဆီတို့ကို ထိုင်းနိုင်ငံ၏ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့(WTO)၏ လယ်ယာစိုက်ပျိုးရေးသဘောတူညီချက်နှင့် လွတ်လပ်သောကုန်သွယ်ရေး သဘောတူညီချက်များ(FTAs)အရ ကတိပြုထားသည့်အတိုင်း ဈေးကွက်ဖွင့်လှစ်ခြင်းနှင့် တင်သွင်းခြင်းကို စီမံခန့်ခွဲရန်ဖြစ်သည်။ တင်သွင်းမှုများသည် ပြင်တွင်းဈေးကွက်အပေါ် အခြေခံမည်ဖြစ်ကြောင်း သိရသည်။

မစ္စတာ Jatuporn က အစည်းအဝေး၏ ရည်ရွယ်ချက်မှာ ဆီထွက်သီးနှံနှင့် ဟင်းသီးဟင်းရွက်ဆီ ထုတ်ကုန်များအတွက် ထိရောက်သောစီမံခန့်ခွဲမှုကိုထူထောင်ရန်နှင့် ထိုင်းတောင်သူများ၏အကျိုးစီးပွားကို ဦးစားပေးရန်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

တောင်သူများအတွက် မျှတသောဈေးနှုန်းများရရှိစေရန်နှင့် စက်မှုလုပ်ငန်းများ လိုအပ်သောကုန်ကြမ်း များရရှိစေရန် အစိုးရနှင့်ပုဂ္ဂလိကကဏ္ဍများအကြားပူးပေါင်းဆောင်ရွက်ရန် အရေးကြီးကြောင်း ပြောကြားခဲ့သည်။ Source: Bangkok Post

Source:https://www.doca.gov.mm/my/node/49365

ဘေးအန္တရာယ်နည်းပါးသည့် စားအုန်းဆီထုတ်လုပ်မှုအဆင့်သို့ ရောက်ရှိရန် မလေးရှားကြိုးပမ်း

မလေးရှားနိုင်ငံသည် ရေရှည်တည်တံ့ခိုင်မြဲသော စားအုန်းဆီထုတ်လုပ်ခြင်း (Malaysian Sustainable Palm Oil-MSPO) ထောက်ခံချက်ရယူဆောင်ရွက်ရေးမဖြစ်မနေလိုက်နာရန် သတ်မှတ်ထားသည့်အတွက် စားအုန်းဆီထုတ်လုပ်မှုတွင် ကြိုတင်မမျှော်မှန်းနိုင်သော ဘေးအန္တရာယ်ကျရောက်မှုနည်းပါးသောနိုင်ငံအဖြစ် သတ်မှတ်ရန် လမ်းကြောင်းမှန်ပေါ် ရောက်ရှိနေပြီဖြစ်သည်ဟု စိုက်ခင်းနှင့် ကုန်စည်များရေးရာဝန်ကြီး Mr. Datuk Seri Johari Abdul Ghani က ပြောကြားခဲ့ကြောင်း The Edge Malaysia သတင်းဌာနက စက်တင်ဘာလ ၅ ရက်နေ့တွင် ဖော်ပြထားသည်။

စိုက်ခင်းနှင့်ကုန်စည်များရေးရာဝန်ကြီး Mr. Johari က မလေးရှားအစိုးရအနေဖြင့် ဥရောပသမဂ္ဂ (EU) ၏ ရေရှည်တည်တံ့ခိုင်မြဲရေးအစီအစဉ်အောက်ရှိ အောင်မြင်မှုတစ်ခုအဖြစ် တရားဝင်အသိအမှတ်ပြုရေးအတွက် လက်ရှိတွင်နိုင်ငံတွင်း စားအုန်းဆီထုတ်လုပ်မှုဆိုင်ရာ နောက်ဆုံးရအချက်အလက်များနှင့် ဖြစ်ပေါ်တိုးတက်မှုအခြေအနေကို စုစည်းညှိနှိုင်းလျက်ရှိကြောင်း ပြောကြားခဲ့သည်။

EU ၏ရေရှည်တည်တံ့ခိုင်မြဲရေးအစီအစဉ်အောက်ရှိ လုပ်ငန်းစဉ်များအနက် ဆောင်ရွက်ရသည့် လုပ်ငန်းတစ်ခုမှာ တိကျသေချာသောအချက်အလက်များကို စဉ်ဆက်မပြတ်တင်ပြဆောင်ရွက်ခြင်းဖြစ်ပြီး ယခင်ကစိုက်ခင်းကဏ္ဍကိုစားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့(FAO)သို့ သစ်တောအချက်အလက်များပေးဆောင်ရန် တာဝန်ယူထားသည့်ဝန်ကြီးဌာနမဟုတ်သည့် အခြားဝန်ကြီးဌာနတစ်ခုက ကြီးကြပ်ဆောင်ရွက်ခဲ့သည်။

နိုင်ငံတစ်နိုင်ငံကို ဘေးအန္တရာယ်ကျရောက်မှုအနိမ့်ဆုံးရှိသော သို့မဟုတ် စံချိန်စံညွှန်းနှင့်အညီပုံမှန် အဆင့် ရှိသော သို့မဟုတ် ဘေးအန္တရာယ်ကျရောက်မှု အမြင့်ဆုံးရှိသောနိုင်ငံအဖြစ် အတန်းအစားခွဲခြားသတ်မှတ်ခြင်းမပြုမီ ယင်းသို့ခွဲခြားနိုင်ရေး အသေးစိတ်သတ်မှတ်ထားသော နည်းစနစ်တစ်ခု ပါဝင်သည်။ အရေးကြီးဆုံးအချက်မှာ မလေးရှားအစိုးရအနေဖြင့် ယင်းသို့ အတန်းအစားခွဲခြား သတ်မှတ်ခြင်းရလဒ်ကောင်းရရှိနိုင်ရန် လမ်းကြောင်းမှန်သို့ ရောက်ရှိနေပြီဖြစ်ကြောင်း ဝန်ကြီး Mr. Johari က ပြောကြားခဲ့သည်။

ဝန်ကြီး Mr. Johari က ၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ ၅ ရက်တွင် မလေးရှား၊ Carey ကျွန်းရှိ စားအုန်းဆီထုတ်လုပ်သောလုပ်ငန်းများဖြစ်သည့် Kampung Sungai Judah နှင့် SD Guthrie Palm Oil Excellence Centre သို့ သွားရောက်လည်ပတ်သည့် ဥရောပသမဂ္ဂ(EU)မှ သဘာဝပတ်ဝန်းကျင်၊ ရေအရင်းအမြစ် ခံနိုင်ရည်စွမ်းရှိမှုနှင့် ယှဉ်ပြိုင်နိုင်စွမ်း

အားရှိသော စီးပွားရေးဝန်းကျင်ဆိုင်ရာကော်မရှင်နာ Ms. Jessika Rosswall နှင့်တွေ့ဆုံပြီးနောက် သတင်းထောက်များအား ယင်းသို့ ပြောကြားခဲ့ခြင်းဖြစ်သည်။

ဝန်ကြီး Mr. Johari က နိုင်ငံ၏ ကုန်ပစ္စည်းအတန်းအစားများကို ပြောင်းလဲစေနိုင်မည့် အရေးကြီးလုပ်ငန်းများအနက် တစ်ခုမှာ ၂၀၂၀ ပြည့်နှစ်တွင် မဖြစ်မနေလိုက်နာရန် သတ်မှတ်ထားသည့် ရေရှည်တည်တံ့ ခိုင်မြဲသောစားအုန်းဆီထုတ်လုပ်ခြင်း (Malaysian Sustainable Palm Oil–MSPO) ထောက်ခံချက်ရယူ ဆောင်ရွက်ရေးလုပ်ငန်းဖြစ်ကြောင်း၊ အခြားသော အောင်မြင်မှုများအနက်တစ်ခုမှာ စိုက်ခင်းများမှ ဆီကြိတ်စက်ရုံ၊ ဆီသန့်စင်စက်ရုံများသို့ စားအုန်းဆီသယ်ယူပို့ဆောင်မှုအား စောင့်ကြည့်စစ်ဆေးနိုင်မည့် အမျိုးသားအဆင့် နောက်ကြောင်းပြန်ခြေရာခံစနစ်ကို မိတ်ဆက်ဆောင်ရွက်နိုင်ခဲ့ခြင်းဖြစ်ကြောင်း ပြောကြားခဲ့သည်။

မလေးရှားနိုင်ငံသည် နိုင်ငံတွင်းထုတ်လုပ်သည့် ထုတ်ကုန်တိုင်းအတွက် စာရင်းပြုစုခြင်းဖြင့် ၎င်း၏ ရေရှည်တည်တံ့ ခိုင်မြဲမှုအလေ့အထများ၊ နောက်ကြောင်းပြန်ခြေရာခံစနစ်၏ ထိရောက်မှုတို့ကိုပြသနိုင်မည်ဖြစ်ပြီး နိုင်ငံ၏ထုတ်ကုန်အားလုံးသည် သစ်တောပြုန်းတီးသောမြေများမှ ဆင်းသက်လာခြင်းမရှိကြောင်း၊ ရေရှည်တည်တံ့ခိုင်မြဲမှု အလေ့အထများ၊ နောက်ကြောင်းပြန်ခြေရာခံစနစ်၏ ထိရောက်မှုရှိစေရေး တစ်သမတ်တည်းဖြစ်ရမည်ဖြစ်ကြောင်း၊ ဘေးအန္တရာယ်ကျရောက်မှုနည်းသောအတန်းအစားတွင်ပါဝင်ရေး အောင်မြင်မှုရရှိနိုင်မည်ဟုယုံကြည်ကြောင်း ၎င်းကဆိုသည်။ လက်ရှိတွင် မလေးရှားနိုင်ငံကို ဥရောပသမဂ္ဂ သစ်တောပြုန်းတီးမှုစည်းမျဉ်း(EUDR)အရ စံချိန်စံညွှန်းနှင့်အညီဖြစ်သော(ပုံမှန်အဆင့်) နိုင်ငံအဖြစ် သတ်မှတ်ထားသည်။

EUDR စည်းမျဉ်းအရ ဥရောပသမဂ္ဂ (EU)သို့ ကိုကိုး၊ ကော်ဖီ၊ စားအုန်းဆီ၊ ပဲပုပ်၊ နွား၊ ရော်ဘာနှင့် သစ် တင်ပို့သည့် လုပ်ငန်းရှင်များသည် ၎င်းတို့၏ ပို့ကုန်များသည် သစ်တောပြုန်းတီးမှုကင်းစင်ပြီး တရားဝင်ခွင့်ပြုသောအရင်းအမြစ်ဖြစ်ကြောင်း သေချာမှုရှိစေရန် လိုအပ်သည်။

ခရီးစဉ်အတွင်း Ms. Rosswall သည် မလေးရှား၏ Palm Oil Experience Center Sustainability Gallery သို့ သွားရောက်လေ့လာခဲ့ပြီး စားအုန်းဆီထုတ်လုပ်မှုကွင်းဆက်တစ်လျှောက် ပွင့်လင်းမြင်သာမှုခိုင်မာအားကောင်းစေရန်မလေးရှား၏အမျိုးသားအဆင့် နောက်ကြောင်းပြန်ခြေရာခံစနစ်၊ သစ်တောကဏ္ဍအပေါ် အုပ်ချုပ်မှုစနစ်တို့ကို အကျဉ်းချုပ်ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

ထို့ပြင် အစောပိုင်းကာလတွင် Ms. Rosswall သည် မလေးရှား၏ Kampung Sungai Judah ဒေသသို့ ရောက်ရှိခဲ့စဉ်က ပြန်လည်ရှင်သန်စိုက်ပျိုးခြင်း၊ ကောင်းမွန်သောစိုက်ပျိုးရေးဆိုင်ရာအလေ့အကျင့်များ၊ ရေရှည်တည်တံ့ခိုင်မြဲသော ရိတ်သိမ်းခြင်းနည်းလမ်းများနှင့် စားအုန်းဆီနှင့် ဆက်စပ်စီးပွားရေးလုပ်ငန်းများမှတစ်ဆင့် ဒေသခံတိုင်းရင်းသား ပြည်သူများအား စွမ်းဆောင်ရည်မြှင့်တင်ပေးခြင်းအချက်အလက်များကို ရှင်းလင်းတင်ပြ ခဲ့ကြောင်း သိရသည်။

Source: The Edge Malaysia, 5 September 2025(လယ်ယာထွက်ကုန်များနှင့် အဓိကသွင်းကုန်များ၏ နိုင်ငံတကာ စျေးကွက်စောင့်ကြည့်လေ့လာရေးအဖွဲ့)

Source: https://www.doca.gov.mm/my/node/50437

စားအုန်းဆီစျေးနှုန်းများ တိုးမြင့်လာချိန်တွင် မလေးရှားနိုင်ငံ၏ စားအုန်းဆီထုတ်လုပ်သူ FGV မှ အမြတ်အစွန်း များပိုမိုရရှိနေ

ကမ္ဘာ့အကြီးဆုံး စားအုန်းဆီထုတ်လုပ်သူတစ်ခုဖြစ်တဲ့ မလေးရှားရဲ့ FGV Holdings သည် တိုးတက်လာသော စားအုန်းဆီစျေးနှုန်းများနှင့်အညီ ၂၀၂၅ ခုနှစ် ဒုတိယသုံးလပတ်တွင် အမြတ်ငွေပိုမိုရရှိခဲ့သည်။ ဒုတိယသုံးလပတ်အတွက် ၎င်း၏အသားတင်အမြတ်ငွေသည် ရင်းဂစ် ၁၃၆ ဒသမ ၈၈ သန်း (အမေရိကန်ဒေါ်လာ ၃၂ ဒသမ ၃၃)သို့ တစ်နှစ်ထက်တစ်နှစ် ၅၈ ဒသမ ၄၆ ရာခိုင်နှုန်း ခုန်တက်သွားကြောင်း ကုမ္ပဏီ၏ ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။ ၎င်း၏ သုံးလပတ်အတွက် ဝင်ငွေသည်လည်း တစ်နှစ်ထက်တစ်နှစ် ရင်းဂစ် ၅ ဒသမ ၇၉ ဘီလီယံအထိ ၄ ဒသမ ၉၆ ရာခိုင်နှုန်း တိုးတက်ခဲ့သည်။ ယခင်နှစ် အလားတူသုံးလပတ်၏ တစ်တန်လျှင် ၄,၁၀၃ ရင်းဂစ်နှင့် နှိုင်းယှဉ်ပါက ပျမ်းမျှစားအုန်းဆီကြမ်း (CPO) စျေးနှုန်းသည် တစ်တန်လျှင် ၄,၂၁၈ ရင်းဂစ်ဖြင့် ပံ့ပိုးပေးခဲ့သည်။ ပထမနှစ်ဝက်တွင် ကုမ္ပဏီ၏ အသားတင်အမြတ်ငွေသည် ရင်းဂစ် ၁၇၃

ဒသမ ၃၆ သန်းရှိပြီး တစ်နှစ်ထက်တစ်နှစ် နှစ်ဆကျော် မြင့်တက်လာခဲ့သည်။ ယင်းကာလအတွက် ၎င်း၏ဝင်ငွေသည်လည်း ရင်းဂစ် ၁၀ ဒသမ ၈၃ ဘီလီယံအထိ တိုးလာခဲ့သည်။

ရှေ့ဆက်၍ ခိုင်မာသောရာသီဥတုနှင့် ရာသီအလိုက်မြင့်မားသော သီးနှံစိုက်ပျိုးမှုနှင့် ပိုမိုကောင်းမွန်သော ထုတ်လုပ်မှုတို့ကြောင့် စားအုန်းဆီကြမ်းဈေးနှုန်း တည်ငြိမ်နေမည်ဟု ကုမ္ပဏီမှမျှော်လင့်ထားသည်။ အခြားစားသုံးဆီများနှင့် နှိုင်းယှဉ်ပါက စားအုန်းဆီကြမ်း၏ အပြိုင်အဆိုင်ဈေးနှုန်းကြောင့် ပို့ကုန်ဝယ်လိုအားသည် တည်ငြိမ်နေမည်ဟုမျှော်လင့်ကြောင်း ၎င်းက မှတ်ချက်ပြုခဲ့သည်။ ပထဝီဝင်နိုင်ငံရေးတင်းမာမှုများ၊ ကုန်သွယ်မှုအခွန်အခများနှင့် မူဝါဒအပြောင်းအလဲများမှ မတည်မငြိမ်ဖြစ်မည့် အလားအလာများလည်း ဆက်လက်တည်ရှိ နေမည်ဖြစ်ကြောင်း ကုမ္ပဏီက ပြောကြားခဲ့ကြောင်း သိရသည်။

Source: https://www.doca.gov.mm/my/node/50598

အင်ဒိုနီးရှားနိုင်ငံသည် အိန္ဒိယနိုင်ငံမှ မြေပဲတင်သွင်းမှုကို မှိုဆိပ်ပါဝင်မှု (Aflatoxin contamination) တွေ့ရှိရ ခြင်းကြောင့် ဆိုင်းငံ့ထား

အင်ဒိုနီးရှားနိုင်ငံသည် အိန္ဒိယနိုင်ငံမှ မြေပဲတင်သွင်းမှုကို မှိုဆိပ်ပါဝင်မှု (Aflatoxin contamination) တွေ့ရှိရခြင်းကြောင့် ဆိုင်းငံ့ထားဆဲဖြစ်ရာ တင်ပို့ကုန်များသည် အချိန်သုံးပတ်မြောက်ကြာသည်အထိ ပိတ်မိနေဆဲဖြစ်ကြောင်းသိရသည်။ အိန္ဒိယစိုက်ပျိုးရေးနှင့် ပြုပြင်ပြီးစားသောက် ကုန်များတင်ပို့မှုဖွံ့ဖြိုးရေးအာဏာပိုင်အဖွဲ့(APEDA)ကအင်ဒိုနီးရှားအပင် ပိုးမွှားရောဂါထိန်းသိမ်းရေးအာဏာပိုင်အဖွဲ့(IQA)နှင့် ဆက်သွယ်ခဲ့သော်လည်း အဆိုပါပိတ်ပင်မှုကို ရုပ်သိမ်းခြင်းနှင့်ပတ်သက်၍ အကြောင်းပြန်ကြားခြင်းမရှိသေးကြောင်း၊ အဆိုပါဆိုင်းငံ့မှုသည် စက်တင်ဘာလ ၃ ရက်နေ့မှစတင်၍ အသက်ဝင်ခဲ့ခြင်းဖြစ်ပြီး အိန္ဒိယတင်ပို့ကုန်များတွင်မှိုဆိပ်ပါဝင်မှု(Aflatoxin contamination)တွေ့ရှိရခြင်းကြောင့်ဖြစ်ကာ အင်ဒိုနီးရှားနိုင်ငံက အိန္ဒိယနိုင်ငံသို့ ပြီးခဲ့သည့် သြဂုတ်လ ၂၇ ရက်နေ့တွင် အကြောင်းကြားခဲ့ပြီးဖြစ်ကြောင်း The Hindu Businessline သတင်းဌာနက ယခုလ ၂၀ ရက်က ဖော်ပြထားသည်။

အိန္ဒိယတင်ပို့သူများအနေဖြင့် အဓိကကိစ္စရပ်နှစ်ခုကိုထောက်ပြခဲ့ကြသည်။ ပထမအချက်မှာ IQA က ကုန်ပစ္စည်းများတွင်မှိုဆိပ်ပါဝင်မှုတွေ့ရှိခဲ့သည်ဟုဆိပ်ကမ်းသို့ရောက်ရှိပြီးအချိန်သုံးလအကြာတွင်ဆိုခြင်းဖြစ်ရာဌင်းကာလအတွင်း သိုလှောင်မှုနှင့် ကိုင်တွယ်ထိန်းသိမ်းမှုအခြေအနေများအပေါ် သံသယဖြစ်ပေါ်စေကြောင်း၊ ဒုတိယအချက်မှာ အင်ဒိုနီးရှားနိုင်ငံ၏ စမ်းသပ်စစ်ဆေးမှုလုပ်ငန်းစဉ်အရ ကုန်ပစ္စည်းတစ်ခုလျှင် ၁ ကီလိုဂရမ်နမူနာရယူခြင်းသည် APEDA ၏စံနှုန်းဖြစ်သော ၂၀ ကီလိုဂရမ်နမူနာရယူမှုနှင့် ကွဲပြားနေခြင်းဖြစ်ကြောင်း၊ ၎င်းသည် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့(WTO)စံနှုန်းများနှင့်မကိုက်ညီဟု အိန္ဒိယတင်ပို့သူများက ငြင်းခုံခဲ့ကြကြောင်းသိရသည်။ APEDA က အဆိုပါကိစ္စရပ်များနှင့်ပတ်သက်၍ မီဒီယာ၏မေးမြန်းမှုများကို ပြန်လည်ဖြေကြားခြင်း မရှိသေးကြောင်း သိရသည်။

အင်ဒိုနီးရှားနိုင်ငံသည် အိန္ဒိယနိုင်ငံ၏ မြေပဲတင်ပို့မှုသုံးပုံတစ်ပုံခန့်ကိုရရှိထားသည့် အရေးပါသော ဈေးကွက်တစ်ခုဖြစ်သည်။ ၂၀၂၄ ဘဏ္ဍာနှစ်တွင် အိန္ဒိယနိုင်ငံသည် အမေရိကန်ဒေါ်လာ ၇၉၅ သန်းတန်ဖိုးရှိ မြေပဲတန်ချိန် ၇ ဒသမ ၄၆ သိန်းကို တင်ပို့ခဲ့ပြီး အင်ဒိုနီးရှားနိုင်ငံက အမေရိကန်ဒေါ်လာ ၂၈၀ သန်း တန်ဖိုးရှိ မြေပဲတန်ချိန် ၂ ဒသမ ၇၇ သိန်းကို လက်ခံတင်သွင်းခဲ့ကြောင်း သိရသည်။

၂၀၂၅ ခုနှစ် ခါရစ်(မိုးရာသီ)မြေပဲသီးနှံရိတ်သိမ်းချိန် နီးကပ်လာသည်နှင့်အမျှ အိန္ဒိယစိုက်ပျိုးရေးနှင့် ပြုပြင်ပြီးစားသောက်ကုန်များတင်ပို့မှု ဖွံ့ဖြိုးရေးအာဏာပိုင်အဖွဲ့(APEDA)နှင့် အိန္ဒိယကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနတို့အား အဆိုပါပဋိပက္ခကိုဖြေရှင်းရန် တိုက်တွန်းထားပြီး ကုန်သည်များက ယင်းသို့ဆိုင်းငံ့မှုဆက်လက်ရှိနေပါက တောင်သူလယ်သမားများနှင့် တင်ပို့သူများကိုထိခိုက်နိုင်မှုကို သတိပေးခဲ့ကြောင်းသိရသည်။ အိန္ဒိယနိုင်ငံတွင် လက်ရှိမြေပဲဈေးနှုန်းသည် ၁ ကွင်တယ် (၁၀၀ ကီလို ဂရမ်)လျှင် ရူပီး ၅,၆၈၂ သို့ကျဆင်းသွားခဲ့ရာ ဗဟိုအစိုးရ၏ ၂၀၂၆ ခုနှစ် ဇွန်လတွင်ကုန်ဆုံးမည့် ရောင်းဝယ်ရေးနှစ်အတွက်သတ်မှတ်ထားသော ကြမ်းခင်းဈေး(MSP)ဖြစ်သည့် ၁ ကွင်တယ်(၁၀၀ ကီလိုဂရမ်)လျှင် ရူပီး ၇,၂၆၃ အောက်သို့ရောက်ရှိနေကြောင်းနှင့် Gujarat ပြည်နယ်တစ်ခုတည်းကပင် တန်ချိန် ၆၆ သိန်း စံချိန်တင်ထုတ်လုပ်နိုင်မည်ဟု ခန့်မှန်းထားကြောင်း သိရသည်။

အင်ဒိုနီးရှားနိုင်ငံက မြေပဲနှင့်ဂျုံတို့တွင် မှိုဆိပ်ပါဝင်မှု(Aflatoxin contamination)နှင့်စပ်လျဉ်း၍ ထပ်တလဲလဲဖြစ်ပေါ်နေသည့်ပြဿနာများကို ထောက်ပြခဲ့ပြီးနောက် တင်ပို့ကုန်များအတွက်တင်းကျပ်သော ဓာတ်ခွဲခန်းစမ်းသပ်မှုနှင့် နမူနာယူမှု

လုပ်ငန်းစဉ်များလိုအပ်ကြောင်း အိန္ဒိယစိုက်ပျိုးရေးနှင့် ပြုပြင်ပြီးစားသောက်ကုန်များတင်ပို့မှု ဖွံ့ဖြိုးရေးအာဏာပိုင်အဖွဲ့ (APEDA)၏ မကြာသေးမီက ထုတ်ပြန်ထားသည့် အကြံပြုချက်များနောက်ပိုင်းတွင် လက်ရှိဖြစ်ပွားနေသော အငြင်းပွားမှုသည် ဖြစ်ပေါ်လာခြင်းဖြစ်ကြောင်း သိရသည်။ ၂၀၂၂ ခုနှစ်တွင်လည်း မှိုဆိပ်ပါဝင်မှုမြင့်မားခြင်းနှင့် ဓာတ်ခွဲခန်းမှတ်ပုံတင်ခြင်းဆိုင်ရာ ပြဿနာများကြောင့် အလားတူဆိုင်းငံ့မှုတစ်ခုဖြစ်ပွားခဲ့ဖူးကြောင်း သိရသည်။

မှိုဆိပ်(Aflatoxins)များသည် ပူနွေးစိုစွတ်သောအခြေအနေများတွင် Aspergillus မှိုများမှ ထုတ်လုပ်သော ဓာတ်ပစ္စည်းများဖြစ်ပြီး သီးနှံနှင့် ဆီထွက်သီးနှံများတွင် ညစ်ညမ်းမှုဖြစ်စေကာ ကင်ဆာဖြစ်စေနိုင်သောဂုဏ်သတ္တိ (carcinogenicity) အပါအဝင်သိသာထင်ရှားသော ကျန်းမာရေးအန္တရာယ်များကိုဖြစ်စေကြောင်း တွေ့ရသည်။ Aflatoxin B1 ကို ပြင်းထန်သော အသည်းကင်ဆာဖြစ်စေနိုင်သည့်အရာ(liver carcinogen)အဖြစ် လူသိများကြောင်း သိရသည်။

Source: The Hindu Businessline, Indian exporters dispute Indonesia's suspension of peanut imports 3 months after shipments landed at its ports, September 20, 2025., (ကောင်းထွဋ်အောင်၊ စီးပွားရေးသံမှူး၊ ကော်လ်ကတ္တားမြို့)

Source: https://myantrade.gov.mm/article/STP(Ygn)_24092025_13:36

ဗီယက်နမ်၏သကြားထုတ်လုပ်မှုဒေသတွင်းထိပ်တန်းအဆင့်တွင် ဆက်လက်ရပ်တည်

၂၀၂၄-၂၀၂၅ ကောက်ရိတ်သိမ်းရာသီတွင် ဗီယက်နမ်သည် သကြားအထွက်နှုန်း တစ်ဟက်တာလျှင် ၆ ဒသမ ၆၉ တန်ဖြင့် ဒေသတွင်းဦးဆောင်သူအဖြစ်ဆက်လက်ရပ်တည်နေကာ ထိုင်း၊ အင်ဒိုနီးရှားနှင့် ဖိလစ်ပိုင် အစရှိသည့် အဓိကထုတ်လုပ်သူများအား ကျော်ဖြတ်နိုင်ကြောင်း သိရသည်။

ဗီယက်နမ်နိုင်ငံ ဟန္ဒိုင်းတွင် စက်တင်ဘာလ ၅ ရက်နေ့ကျင်းပပြုလုပ်ခဲ့သည့် ၂၀၂၄-၂၀၂၅ ရာသီသီးနှံ စိုက်ပျိုးမှုပြန်လည်ဆန်းစစ်ခြင်းနှင့် ၂၀၂၅-၂၀၂၆ ရာသီအတွက် အစီအစဉ်များဆွေးနွေးခြင်း ကွန်ဖရင့်တွင် ဗီယက်နမ်ကြံနှင့်သကြားအသင်း (VSSA) ဥက္ကဋ္ဌ Nguyen Van Loc က ဗီယက်နမ်၏ သကြားစက်များသည် ဇွန်လတွင် ကြိတ်ခွဲမှုပြီးမြောက်ခဲ့ပြီးဖြစ်ပြီး သကြားတန်ချိန် ၁ ဒသမ ၂၆ သန်းကျော်ထုတ်လုပ်နိုင်ကာ ၂၀၂၃-၂၀၂၄ ရာသီနှင့်နှိုင်းယှဉ်ပါက ၁၄ ဒသမ ၂ ရာခိုင်နှုန်း မြင့်တက်ခဲ့ကြောင်း ပြောကြားခဲ့သည်။ လည်ပတ်နေသည့်သကြားစက်များထံမှ အသင်းကစုဆောင်းထားသည့် အချက်အလက်များအရ ၂၀၂၄-၂၀၂၅ ရာသီတွင် စုစုပေါင်းကြံစိုက်ပျိုးခဲ့သည့် ဧရိယာမှာ ၁၈၉၃၆၀ ဟက်တာအထိရောက်ရှိခဲ့ပြီး အထွက်နှုန်းမှာ တန်ချိန် ၁၂ ဒသမ ၄၂၉ သန်းနီးပါးထိ ရောက်ရှိ ခဲ့ကြောင်းသိရသည်။

နောက်ဆုံးအထွက်နှုန်းအရ စိုက်ပျိုးမှုနည်းစနစ်များတိုးမြှင့်ခြင်းဆီသို့ ဆက်လက်အသွင်ကူးပြောင်းနေခြင်းနှင့် မြင့်မားသောအထွက်နှုန်းနှင့် ပိုမိုကောင်းမွန်သောအရည်အသွေးအပေါ် အဓိကထားနေသည်ကိုပြသနေကြောင်း သိရသည်။ ပျမ်းမျှကြံဧကြေးနှုန်းတစ်တန်လျှင် ဗီယက်နမ်ဒေါင် ၁ ဒသမ ၂ - ၁ ဒသမ ၃ သန်းနှင့်အတူ လုပ်ငန်းနယ်ပယ်သည် ကြံစိုက်ပျိုးသည့် အိမ်ထောင်စုပေါင်း ၂၂၅၀၀၀ ကျော်၏ လူမှုဘဝတိုးတက်ရေးကို ပံ့ပိုးပေးနိုင်ခဲ့ကြောင်းသိရသည်။ ထိုအချက်သည် စိုက်ပျိုးသည့် ဧရိယာတိုးချဲ့ရန်နှင့် လွန်ခဲ့သည့် ၅ ရာသီဆက်တိုက် ကြံနှင့်သကြားအထွက်နှုန်းစဉ်ဆက်မပြတ်မြင့်တက်ရန် ကူညီပေးနိုင်ခဲ့ကြောင်း သိရသည်။ ၂၀၂၅-၂၀၂၆ ရာသီအတွက် အသင်းသည် စုစုပေါင်း တစ်ရက်လျှင်ကြံ ၁၂၄,၀၀၀ တန်ကြိတ်ခွဲ နိုင်စွမ်းရှိသည့် သကြားစက် ၂၅ ခု ဆက်လက်လည်ပတ်ရန် မျှော်မှန်းထားကြောင်း သိရသည်။ အထွက်နှုန်းမှာ ကြံတန်ချိန် ၁၃ ဒသမ ၃၄ သန်း မှ သကြားတန်ချိန် ၁ ဒသမ ၃၇ သန်းထွက်ရှိကာ ၂၀၂၄-၂၀၂၅ ရာသီထက် ၈ ဒသမ ၂၄ ရာခိုင်နှုန်း မြင့်တက်ရန် မျှော်မှန်းရကြောင်း သိရသည်။

Source: https://www.doca.gov.mm/my/node/51753

ဗီယက်နမ်နိုင်ငံတွင်းအုန်းသီးပြတ်လပ်မှုဖြစ်ပေါ်စေသည့်အတွက် ပြည်ပမှအုန်းသီးတင်သွင်းမှု အရှိန်အဟုန်မြင့်တက်

ဗီယက်နမ်နိုင်ငံ၏ အုန်းသီးတင်သွင်းမှုသည် ယခုနှစ် ပထမ ၇ လအတွင်း ၁၉ ဆနီးပါးရှိခဲ့ပြီး အမေရိကန် ဒေါ်လာ ၃၁ ဒသမ ၂ သန်းအထိခုန်တက်သွားကြောင်း ဗီယက်နမ်သစ်သီးဝလံနှင့် ဟင်းသီးဟင်းရွက်အသင်း၏ အဆိုအရ သိရသည်။

ဗီယက်နမ်သစ်သီးဝလံနှင့်ဟင်းသီးဟင်းရွက်များအသင်း(Vinafruit)၏ အထွေထွေအတွင်းရေးမှူးဖြစ်သူ Dang Phuc Nguyen က အုန်းသီးတင်သွင်းမှု သိသိသာသာမြင့်တက်လာခြင်းမှာ ပြည်ပသို့ တင်ပို့မှုမြင့်တက် လာခြင်းကြောင့်ဖြစ်ကြောင်း ပြောကြားခဲ့သည်။ အုန်းသီးများကိုပိုမိုတင်ပို့နိုင်ခြင်းကြောင့် ပြည်တွင်းစားသုံးရန် လက်ကျန်နည်းပါးသွားစေကြောင်း ဖော်ပြထားသည်။

တရုတ်၊ အမေရိကန်နှင့် အရှေ့အလယ်ပိုင်းကဲ့သို့သော ဈေးကွက်များသည် ဗီယက်နမ်မှ ဝယ်ယူသူများ အရှိန်မြှင့်လျက်ရှိပြီး ပြည်တွင်းစားသုံးမှုအတွက် ပြတ်တောက်မှု (သို့မဟုတ်) မြင့်မားသောဈေးနှုန်းများ ဖြစ်ပေါ်စေလျက်ရှိသည်။ ၂၀၂၃ ခုနှစ်တွင် အမေရိကန်သည် လတ်ဆတ်သောအုန်းများကို ၎င်းဈေးကွက်အတွင်း ရောင်းချရန် တရားဝင်ခွင့်ပြုခဲ့သည်။ ထို့နောက် တရုတ်သည် ဗီယက်နမ် လတ်ဆတ်သောအုန်းများကို ၂၀၂၄ ခုနှစ် ဩဂုတ်လတွင် ဈေးကွက်ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။

ပထမ ၇ လအတွင်း အုန်းသီးတင်ပို့မှုမှာ အမေရိကန်ဒေါ်လာ ၃၀၆ ဒသမ ၂ သန်းအထိရှိပြီး ပြုပြင်ပြီး အုန်းသီးတင်ပို့မှု ၅၇ ရာခိုင်နှုန်းတိုးလာကြောင်း၊ လတ်ဆတ်သောအုန်းသီးတင်ပို့မှု ၁၅ ရာခိုင်နှုန်း မြင့်တက်လာ ကြောင်း ဖော်ပြထားသည်။ အဆိုပါလိုအပ်ချက်များနှင့် ကိုက်ညီစေရန်အတွက် ပြုပြင်ထုတ်လုပ်သည့် ကုမ္ပဏီအများအပြားသည် အင်ဒိုနီးရှားနှင့် ပါပူဝါနယူးဂီနီတို့မှ အုန်းသီးများကို တင်သွင်းလျက်ရှိကြောင်း ဖော်ပြထား သည်။

သို့သော် ဗီယက်နမ်သည် ပါပူဝါနယူးဂီနီနှင့် အုန်းကုန်သွယ်မှုဆိုင်ရာ တရားဝင်သဘောတူညီချက်ကို လက်မှတ်မထိုးရသေးသောကြောင့် ထိုနိုင်ငံမှ တင်သွင်းမှုမှာ အကန့်အသတ်ရှိနေဆဲဖြစ်ကြောင်းသိရသည်။ ဗီယက်နမ်အုန်းသီးအသင်းအဆိုအရ ယခုနှစ်ပထမနှစ်ဝက်တွင် ရောင်းလိုအား ပြတ်လပ်မှုကြောင့် အုန်းခြံမှဈေးသည် ၁ လုံးလျှင် ဗီယက်နမ်ဒေါင် ၁၉,၀၀၀ သို့ စံချိန်တင်မြင့်တက်ခဲ့ကြောင်း ရေးသားဖော်ပြထားသည်။

ဆိုလိုသည်မှာ ပရီမီယံသစ်သီးဝလံများ၏ လက်လီဈေးသည် ၁ လုံးလျှင် ဗီယက်နမ်ဒေါင် ၂၅,၀၀၀ ခန့် အထိရောက်ရှိခဲ့ပြီး လွန်ခဲ့သည့်လေးနှစ်ကထက် ခြောက်ဆကျော်မြင့်တက်လာကာ စိုက်ပျိုးရေးကဏ္ဍတွင် ပုံမှန် မဟုတ်သောမြင့်တက်မှုတစ်ခုဖြစ်ကြောင်း၊ ထို့သို့ဈေးနှုန်းကြီးမြင့်မှုကြောင့် စိုက်ပျိုးမှုတိုးချဲ့မှုကို တွန်းအားပေးခဲ့ကြောင်း ဖော်ပြထားသည်။

ယခုအခါ ဗီယက်နမ်နိုင်ငံသည် အုန်းသီးစိုက်ပျိုးဧရိယာ ဟက်တာ ၂၀၀,၀၀၀ ကျော်ရှိပြီး နှစ်စဉ် အသီး တန်ချိန် ၂ သန်းခန့်ထွက်ရှိကြောင်း ဖော်ပြထားသည်။

Source: VN Express International ,(ဝင့်နန္ဒာကျော်ကျော်၊ စီးပွားရေးသံမှူး၊ ဟန္ဒိုင်းမြို့)

Source: https://myantrade.gov.mm/article/STP(Ygn)_19092025_15:42

တရုတ်နိုင်ငံတောင်ပိုင်း ကွမ်ရီးဒေသရှိ ချင်းကျိုးဆိပ်ကမ်းသည် အာဆီယံနိုင်ငံများမှ သစ်သီး တင်သွင်းမှုအတွက် အဓိကအချက်အချာဖြစ်လာ

တရုတ်နိုင်ငံတောင်ပိုင်း၊ ကွမ်ရီးကျွမ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသရှိ ချင်းကျိုးဆိပ်ကမ်းမှတစ်ဆင့် ဒူးရင်းသီးတင်သွင်းမှုသည် ယခုနှစ်တွင် ၅၀ ရာခိုင်နှုန်းတိုးတက်လာခဲ့ပြီး တရုတ်စားသုံးသူများအကြား အရှေ့တောင်အာရှသစ်သီးများ စားသုံးမှုမြင့်တက်လာကြောင်း၊ ထိုင်းနှင့် အခြားဒေသတွင်း စိုက်ပျိုးထုတ်လုပ်သူများထံမှ ဒူးရင်းသီးဝယ်လိုအား သိသိသာသာမြင့်တက်သွားသည်ကို မြင်တွေ့ရကြောင်း အာဆီယံနိုင်ငံများမှသစ်သီးတင်သွင်းမှုကို အဓိကထားဆောင်ရွက်သည့် Guangxi Huanyu International Logistics ကုမ္ပဏီ၏အကြီးအကဲ Ning Yan မှ ပြောကြားခဲ့သည်ဟု သိရသည်။

ထိုင်းနိုင်ငံ၏ထိပ်တန်းဒူးရင်းသီးထုတ်လုပ်တင်ပို့ရောင်းချသည့် လုပ်ငန်းတစ်ခုသည် ယခုနှစ်အတွင်း တရုတ်သို့ ယွမ်သန်း ၂၀ (အမေရိကန်ဒေါ်လာ ၂ ဒသမ ၈ သန်း)တန်ဖိုးရှိ ပရီမီယံမွန်ထောင်းဒူးရင်းသီးများကို ချင်းကျိုးဆိပ်ကမ်းမှတစ်ဆင့် တရုတ်နိုင်ငံသို့ တင်ပို့ခဲ့ပြီး အများစုသည် ယန်ဇီမြစ်ဝကျွန်းပေါ်နှင့်ပုလဲမြစ်ဝကျွန်းပေါ်ဒေသများသို့ ဆက်လက်ပို့ဆောင်ခြင်းဖြစ်ကြောင်း သိရသည်။

ကုမ္ပဏီသည် လတ်ဆတ်မှုနှင့် အရည်အသွေးကို ထိန်းသိမ်းရန် ၎င်း၏ထောက်ပံ့ပို့ဆောင်ရေးလုပ်ငန်းဆောင်ရွက်မှုအဆင့်တိုင်းကို စောင့်ကြည့်လျက်ရှိပြီး ချင်းကျိုးဆိပ်ကမ်းမှ ပို့ဆောင်ခြင်းသည် ၎င်းတို့၏ဦးစားပေးရွေးချယ်မှုဖြစ်သည်ဟု ၎င်း ကုမ္ပဏီ၏ အမှုဆောင်အရာရှိက ပြောကြားခဲ့ကြောင်း သိရသည်။

ချင်းကျိုးဆိပ်ကမ်းသည် အာဆီယံနိုင်ငံများကို ဈေးကွက်ဖွင့်လှစ်ခြင်းအတွက် ကွမ်ရီးဒေသ၏ အဓိကတံခါးပေါက်ဖြစ်ပြီး New International Land-Sea Trade Corridor ၏ဗဟိုချက်ဖြစ်ကြောင်း၊ လွန်ခဲ့သောဆယ်နှစ်ခန့်က ပင်လယ်စာတင်ပို့သည့်လုပ်ငန်းကို စတင်လုပ်ကိုင်ခဲ့သော Huanyu Logistics သည် ကွမ်ရီးဒေသ၏ ပင်လယ်စာများကို ကမ္ဘာတစ်ဝန်းတွင် ရောင်းချရန် ချင်းကျိုးဆိပ်ကမ်း၌ အဖွဲ့တစ်ဖွဲ့ထူထောင်ခဲ့ကြောင်း သိရသည်။

ထိုအချိန်တွင် ဆိပ်ကမ်းသည် နှစ်စဉ်ကုန်စည်တန်ချိန်သန်း ၁၀၀ အောက်ကိုသာ သယ်ယူပို့ဆောင်ပေးခဲ့သော်လည်း တိုးတက်မည့်အလားအလာများရှိခဲ့ကြောင်း၊ ၂၀၁၇ ခုနှစ်တွင် ချင်းကျိုးဆိပ်ကမ်းကို သစ်သီးတင်သွင်းမှုအတွက် တရားဝင်

ဝင်ပေါက်အဖြစ်သတ်မှတ်ခဲ့ပြီး အမြန်လမ်းကြောင်းကို စတင်ပြေးဆွဲရန်စီစဉ်ခဲ့ကြောင်း၊ Huanyu Logistics ၏ အတွေ့အကြုံ နှင့်ကျွမ်းကျင်မှုကို အသိအမှတ်ပြုကာ အာဆီယံသစ်သီးဝလံတင်သွင်းမှုအတွက် ဝန်ဆောင်မှုများတိုးချဲ့ရာတွင် အကူအညီ ဆောင်ရွက်ပေးရန် ဆိပ်ကမ်းတာဝန်ရှိသူများက ကုမ္ပဏီကို တာဝန်ပေးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ပင်လယ်စာတင်ပို့သည့်လုပ်ငန်းမှ လတ်ဆတ်သောသစ်သီးထွက်ကုန်များတင်သွင်းသည့် လုပ်ငန်းသို့ကူးပြောင်းခြင်း သည် ကုမ္ပဏီအနေဖြင့် တရုတ်နိုင်ငံ၏ လျင်မြန်စွာပြောင်းလဲနေသော စားသုံးသူစျေးကွက်အပေါ် ယုံကြည်မှုကြောင့်ဖြစ် ကြောင်း Ning မှ ပြောကြားခဲ့သည်ဟု သိရသည်။

၂၀၂၄ ခုနှစ်တွင် ကွမ်ရှီးဒေသသည် အာဆီယံနိုင်ငံများမှ ယွမ် ၃၄ ဒသမ ၈၉ ဘီလီယံတန်ဖိုးရှိ သစ်သီးဝလံတန်ချိန် ၂ ဒသမ ၄၈၈ သန်းကိုတင်သွင်းခဲ့ပြီး တရုတ်နိုင်ငံ၏ စုစုပေါင်းသစ်သီးတင်သွင်းမှု၏ သုံးပုံတစ်ပုံကျော်ရှိကြောင်း၊ ယခင်က သစ်သီး တင်သွင်းမှုအတွက် အဓိကဆိပ်ကမ်းမဟုတ်ခဲ့သော်လည်း နှစ်ပေါင်းအတန်ကြာပြီးနောက် ချင်းကျိုးဆိပ်ကမ်းသည် အာဆီယံ နိုင်ငံများမှ သစ်သီးဝလံများအတွက် အဓိကပင်လယ်ရေကြောင်း ဝင်ပေါက်တစ်ခုဖြစ်လာခဲ့ကြောင်း သိရသည်။

၂၀၂၄ ခုနှစ်တွင် ချင်းကျိုးဆိပ်ကမ်းသည် သွင်းကုန်နှင့်ပို့ကုန်အမျိုးအစားသစ် ၂၃၉ ခုကို ထပ်မံဆောင်ရွက်ပေးခဲ့ ကြောင်း၊ ၎င်း၏ ကုန်တင်ကုန်ချတန်ချိန်သည် သန်း ၂၀၀ ကျော်ရှိပြီး ပင်လယ်ရေကြောင်း-ရထားလမ်းဘက်စုံ ပို့ဆောင်ရေး ရထားများသည် နိုင်ငံတကာကုန်းမြေ-ပင်လယ်ရေကြောင်းကုန်သွယ်ရေးစင်္ကြံန် (New International Land-Sea Trade Corridor)တစ်လျှောက် ခရီးစဉ် ၁၀,၀၀၀ ကျော်ပြေးဆွဲခဲ့ပြီး၊ ချင်းကျိုးဆိပ်ကမ်းမှတစ်ဆင့် ကုန်သွယ်ရေးစင်္ကြံန်တစ်လျှောက်ရှိ ပြည်နယ်နှင့် မြို့ကြီးများသို့ ပို့ဆောင်သည့်ကုန်ပစ္စည်းစုစုပေါင်းတန်ဖိုးသည် ယခင်နှစ်ကထက် ၃၁ ဒသမ ၃ ရာခိုင်နှုန်း တိုးလာ ခဲ့ကြောင်း သိရသည်။ Source: https://en.people.cn/n3/2025/0903/c98649-20361695.html ,

(ကေခိုင်ကျော်၊ စီးပွားရေးသံမှူး၊ နန်နင်းမြို့)

Source: https://myantrade.gov.mm/article/STP(Ygn)_19092025_14:49

ဂျပန်စျေးကွက်အတွင်း ဗီယက်နမ်ကော်ဖီစျေးနှုန်းများ သိသိသာသာမြင့်တက်

၂၀၂၅ ခုနှစ် ပထမ ၆ လအတွင်း ဂျပန်နိုင်ငံ၏ အဓိကတင်သွင်းသည့် စျေးကွက်များမှ ကော်ဖီ တင်သွင်းသည့် ပျမ်းမျှစျေးနှုန်းများမြင့်တက်လာကြောင်း၊ ဗီယက်နမ်နိုင်ငံမှ တင်သွင်းမှုသည် ၂၀၂၄ ခုနှစ် အလားတူကာလနှင့်နှိုင်းယှဉ်ပါက ၆၇ ဒသမ ၅ ရာခိုင်နှုန်းမြင့်တက်ခဲ့ပြီး တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၅,၇၇၂ အထိရောက်ရှိခဲ့ကြောင်း ဖော်ပြထားသည်။

ဂျပန်နိုင်ငံသည် ၂၀၂၅ ခုနှစ် ပထမနှစ်ဝက်တွင် အမေရိကန်ဒေါ်လာ ၁ ဒသမ ၂၆ ဘီလီယံနီးပါးတန်ဖိုးရှိ ကော်ဖီ ၁၉၀,၇၀၀ တန်တင်သွင်းခဲ့ကြောင်း၊ ဗီယက်နမ်နိုင်ငံမှ အမေရိကန်ဒေါ်လာ ၃၀၅ ဒသမ ၃ သန်း တန်ဖိုးရှိ ကော်ဖီတန်ချိန် ၅၂,၉၀၀ တင်သွင်းခဲ့ကြောင်း သိရသည်။

ကမ္ဘာ့ကော်ဖီစျေးကွက်သည် အတက်အကျရှိသော်လည်း ဂျပန်သည် အာရှတွင် အကြီးဆုံးနှင့်အတည်ငြိမ်ဆုံးသော ကော်ဖီသောက်သုံးသည့်နိုင်ငံများထဲမှ တစ်နိုင်ငံဖြစ်ကြောင်း ဖော်ပြထားသည်။ စားသုံးမှုပမာဏတည်ငြိမ်သော်လည်း အဓိက ကုန်အမှတ်တံဆိပ်များသည် ပြောင်းလဲလာကာ စားသုံးသူအကြိုက်ဖြည့်ဆည်းရန်အတွက် နည်းဗျူဟာများကို ပြောင်းလဲ ဆောင်ရွက်လျက်ရှိကြောင်း ဖော်ပြထားသည်။

ဗီယက်နမ်နိုင်ငံ စက်မှုနှင့်ကုန်သွယ်ရေးဝန်ကြီးဌာနအောက်ရှိ နိုင်ငံခြားကုန်သွယ်မှုအေဂျင်စီ၏အဆိုအရ ဂျပန်နိုင်ငံ၏ ကော်ဖီလုပ်ငန်းစုစုပေါင်းမှ ဝင်ငွေသည် ၂၀၂၄ ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၅ ဒသမ ၄၃ ဘီလီယံခန့်ရှိပြီး ၂၀၃၃ ခုနှစ်တွင် ၅ ဒသမ ၆၆ ဘီလီယံရောက်ရှိရန် မျှော်မှန်းထားရာ ၂၀၂၅-၂၀၃၃ အတွင်း နှစ်စဉ်တိုးတက်မှုနှုန်း သုည ဒသမ ၄၇ ရာခိုင်နှုန်း ရှိကြောင်း သိရသည်။ အသင့်ဖျော်ကော်ဖီသောက်သုံးမှုမှ ခန့်မှန်းဝင်ငွေသည် ၂၀၂၅ ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၃ ဒသမ ၈ ဘီလီယံရှိပြီး ၂၀၃၀ တွင် ၄ ဒသမ ၅၆ ဘီလီယံတိုးလာနိုင်မည်ဟု ခန့်မှန်းထားပြီး နှစ်စဉ်တိုးတက်မှုနှုန်းမှာ ၃ ဒသမ ၃၂ ရာခိုင်နှုန်းရှိကြောင်း သိရသည်။

ဂျပန်နိုင်ငံသို့ ကော်ဖီတင်ပို့မှုတိုးမြင့်နိုင်ရေးအတွက် ဗီယက်နမ်စီးပွားရေးလုပ်ငန်းများသည် ဂျပန်နိုင်ငံ၏စံနှုန်းနှင့်အညီ ပိုးသတ်ဆေးအကြွင်းအကျန်များကို ထိန်းချုပ်ခြင်းဖြင့် အရည်အသွေးမြှင့်တင်ရန်လိုအပ်ကြောင်း ဖော်ပြထားသည်။ အထူး သဖြင့် အော်ဂဲနစ်ကော်ဖီကို ဦးစားပေးပြီး JAS နှင့် HACCP ကဲ့သို့သော လက်မှတ်များရရှိရန်လိုအပ်ကြောင်း၊ စီးပွားရေး လုပ်ငန်းများအနေဖြင့် သွင်းကုန်မိတ်ဖက်များနှင့် တက်ကြွစွာချိတ်ဆက်ရန်၊ ကုန်စည်ပြပွဲများတွင်ပါဝင်ပြသရန်၊ ဗီယက်နမ်-

ဂျပန် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုသဘောတူညီချက်(VJEPA)နှင့် ပစိဖိတ်ဖြတ်ကျော်မိတ်ဖက်ဆက်ဆံရေး(CTPPT)ကဲ့သို့ သောလွတ်လပ်သောကုန်သွယ်မှု သဘောတူညီချက်များအောက်ရှိ အကောက်ခွန်ဆိုင်ရာအကျိုးခံစားခွင့်များကို အပြည့်အဝ အသုံးချဆောင်ရွက်သွားရန် အကြံပြုထားသည်။

Source: https://wtocenter.vn/tin-tuc/28553-viet-nams-coffee-prices-rise-sharply-in-japanese-market

(ဝင့်နန္ဒာကျော်ကျော်၊ စီးပွားရေးသံမှူး၊ ဟန္ဒိုင်းမြို့)

Source: https://myantrade.gov.mm/article/STP(Ygn)_02092025_14:07

အရည်အသွေးမြင့်သစ်တော်သီးများ ဗီယက်နမ်သို့တင်ပို့ခဲ့သည့် တောင်ကိုရီးယား

တောင်ကိုရီးယား၏ Jeonbuk Agricultural Cooperative နှင့် Jeonju Horticultural Cooperative တို့သည် ဗီယက်နမ်သို့ ၂၀၂၅ ရာသီသစ်တော်သီး ပထမအသုတ်တင်ပို့သည့် အခမ်းအနားကို စက်တင်ဘာလ ၉ ရက်နေ့က ကျင်းပ ပြုလုပ်ခဲ့သည်။ ပမာဏ ၁၆ ဒသမ၂ တန်နှင့် တန်ဖိုး အမေရိကန်ဒေါ်လာ ၄၃,၀၀၀ ရှိသည့် ပထမအသုတ်တင်ပို့မှုကို ဟိုချီမင်း မြို့တော်နှင့် ဟန္ဒိုင်း အစရှိသည့် ဗီယက်နမ်၏ အဓိကမြို့တော်များတွင် ဖြန့်ဖြူးမည်ဟု သိရသည်။ အေးမြသော ရာသီဥတုနှင့် မြင့်မားသောအရပ်ရှိသည့် Lai Chau ၊Lao Cai ၊ Ha Giang နှင့် Cao Bang ကဲ့သို့သော မြောက်ပိုင်းရှိ တောင်တန်းထူထပ်သောပြည်နယ်များတွင် အနည်းငယ်စိုက်ပျိုးနိုင်သော်လည်း ဗီယက်နမ်၏ရာသီဥတုသည် သစ်တော်သီး စိုက်ပျိုးရန် ယေဘုယျအားဖြင့် မသင့်တော်ကြောင်းသိရသည်။ သို့သော် ပြည်တွင်းစိုက်ပျိုးသည့်သစ်တော်သီးများမှာ ရိတ်သိမ်း ရာသီတိုတောင်းခြင်းနှင့် အအေးခန်းသိုလှောင်မှုမရှိပါက ပုပ်သိုးလွယ်သောကြောင့် အရွယ်အစားသေးငယ်ကြောင်း သိရသည်။ Jeonbuk Agricultural Cooperative နှင့် Jeonju Horticultural Cooperative တို့သည်လည်း ၎င်းတို့၏သစ်တော်သီးများအား ဗီယက်နမ်စျေးကွက်တွင် အရည်အသွေးမြင့်သစ်သီးအဖြစ် ရပ်တည်ရန်ရည်ရွယ်ထားကြောင်း သိရသည်။ တင်ပို့သူများသည်လည်း သစ်သီး၏ အထူးချိုမြိန်မှု၊ လတ်ဆတ်မှုနှင့် တင်းကျပ်သည့်စံနှုန်းများ လိုက်နာမှုအပေါ် အသားပေးပြောကြားခဲ့ကြောင်း သိရသည်။ ရှေ့ဆက်၍လည်း cooperative များသည် တန်ချိန် ၂၀၀ ရှိသော သစ်တော်သီးများကို ထိုင်းနှင့် အင်ဒိုနီးရှား အစရှိသည့် အခြားအရှေ့တောင်အာရှနိုင်ငံများသို့ တင်ပို့ကာ ဒေသတွင်းတိုးချဲ့ရန် စီစဉ်နေကြောင်း သိရသည်။ Jeonju Horticultural Cooperative ၏ ဥက္ကဋ္ဌဖြစ်သူ Lim Jong-gyeong က ထိုတင်ပို့မှုသည် စိုက်ပျိုးရေးသမားများနှင့် cooperative များကြား ပူးပေါင်းအားထုတ်မှုကို ရောင်ပြန်ဟပ်ကြောင်း သိရသည်။ တရုတ်နိုင်ငံထံမှ ပြင်းထန်သောယှဉ်ပြိုင်မှုရှိနေသော်လည်း Jeonbuk သစ်တော်သီးများသည် ၎င်းတို့၏ မြင့်မားသောအရည်အသွေးနှင့် အစားအစာလုံခြုံစိတ်ချရမှုတို့ကြောင့် အရှေ့ တောင်အာရှ စျေးကွက်တွင် ဦးဆောင်ရန်မျှော်မှန်းရကြောင်း သိရသည်။

Source: https://www.doca.gov.mm/my/node/51762

၂၀၂၄ ခုနှစ်အတွင်း၌ ထိုင်းနိုင်ငံသည် ကမ္ဘာ့ဒုတိယအကြီးဆုံး တိရစ္ဆာန်အစာတင်ပို့သူဖြစ်ခဲ့

၂၀၂၄ ခုနှစ်အတွင်း ထိုင်းနိုင်ငံ၏ တိရစ္ဆာန်အစာတင်ပို့ခဲ့မှုသည် အမေရိကန်ဒေါ်လာ ၂ ဒသမ ၆၈ ဘီလီယံဖြင့် ကမ္ဘာ့ ဒုတိယအကြီးဆုံး တိရစ္ဆာန်အစာတင်ပို့သူဖြစ်ခဲ့ကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက ထုတ်ပြန်ထားချက် အရ သိရသည်။

ထိုင်းနိုင်ငံ၏ တိရစ္ဆာန်အစာပို့ကုန်သည် ကမ္ဘာ့တင်ပို့မှု၏ ၁၀ ရာခိုင်နှုန်းရှိကြောင်း၊ ဂျာမနီ၏တင်ပို့မှုသည် အမေရိကန် ဒေါ်လာ ၃ ဒသမ ၂၈ ဘီလီယံဖြင့် အများဆုံးတင်ပို့သူဖြစ်ခဲ့ပါကြောင်း၊ အခြားသောတင်ပို့သူများမှာ အမေရိကန် (အမေရိကန်ဒေါ်လာ ၂ ဒသမ ၅၂ ဘီလီယံ)၊ ပိုလန်(အမေရိကန်ဒေါ်လာ ၂ ဒသမ ၄၁ ဘီလီယံ)နှင့် ပြင်သစ်(အမေရိကန်ဒေါ်လာ ၂ ဒသမ ၃၁ ဘီလီယံ)တို့ဖြစ်ကြောင်း၊ ၂၀၂၄ ခုနှစ် ကမ္ဘာ့တိရစ္ဆာန်အစာစျေးကွက်သည် ကြံ့ခိုင်လျက်ရှိပြီး သွင်းကုန်တန်ဖိုး သည် အမေရိကန်ဒေါ်လာ ၂၆ ဒသမ ၅ ဘီလီယံရှိခဲ့ကြောင်း၊ ထိပ်တန်းသွင်းကုန်စျေးကွက်များမှာ ဂျာမနီ၊ အမေရိကန်၊ ယူကေ၊ ပိုလန်နှင့် ကနေဒါတို့ဖြစ်ကြောင်း၊ ထိုင်းနိုင်ငံ၏ခွေးနှင့်ကြောင်အစာများသည် စျေးကွက်များစွာတွင် တည်ငြိမ်နေပြီး တိုးတက် နိုင်သည့်အလားအလာများရှိကြောင်း၊ ၂၀၂၄ ခုနှစ်အတွင်း အမေရိကန်သို့ ခွေးနှင့် ကြောင်စာတန်ဖိုး အမေရိကန်ဒေါ်လာ ၈၆၈ သန်းတင်ပို့နိုင်ခဲ့ပြီး စုစုပေါင်းပို့ကုန်၏ ၃၂ ဒသမ ၄ ရာခိုင်နှုန်းဖြစ်ကြောင်း၊ ဂျပန်နိုင်ငံသို့ အမေရိကန်ဒေါ်လာ ၃၂၉ သန်း၊ ဩစတြေးလျသို့ အမေရိကန်ဒေါ်လာ ၁၆၇ သန်း၊ အီတလီသို့ အမေရိကန်ဒေါ်လာ ၁၆၅ သန်းနှင့် မလေးရှားနိုင်ငံသို့ အမေရိကန်

ဒေါ်လာ ၁၃၈ သန်းအသီးသီးတင်ပို့ခဲ့ကြောင်း ကုန်သွယ်ရေးမူဝါဒနှင့် မဟာဗျူဟာရုံးညွှန်ကြားရေးမှူးချုပ် Mr. Poon-pong Naiyanapakorn က ပြောကြားခဲ့သည်။

တိရစ္ဆာန်အစာဈေးကွက်ကြီးထွားလာရခြင်းမှာ အိမ်မွေးတိရစ္ဆာန်ပိုင်ရှင်များ များပြားလာခြင်း၊ အသက်ကြီးလူဦးရေ မြင့်တက်လာခြင်းနှင့် မိသားစုဦးရေနည်းပါးလာခြင်းတို့ကြောင့်ဖြစ်ကြောင်း၊ ကမ္ဘာ့စားသုံးသူများက တိရစ္ဆာန်ကျန်းမာရေးကို အထူးအလေးထားသောနေရာများမှ တင်သွင်းသောကုန်စည်များကို စိတ်ဝင်စားမှုမြင့်တက်လာကြောင်း၊ ကျန်းမာရေးကို ဦးစားပေးသော၊ ငယ်ရွယ်သော၊ မကျန်းမမာဖြစ်နေသော သို့မဟုတ် အသက်အရွယ်ကြီးရင့်နေသော အိမ်မွေးတိရစ္ဆာန်များအတွက် ဗီတာမင်ကြွယ်ဝသည့် ဖော်မြူလာများအသုံးပြုထားသော၊ အရည်အသွေးမြင့်ပါဝင်ပစ္စည်းများဖြင့် ထုတ်လုပ်ထားသော အစရှိသည့် မျိုးစုံတီထွင်ထားသော ထိုင်းလုပ်ငန်းရှင်များအတွက် ယင်းဝယ်လိုအားတွင် နေရာကောင်းသို့ ရောက်ရှိနေကြောင်း၊ ထုတ်လုပ်သူများအနေဖြင့် သဘာဝပတ်ဝန်းကျင်နှင့် သဟဇာတဖြစ်စေမည့် ထုပ်ပိုးမှုပုံစံကို ဦးစားပေးရန် အကြံပေးလိုကြောင်း၊ ပြောင်းလဲလာသော လမ်းကြောင်းနှင့်ကိုက်ညီပါက ထိုင်းပို့ကုန်လုပ်ငန်းရှင်များအနေဖြင့် ဥရောပ၊ အမေရိကန်၊ ဂျပန်၊ တရုတ်စသည့်အဓိက ဈေးကွက်များအပြင် အရှေ့အလယ်ပိုင်းနှင့် ဥရောပအရှေ့ပိုင်းရှိ ဈေးကွက်သစ်များသို့ တိုးချဲ့ရောက်ရှိနိုင်သည့် အခွင့်အလမ်းကောင်းများရှိကြောင်း ညွှန်ကြားရေးမှူးချုပ်က အကြံပြုထားသည်။

ယခုနှစ် ပထမ ၇ လအတွင်း ထိုင်းနိုင်ငံ၏ ခွေးနှင့်ကြောင်စာပို့ကုန်သည် အမေရိကန်ဒေါ်လာ ၁ ဒသမ ၆၉ ဘီလီယံသို့ ရောက်ရှိခဲ့ပြီး ၁၀ ဒသမ ၇ ရာခိုင်နှုန်းတိုးတက်ခဲ့ကြောင်း၊ အမေရိကန်သည် အကြီးဆုံးဈေးကွက်အဖြစ် ရပ်တည်နေဆဲဖြစ်ပြီး ပို့ကုန်တန်ဖိုးအမေရိကန်ဒေါ်လာ ၆၁၀ သန်းဖြစ်ကြောင်း၊ အမေရိကန်၏ အပြန်အလှန်ခွန် ၁၉ ရာခိုင်နှုန်း သတ်မှတ်ထားချက်ကြောင့် ပြည်တွင်းပစ္စည်းပါဝင်မှုလုပ်ထုံးလုပ်နည်းများကို စောင့်ကြည့်သင့်ကြောင်း၊ ပို့ကုန်များတွင် ဖွဲ့စည်းပုံဆိုင်ရာပြောင်းလဲမှုဖြစ်ပေါ်လာပါက လုပ်ငန်းရှင်များအနေဖြင့် ထုတ်ကုန်အရည်အသွေးကိုမြှင့်တင်ရေး၊ ပြည်တွင်းပစ္စည်းပါဝင်မှုတိုးမြှင့်ရေး၊ ကျန်းမာရေးကိုဦးစားပေးသည့် ထုတ်ကုန်များတီထွင်ထုတ်လုပ်ရေး၊ ခိုင်မာသောအမှတ်တံဆိပ်တည်ဆောက်ရေးနှင့် သုတေသနနှင့်ဖွံ့ဖြိုးတိုးတက်မှုများမှတစ်ဆင့် စံနှုန်းများကို တိုးတက်စေရေးတို့ကို ဦးစားပေးသင့်ကြောင်း Mr. Poonpong က ဖြည့်စွက်အကြံပြုထားသည်။ Source: www.bangkokpost.com , (သီတာဝင်း၊ စီးပွားရေးသံမှူး၊ ဗန်ကောက်မြို့)

Source: https://myantrade.gov.mm/article/STP(Ygn)_23092025_14:22

တရုတ်နိုင်ငံ၏ ထိပ်တန်းဝါထွက်ဒေသအဖြစ် ရပ်တည်နေသည့် ရှင်းကျန်းဒေသသည် အနောက်ဘက်နိုင်ငံများသို့ ဆက်သွယ်မည့် ဂိတ်တံခါးပေါက်တစ်ခုဖြစ်လာရန် ရည်မှန်းထား

တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ရှင်းကျန်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ (Xinjiang Uygur Autonomous Region)သည် ၎င်း၏ ဒေသဆိုင်ရာတံခါးဖွင့်မဟာဗျူဟာ(regional opening-up strategy)ကို နိုင်ငံ၏ အနောက်ဘက်ဒေသတံခါးဖွင့်အစီအစဉ်အားလုံးတွင် လိုက်လျောညီထွေ ပေါင်းစည်းနိုင်ခဲ့ကြောင်း တရုတ်နိုင်ငံတော်ကောင်စီပြန်ကြားရေးရုံး(State Council Information Office)မှထုတ်ပြန်သည့် စက္ကူဖြူ စာတမ်းတွင် ဖော်ပြခဲ့သည်။

ရှင်းကျန်းသည် ယူရေးရှားတိုက်ကြီး (Eurasian continent) ကိုဖြတ်၍ ရွှေရောင်လမ်းကြောင်းတစ်ခု တည်ဆောက်ရန်နှင့် အနောက်ဘက်သို့ဆက်သွယ်မည့် တံခါးပေါက်တစ်ခုတည်ဆောက်ရန်ရည်ရွယ်ထားကြောင်း “ခေတ်သစ်တွင် ရှင်းကျန်းကို စီမံခန့်ခွဲရန်အတွက် CPC လမ်းညွှန်ချက်များ- လက်တွေ့ကျင့်သုံးမှုနှင့် အောင်မြင်မှုများ" (CPC Guidelines for Governing Xinjiang in the New Era: Practice and Achievements) ခေါင်းစဉ်တပ်ထားသည့် စက္ကူဖြူစာတမ်းတွင် ဖော်ပြထားသည်။

ထို့ကြောင့် ရှင်းကျန်းသည် ပိုမိုကျယ်ပြန့်သောလမ်းကြောင်းများ ဖွံ့ဖြိုးတိုးတက်ရေးကို အရှိန်မြှင့် လုပ်ဆောင်လာခဲ့သည်။ စက္ကူဖြူစာတမ်းအရ ရှင်းကျန်းသည် တစ်နှစ်ပတ်လုံးလုပ်ငန်းဆောင်ရွက်နိုင်သည့် Kunjirap ဆိပ်ကမ်းအပါအဝင် ဆိပ်ကမ်း ၁၉ ခုကို တည်ထောင်ခဲ့သည်။

၂၀၂၄ ခုနှစ်တွင် တရုတ်-ဥရောပ မီးရထားအမြန်လမ်း(China-Europe Railway Express)သည် ရှင်းကျန်းမှတစ်ဆင့် ကုန်းတင်ရထားစုစုပေါင်းအကြိမ်ရေ ၁၆,၄၀၀ ကြိမ်ဖြတ်သန်းခဲ့ပြီး ယင်းသည် ၎င်းလမ်းကြောင်းပေါ်တွင် ရထားအရေအတွက် ၁၀,၀၀၀ ကျော်ရှိပြီဖြစ်သည့် ပဉ္စမမြောက်နှစ်အဖြစ် မှတ်တမ်းတင်နိုင်ခဲ့သည်။

စက္ကူဖြူစာတမ်းအရ ၁၉၅၀ ခုနှစ်များတွင် ရှင်းကျန်း၏ စီးပွားရေးနှင့် ကုန်သွယ်ရေးမိတ်ဖက်များအရေအတွက်သည် နိုင်ငံအနည်းစုသာရှိခဲ့ပြီး ၂၀၁၂ ခုနှစ်တွင် မိတ်ဖက်နိုင်ငံနှင့် ဒေသပေါင်း ၁၉၆ ခုသို့ သိသိသာသာတိုးလာခဲ့သည်။ ၂၀၂၄ ခုနှစ်တွင် ၂၁၁ ခုသို့ ရောက်ရှိခဲ့သည်။

ဖွင့်လှစ်ခြင်းအတွက် ပလက်ဖောင်းသည် ပိုမိုတိုးတက်ကောင်းမွန်လာခဲ့သည်။ China(Xinjiang)Pilot Free Trade Zone ကို ၂၀၂၃ ခုနှစ် အောက်တိုဘာလတွင် အတည်ပြုတည်ထောင်နိုင်ခဲ့သည်။ တစ်နှစ်အတွင်း စီးပွားရေးလုပ်ငန်းစုစုပေါင်း ၉,၀၀၀ ကျော်သည် ဒေသ၏ စုစုပေါင်းပို့ကုန်၊သွင်းကုန် တန်ဖိုး၏ ၃၀ ရာခိုင်နှုန်းကျော်ရှိသော အဆိုပါဇုန်သို့ ပြောင်းရွှေ့လာခဲ့ကြသည်။

ထို့ပြင် ၂၀၂၄ ခုနှစ်တွင် ရှင်းကျန်းဒေသ၏ ဝါဂွမ်းထုတ်လုပ်မှုသည် တန်ချိန် ၅ ဒသမ ၆၉ သန်းရှိခဲ့ပြီး နိုင်ငံ့စုစုပေါင်း ထုတ်လုပ်မှု၏ ၉၂ ဒသမ ၃ ရာခိုင်နှုန်းကို ပိုင်ဆိုင်ထားပြီး ၃၂ နှစ်ဆက်တိုက် နိုင်ငံ၏ထိပ်တန်းဝါထွက်ဒေသအဖြစ် ဆက်လက်ရပ်တည်လျက်ရှိသည်။ စက္ကူဖြူစာတမ်းဖော်ပြချက်အရ ရှင်းကျန်းဒေသသည် ထွန်ယက်စိုက်ပျိုးခြင်းနှင့် ရိတ်သိမ်းခြင်းလုပ်ငန်းများ၌ စက်မှုလယ်ယာစနစ်အသုံးပြုမှုနှုန်းသည် ၉၇ ရာခိုင်နှုန်းအထိ ရောက်ရှိခဲ့ကြောင်း တွေ့ရသည်။

အမျိုးသားမဟာဗျူဟာလိုအပ်ချက်များကို အလေးထားလျက် ၎င်း၏သဘာဝအရင်းအမြစ်များနှင့် စက်မှုလုပ်ငန်းစွမ်းရည်များကိုအသုံးချ၍ ရှင်းကျန်းသည် ၎င်း၏ကိုယ်ပိုင်ထူးခြားသော အားသာချက်များ(its own unique advantages)ဖြင့် ခေတ်မီစက်မှုလုပ်ငန်းစနစ်တစ်ရပ်(a modern industrial system) ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်မှုများကို အရှိန်မြှင့်တင်ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

ရှင်းကျန်းသည် "စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု"နှင့် "ပြည်ပဆက်ဆံရေး" ဟူသော ဝိသေသလက္ခဏာနှစ်ရပ်ဖြင့် ပေါင်းစပ်ဖော်ဆောင်နေသောဒေသအဖြစ် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ ဝါဂွမ်းကဏ္ဍတွင် စက်မှုလယ်ယာစနစ်မြင့်မားစွာ အသုံးပြုနိုင်မှုသည် ထုတ်လုပ်မှုစွမ်းရည်နှင့် စီးပွားရေးထိရောက်မှုတို့ကို သိသိသာသာမြှင့်တင်ပေးနိုင်သည်ကို ဖော်ဆောင်ပေးလျက်ရှိကြောင်းနှင့် ၎င်း၏ ဖွံ့ဖြိုးတိုးတက်မှုများသည် ဒေသတွင်းစီးပွားရေးတည်ငြိမ်ဖွံ့ဖြိုးမှုအတွက် ခိုင်မာသောအုတ်မြစ်ကို ချမှတ်ပေးလျက်ရှိပြီး နိုင်ငံတကာစျေးကွက်သို့ ပိုမိုဆက်သွယ်ဝင်ရောက်နိုင်ရန် အခွင့်အလမ်းများဖန်တီးပေးလျက်ရှိကြောင်း တွေ့ရသည်။ အရင်းမြစ်။ https://en.people.cn/n3/2025/0919/c90000-20368246.html

https://en.people.cn/n3/2025/0919/c90000-20368239.html

(လျန်ရှန်းမုန်၊ စီးပွားရေးသံမှူး၊ ကူမင်းမြို့)

Source: https://myantrade.gov.mm/article/STP(Ygn)_23092025_15:35

၂၀၂၅ ဘဏ္ဍာနှစ်တွင် အမေရိကန်နိုင်ငံသို့ ဘင်္ဂလားဒေ့ရှ်နိုင်ငံ၏ အဝတ်အစားတင်ပို့မှုများ ၁၄ ရာခိုင်နှုန်းခန့် မြင့်တက်လျက်ရှိ

ဘင်္ဂလားဒေ့ရှ်နိုင်ငံ အဝတ်အစားတင်ပို့သူများသည် အမေရိကန်နိုင်ငံသို့ တင်ပို့မှုများသည် ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် အဆုံးသတ်တွင် အမြင့်ဆုံးစံချိန်သို့ရောက်ရှိခဲ့ကြောင်း အစီရင်ခံစာတင်ခဲ့ပြီး အဆိုပါမြင့်တက်ခြင်းသည် အဓိကအားဖြင့် တရုတ်နိုင်ငံမှ အလုပ်အော်ဒါများလက်ခံရရှိခြင်းကြောင့်ဖြစ်ကြောင်း သိရသည်။

ဘင်္ဂလားဒေ့ရှ်နိုင်ငံသည် ယခင်နှစ် ဘဏ္ဍာနှစ်တွင် အမေရိကန်ဒေါ်လာ ၇ ဒသမ ၅၄ ဘီလီယံခန့်တန်ကြေးရှိသော အဝတ်အထည်များကိုတင်ပို့ခဲ့ပြီး တစ်နှစ်ထက်တစ်နှစ် ၁၄ ရာခိုင်နှုန်းမြင့်တက်လာကြောင်း တင်ပြခဲ့သည်။ အဆိုပါ မြင့်တက်မှုများရှိသော်လည်း အမေရိကန်နိုင်ငံသို့တင်ပို့သော အဝတ်အထည်တင်ပို့မှုအားလုံး၏ ရှယ်ယာများသည် တစ်နှစ်ထက်တစ်နှစ် ၁၉ ဒသမ ၁၈ ရာခိုင်နှုန်းခန့်သာ မြင့်တက်လျက်ရှိကြောင်း တင်ပို့မှုမြှင့်တင်ရေးဗျူရို (EPB) ၏ ဖော်ပြချက်များအရ သိရသည်။

၂၀၂၅ ဘဏ္ဍာနှစ်တွင် အမေရိကန်နိုင်ငံသို့ တင်ပို့မှုများ၏အများစုသည် ရက်လုပ်ထားသော အဝတ်အထည်များသာဖြစ်ပြီး ဘင်္ဂလားဒေ့ရှ်နိုင်ငံ၏ တစ်ခုတည်းသော အကြီးမားဆုံးစျေးကွက်ဖြစ်ကြောင်း သိရသည်။ ရက်လုပ်အဝတ်အထည် တင်ပို့မှုသည် တစ်နှစ်ထက်တစ်နှစ် ၁၃ ရာခိုင်နှုန်းခန့်မြင့်တက်လျက်ရှိကြောင်း သိရသည်။ သို့ရာတွင် အဆိုပါကာလအတွင်း ဇာထိုးအထည်ပြုလုပ်သူများတင်ပို့မှုသည် တစ်နှစ်ထက်တစ်နှစ် အမေရိကန်ဒေါ်လာ ၂ ဒသမ ၅၉ ဘီလီယံခန့် ၁၅ ရာခိုင်နှုန်း မြင့်တက်လာကြောင်း သိရသည်။ ဥရောပသမဂ္ဂ (EU) သည် တရုတ်နိုင်ငံပြီးနောက် ဒုတိယအကြီးမားဆုံး အဝတ်အထည်

ဈေးကွက်ဖြစ်သော တောင်အာရှနိုင်ငံများမှ ရောင်းချသော အဝတ်အထည်များ၏ တစ်ဝက်ခန့်ကို ဝယ်ယူခဲ့ကြောင်း သိရသည်။ ၂၀၂၅ ဘဏ္ဍာနှစ်တွင် EU သို့တင်ပို့သော အဝတ်အထည်တင်ပို့မှုသည် ၉ ရာခိုင်နှုန်းခန့် အမေရိကန်ဒေါ်လာ ၁၉ ဒသမ ၇ ဘီလီယံခန့် မြင့်တက်လာကြောင်း သိရသည်။ EU ဈေးကွက်အတွင်းတွင် ဘင်္ဂလားဒေ့ရှ်နိုင်ငံမှ ကုန်ပစ္စည်းများသည် အခွန်ကင်းလွတ်ခွင့်များရရှိပြီး ဂျာမနီနိုင်ငံသည် အဓိကပန်းတိုင်ဖြစ်ပြီး တစ်ခြားအလေးထားတင်ပို့သောနိုင်ငံများမှာ စပိန်၊ ပြင်သစ်နှင့်နယ်သာလန်နိုင်ငံများဖြစ်ကြောင်း EFB ၏ ပြောကြားချက်များအရ သိရသည်။ ဘင်္ဂလားဒေ့ရှ်နိုင်ငံ အဝတ်အထည်ရောင်းဝယ်ရေး၏ စီမံခန့်ခွဲရေး ညွှန်ကြားရေးမှူးဆိုသူ Mohiuddin Rubel က ကနဦးလုပ်ဆောင်ချက်အနေဖြင့် ပြည်တွင်းအဝတ်အထည်နှင့် အထည်အလိပ်များကို မြှင့်တင်ရမည်ဖြစ်ကြောင်းနှင့် ပြည်ပဈေးကွက်၏ ပြောင်းလဲမှုအခြေအနေများကို အမြဲစောင့်ကြည့်နေရန် ပြောကြားခဲ့ကြောင်း သိရသည်။ Rubel က အမေရိကန်နိုင်ငံ၏ စီးပွားရေးသည် EU ထက် ပိုမို လျင်မြန်စွာ ပြန်လည် ကောင်းမွန်လာပြီဖြစ်ကြောင်းနှင့် အမေရိကန်နိုင်ငံသည် ဘင်္ဂလားဒေ့ရှ်နိုင်ငံအတွက် အကျိုးရှိစေသည့် တရုတ်နိုင်ငံမှ ငြင်းပယ်လိုက်သောပစ္စည်းများကို ဝယ်ယူလျက်ရှိကြောင်း သိရသည်။ ၂၀၂၅ ခုနှစ် ဇန်နဝါရီလတွင် အမေရိကန်နိုင်ငံသို့တင်ပို့မှုသည် တစ်နှစ်ထက်တစ်နှစ် ၄၆ ရာခိုင်နှုန်းခန့်မြင့်တက်လျက်ရှိပြီး လက်လီရောင်းသူများ ယုံကြည်မှု ပြန်လည်ဖြစ်ပေါ်စေနိုင်ကြောင်း Envoy Textiles ကုမ္ပဏီမှ စီမံခန့်ခွဲရေးညွှန်းကြားရေးမှူးဆိုသူ Tanvir Ahmed က ပြောကြားခဲ့သည်။

Source: https://www.doca.gov.mm/my/node/51248

အထည်အလိပ်လုပ်ငန်းအတွက် ချည်ထည်တင်ပို့မှုတွင်အခွန်ကောက်ခံမှု ယာယီရပ်ဆိုင်းလိုက်သည့် အိန္ဒိယနိုင်ငံ

အိန္ဒိယနိုင်ငံသည် ပြိုင်ဆိုင်မှုကဏ္ဍတွင်အထောက်အကူပြုနိုင်ရန်အတွက် အခွန်ကင်းလွတ်ခွင့်ပေးရန် အထည်အလိပ်လုပ်ငန်းစု၏ တောင်းဆိုမှုကြောင့် ဩဂုတ်လ ၁၉ ရက်နေ့မှ စက်တင်ဘာလ ၃၀ ရက်နေ့အထိ ချည်ထည်တင်ပို့မှုတွင် အကောက်ခွန်များ ကင်းလွတ်ခွင့်ပြုလိုက်ကြောင်း သိရသည်။ အဆိုပါ ချည်ထည်တင်သွင်းမှုအပေါ် ယာယီအခွန် ရပ်ဆိုင်းခြင်းသည် အမေရိကန်နိုင်ငံ၏ အခွန် ၅၀ ရာခိုင်နှုန်းကောက်ခံမှုကြောင့် အကြပ်အတည်းများနှင့်ရင်ဆိုင်နေရသည့် အိန္ဒိယနိုင်ငံ၏ အထည်အလိပ်လုပ်ငန်းစုအတွက် သက်သာရာရစေကြောင်း သိရသည်။ အမေရိကန်နိုင်ငံသည် အိန္ဒိယနိုင်ငံအား ရက္ခားနိုင်ငံမှ လောင်စာဆီဝယ်ယူမှုကြောင့် ပြစ်ဒဏ်အနေဖြင့် အခွန် ၅၀ ရာခိုင်နှုန်း တိုးမြင့်လိုက်ခြင်းဖြစ်ကြောင်း သိရသည်။

အိန္ဒိယနိုင်ငံ အထည်အလိပ်အဖွဲ့အစည်း(CITI)သည် အစိုးရအား ပြိုင်ဆိုင်မှုကဏ္ဍတွင် အထောက်အကူပြုစေရန် ချည်ထည်တင်ပို့မှုတွင် အခွန်ကောက်ခံမှု ဖျက်သိမ်းပေးရန် တိုက်တွန်းခဲ့ကြောင်း သိရသည်။ အခွန်လွတ်ကင်းခွင့်မပေးမီတွင် ချည်ထည်တင်ပို့မှုအပေါ် အခွန် ၁၁ ရာခိုင်နှုန်းကောက်ခံလျက်ရှိသည်။ လုပ်ငန်းရှင်များသည် အစိုးရအား စက်တင်ဘာလ အလွန်တွင်လည်း ချည်ထည်များအပေါ် အခွန်ကင်းလွတ်ခွင့်ကို ထပ်မံချေပေးရန်မျှော်မှန်းနေကြောင်း သိရသည်။ အိန္ဒိယနိုင်ငံ အထည်အလိပ်လုပ်ငန်းများသည် အလုပ်သမား အကြပ်အတည်းများ၊ ထုတ်လုပ်မှုကန့်သတ်ခြင်းများနှင့် ရင်ဆိုင်နေရကြောင်း သိရသည်။ အိန္ဒိယနိုင်ငံသည် ၂၀၃၀ ခုနှစ်တွင် အထည်အလိပ်တင်ပို့မှုကို ဒေါ်လာ ၁၀၀ ဘီလီယံ အထိမြှင့်တင်ရန် ရည်မှန်းထားကြောင်းသိရသည်။ အမေရိကန်နိုင်ငံမှ အခွန်တိုးမြှင့်ကောက်ခံခြင်းသည် အိန္ဒိယနိုင်ငံမှ အမေရိကန်အထည်အလိပ်ဝယ်ယူသူများသို့ အခွန်တိုးမြှင့်ကောက်ခံမှုအပြီးတွင်ဖြစ်ပေါ်လာခြင်းဖြစ်ပြီး ဘင်္ဂလားဒေ့ရှ်နိုင်ငံသည် နိုင်ငံရေးမတည်ငြိမ်မှုများအပြင် ၎င်းနိုင်ငံမှ ကုမ္ပဏီများသည်လည်း ထောက်ပို့မှုအကြပ်အတည်းများနှင့် ရင်ဆိုင်နေရကြောင်း သိရသည်။

Source: https://www.doca.gov.mm/my/node/49371

တရုတ်နိုင်ငံသို့ ဒူးရင်းသီးများတိုက်ရိုက်တင်ပို့နေသည့် ကမ္ဘောဒီးယားနိုင်ငံ

ကမ္ဘောဒီးယားနိုင်ငံမှ ထုပ်ပိုးထားသော ဒူးရင်းသီးများကို တရုတ်နိုင်ငံသို့ မကြာသေးမီ ရက်သတ္တပတ်များအတွင်း တင်ပို့ခဲ့ပြီး အဆိုပါတင်ပို့မှုသည် နှစ်နိုင်ငံကြား လတ်ဆတ်သော အသီးအနှံများကို လေကြောင်းကုန်သွယ်မှုဖြင့် ပထမဆုံးတင်ပို့ခြင်းဖြစ်ကြောင်း သိရသည်။ အလေးချိန် တန်ချိန် ၂ တန်ခန့်ရှိသော အဆိုပါ ဒူးရင်းသီးများကို လေအေးပေးစနစ်ထောက်ပို့မှုဖြင့် ၄ နာရီ အတွင်း တရုတ်နိုင်ငံသို့တင်ပို့ခဲ့ပြီး တရုတ်နိုင်ငံသားများအနေဖြင့် လတ်ဆတ်သောဒူးရင်းသီးများကို သုံးဆောင်မှုများ ရရှိခဲ့ကြောင်း တရုတ်နိုင်ငံသံရုံး၏ ထုတ်ပြန်ချက်အရ သိရသည်။ ဒူးရင်းသီးသည် လက်ရှိတွင် ၄က်ပျောသီး၊ သရက်သီး၊ ကြက်မောက်သီး၊ အုန်းသီးပြီးလျှင် ကမ္ဘောဒီးယားနိုင်ငံမှ တရုတ်နိုင်ငံသို့ တရားဝင်တင်သွင်းခွင့်ရှိသော ပဉ္စမမြောက် အသီးအနှံဖြစ်ကြောင်း သိရသည်။ ကမ္ဘောဒီးယားနိုင်ငံတွင် ဒူးရင်းသီးများကို ဟက်တာ၈က ၁၁,၀၀၀ ကျော်တွင် စိုက်ပျိုးလျက်ရှိပြီး နှစ်စဉ် တန်ချိန် ၁၂၀,၀၀၀ ကျော်ခန့်ထုတ်လုပ်လျက်ရှိကြောင်း ကမ္ဘောဒီးယားနိုင်ငံ စိုက်ပျိုးရေးဝန်ကြီးဌာန၏ ထုတ်ပြန်ချက်အရ သိရ

သည်။ ကမ္ဘောဒီးယားနိုင်ငံတွင် တရုတ်နိုင်ငံအခွန်ရုံးမှ အသိမှတ်ပြုလက်မှတ်ရရှိထားသော စိုက်ပျိုးခြံ ၁၁၃ ခြံနှင့် ထုတ်လုပ်ရေး လုပ်ငန်းပေါင်း ၃၀ ခုရှိကြောင်းသိရသည်။ ၂၀၁၂ ခုနှစ်မှစ၍ တရုတ်နိုင်ငံသည် တစ်ခြားနိုင်ငံများမှ ဒူးရင်းတင်ပို့မှုဈေးကွက်ဝင်ရောက်ခွင့်ကို ချဲ့ထွင်ခဲ့ကြောင်း သိရသည်။ တရုတ်နိုင်ငံသည် ကမ္ဘာ့အကြီးဆုံး စားသုံးသူဈေးကွက်ဖြစ်ပြီး ယခင်နှစ်တွင် ဒေါ်လာ ၇ ဘီလီယံတန်ကြေးရှိသော အသီးအနှံများကို တင်သွင်းခဲ့ကြောင်း သိရသည်။ ထိုင်းနိုင်ငံသည် တရုတ်နိုင်ငံသို့ ဒေါ်လာ ၄ ဘီလီယံ တန်ကြေးရှိသော အသီးအနှံများကို တင်ပို့ခဲ့ပြီး ဗီယက်နမ်နိုင်ငံသည်လည်း ဒေါ်လာ ၂ ဒသမ ၉ ဘီလီယံ တန်ကြေးရှိသော အသီးအနှံများကို တင်ပို့ခဲ့ကြောင်း သိရသည်။ တရုတ်နိုင်ငံသည် ယခင်နှစ်တွင် ဒူးရင်းသီးတင်ပို့မှုများ ကျဆင်းခဲ့သည်။ ယခုနှစ် ပထမနှစ်ဝက်တွင် တရုတ်နိုင်ငံသည် ဒူးရင်းသီးတန်ချိန် ၇၀၈,၁၉၀ ခန့်တင်သွင်းခဲ့ပြီး ယခင်နှစ်ထက် ၁၅ ရာခိုင်နှုန်း ကျဆင်းခဲ့ကြောင်း သိရသည်။ Source: VN Express

Source: https://www.doca.gov.mm/my/node/49369

CEPA သဘောတူညီချက်မှ ကုန်သွယ်မှုစံချိန်တင်တိုးတက်စေရန် တွန်းအားပေးသည့်အတွက် အိန္ဒိယနှင့်ယူအေအီး နိုင်ငံတို့ စီးပွားရေးပူးပေါင်းဆောင်ရွက်မှု အားကောင်းလာ

အိန္ဒိယနှင့်ယူအေအီးနိုင်ငံတို့သည် ၂၀၂၅ ခုနှစ် စက်တင်ဘာလ ၁၅ ရက်နေ့၌ ဒူဘိုင်းတွင်ပြုလုပ်သည့် အဆင့်မြင့်အစည်းအဝေးတွင် ၎င်းတို့၏စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုကို ပြတ်သားစွာရှေ့ဆက်လှမ်းခဲ့ကြပြီး နှစ်နိုင်ငံစလုံးမှ ထိပ်တန်းအရာရှိများနှင့် စီးပွားရေးလုပ်ငန်းဦးဆောင်သူများက ဘက်စုံစီးပွားရေးပူးပေါင်း ဆောင်ရွက်မှုသဘောတူညီချက်(CEPA)၏ အောင်မြင်မှုနှင့် ကမ္ဘာလုံးဆိုင်ရာ အရေးပါမှုကို မီးမောင်းထိုး ဖော်ပြ ခဲ့ကြသည်။

ယူအေအီး – အိန္ဒိယစီးပွားရေးလုပ်ငန်းကောင်စီ – ယူအေအီးအခန်းကဏ္ဍ(UIBC-UC)မှကြီးမှူးကျင်းပသော တံခါးပိတ်အစည်းအဝေးသို့ ယူအေအီးနိုင်ငံခြားကုန်သွယ်မှုဝန်ကြီး Dr. Thani bin Ahmed Al Zeyoudi နှင့် အိန္ဒိယကူးသန်းရောင်းဝယ်ရေးနှင့် စက်မှုဝန်ကြီး Piyush Goyal တို့တက်ရောက်ခဲ့ကြသည်။ ၎င်းတို့တက်ရောက်ခဲ့ခြင်းသည် နှစ်နိုင်ငံအစိုးရနှစ်ရပ်စလုံး၏ စီးပွားရေးဆက်ဆံမှုခိုင်မာစေရန်အတွက် မဟာဗျူဟာမြောက်သည့် ဦးစားပေးမှုဖြစ်ကြောင်း အလေးပေးဖော်ပြခဲ့သည်။

အစည်းအဝေးတွင် CEPA အကောင်အထည်ဖော်မှုမှစတင်၍ အသွင်ကူးပြောင်းအကျိုးသက်ရောက်မှုများအပေါ် အဓိကထား၍ဆွေးနွေးခဲ့ကြသည်။ ၂၀၂၅ ခုနှစ် ပထမနှစ်ဝက်အတွင်း နှစ်နိုင်ငံအကြား ရေနံမဟုတ်သော ကုန်သွယ်မှုပမာဏမှာ အမေရိကန်ဒေါ်လာ ၃၇ ဒသမ ၆ ဘီလီယံအထိမြင့်တက်လာခဲ့ပြီး တစ်နှစ်ထက်တစ်နှစ် ၃၃ ဒသမ ၉ ရာခိုင်နှုန်း တိုးမြင့်လာခဲ့သည်။ ကုန်သွယ်မှုပမာဏများအပြင် အဆိုပါစာချုပ်သည် ကျောက်မျက်နှင့်လက်ဝတ်ရတနာများ၊ စားသောက်ကုန်ထုတ်လုပ်ရေး၊ တယ်လီကွန်း၊ မြစိမ်းရောင်စွမ်းအင်နှင့် ဒစ်ဂျစ်တယ်ဝန်ဆောင်မှုများကဲ့သို့သော ကဏ္ဍများတွင်လည်း တိုးတက်မှုအပေါ် တွန်းအားပေးနိုင်ခဲ့သည်။

အဆိုပါ CEPA သဘောတူညီချက်သည် ဥာဏ်ရည်တု၊ အာကာသနည်းပညာ၊ ရေရှည်တည်တံ့မှုနှင့် ငွေကြေးပေါင်းစပ်မှုကဏ္ဍများတွင်လည်း လမ်းကြောင်းသစ်များကို ဖွင့်လှစ်ပေးခဲ့သည်။ အိန္ဒိယနိုင်ငံ၏ ပြည်နယ်များတွင် ရင်းနှီးမြှုပ်နှံမှုများကို ဆွဲဆောင်ရန်၊ အသေးစားနှင့်အလတ်စားစီးပွားရေးလုပ်ငန်းများကို အားကောင်းလာစေရန်နှင့် ၎င်းတို့၏ကမ္ဘာလုံးဆိုင်ရာ ပို့ကုန်လက်လှမ်းမီမှုအားချဲ့ထွင်နိုင်ရန်အတွက် ၎င်း CEPA ကို အသုံးချမှုဖြင့် အခြေခံကဏ္ဍအဆင့်များတွင် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုများကို ပိုမိုမြှုပ်နှံထားရှိသည်။

အစည်းအဝေးတွင် UIBC-UC က ၎င်းတို့၏ သုတေသနစာတမ်းအသစ်ဖြစ်သည့် ပေါင်းစပ်အင်အား - အိန္ဒိယ - ယူအေအီး CEPA မှ ကမ္ဘာလုံးဆိုင်ရာ အလားအလာများကို သော့ဖွင့်ပေးခြင်းစာတမ်းဖြင့် စတင်ထုတ်ပြန်ခဲ့သည်။ အဆိုပါလေ့လာမှုတွင် CEPA ကို ကုန်သွယ်ရေးသဘောတူညီချက်တစ်ခုထက် ပို၍သဘောထားရှိကာ ၎င်းအား ဆန်းသစ်တီထွင်မှုဖြင့် ဦးဆောင်သော ပူးပေါင်းဆောင်ရွက်မှုအတွက် အသေးစိတ်ပုံစံတစ်ခုနှင့် ဒေသတွင်းပူးပေါင်းဆောင်ရွက်မှု ပုံစံတစ်ခုအဖြစ် ဖော်ပြထားရှိသည်။

အဆိုပါအစီရင်ခံစာတွင် သန့်ရှင်းသောစွမ်းအင်၊ ပညာရေး၊ သုတေသန၊ ဒစ်ဂျစ်တယ်ပေါင်းစည်းမှုနှင့် လူသားအရင်းအနှီးဖွံ့ဖြိုးတိုးတက်ရေးကဏ္ဍများတို့တွင် ပိုမိုနက်ရှိုင်းစွာထိတွေ့ဆက်ဆံရန်၊ အိန္ဒိယနှင့်ယူအေအီးနိုင်ငံတို့၏ မျှဝေထားသော အမြင်ကို အားဖြည့်ပေးသည့်အနေဖြင့် ကမ္ဘာလုံးဆိုင်ရာကုန်သွယ်ရေးအုပ်ချုပ်မှုနှင့် ရေရှည်တည်တံ့သောတိုးတက်မှုတို့အပေါ် ပုံဖော်ရန်အတွက် ဖော်ပြတောင်းဆိုထားကြောင်း သတင်းဌာနမှ ဖော်ပြထားသည်။

News Source: Emirates News Agency, (နန္ဒာစိုးမြင့်၊ စီးပွားရေးသံမှူး၊ အဘူဒါဘီမြို့)

Source: https://myantrade.gov.mm/article/STP(Ygn)_26092025_15:53

ကမ္ဘောဒီးယားနိုင်ငံသည် တရုတ်နိုင်ငံသို့ ဝီလောပီနံခြောက် တန်ချိန် ၅၀၀,၀၀၀ တင်ပို့မှု နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုး

ကမ္ဘောဒီးယားနိုင်ငံသည် တရုတ်နိုင်ငံသို့ ၎င်း၏ စိုက်ပျိုးရေးတင်ပို့မှုကို မြှင့်တင်ရန် အဓိကခြေလှမ်း တစ်ရပ်ကို ၂၀၂၅-၂၀၂၆ ခုနှစ်အတွက် ဝီလောပီနံအခြောက် တန်ချိန် ၅၀၀,၀၀၀ တင်ပို့မှုနှင့်ပတ်သက်၍ နားလည်မှုစာချွန်လွှာ(MOU)ကို လက်မှတ်ရေးထိုးခဲ့သည်။ အဆိုပါ နားလည်မှုစာချွန်လွှာရေးထိုးပွဲ အခမ်းအနားကို စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနရုံးချုပ်တွင် ၂၀၂၅ ခုနှစ် သြဂုတ်လ ၂၁ ရက်နေ့က လက်မှတ်ရေးထိုးခဲ့ပြီး စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီး Cham Nimul က ဦးဆောင်ခဲ့သည်။ Nimul က အမြဲတမ်းကော်မတီအဖွဲ့ဝင်၊ အထွေထွေအတွင်းရေးမှူးနှင့် CPC Guangxi ကော်မတီ၏ အထွေထွေရုံး ညွှန်ကြားရေးမှူးချုပ် Zhou Yijue ဦးဆောင်လာခဲ့သည့် တရုတ်နိုင်ငံ၏ Guangxi ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသမှ အဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့ကို COFCO Biotechnology မှ ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံခဲ့သည်။ နားလည်မှုစာချွန်လွှာသည် ကမ္ဘောဒီးယား လယ်ယာထွက်ကုန်များမြှင့်တင်ရန် အစိုးရ၏ ကတိကဝတ်ကို အလေးပေးဖော်ပြနေခြင်းဖြစ်ပြီး ပို့ကုန်စျေးကွက်များချဲ့ထွင်ခြင်း၊ စျေးကွက်ကွဲပြားစေရန်နှင့် နိုင်ငံတကာလိုအပ်ချက်များနှင့် ကိုက်ညီစေရန် ထုတ်လုပ်မှုနှင့်စီမံဆောင်ရွက်မှု စံချိန်စံညွှန်းများကို မြှင့်တင်ရန်ဖြစ်သည်။ ဤသဘောတူညီချက်သည် ကမ္ဘောဒီးယားနိုင်ငံ၏ စိုက်ပျိုးရေးကုန်သွယ်မှုနှင့် ဒေသဆိုင်ရာ ထောက်ပံ့ရေး ကွင်းဆက်ပေါင်းစည်းမှုကို အားကောင်းလာစေရန်အတွက် အရေးကြီးသောခြေလှမ်းတစ်ရပ်ကို ကိုယ်စားပြုကြောင်း MoC မှ ထုတ်ပြန်ထားသည်။

၂၀၂၅ ခုနှစ် သြဂုတ်လ ၂၁ ရက်နေ့တွင် ချုပ်ဆိုခဲ့သော တန်ချိန် ၅၀၀,၀၀၀ သဘောတူညီချက်သည် ၂၀၂၅ ခုနှစ် မတ်လတွင်လက်မှတ်ရေးထိုးခဲ့သော ယခင်တန်ချိန် ၂၀၀,၀၀၀ ကို အခြေခံခဲ့ပြီး ကမ္ဘောဒီးယား လယ်ယာထွက်ကုန်များအပေါ် ယုံကြည်မှုတိုးလာခြင်းနှင့် နှစ်နိုင်ငံကုန်သွယ်မှု ပူးပေါင်းဆောင်ရွက်မှု ပိုမိုအားကောင်းလာခြင်းတို့ကို ထင်ဟပ်စေခဲ့ကြောင်း ထုတ်ပြန်ထားသည်။ အဆိုပါ သဘောတူညီချက်သည် လယ်သမားများနှင့် စိုက်ပျိုးရေးထုတ်ကုန်လုပ်ကိုင်သူများအတွက် အလုပ်အကိုင်များ ဖန်တီးပေးပြီး ရေရှည်တည်တံ့သော စိုက်ပျိုးရေးတိုးတက်မှုကိုပံ့ပိုးပေးကာ စီးပွားရေးအကျိုးအမြတ်များ ဆောင်ကြဉ်းပေးမည်ဟု မျှော်လင့်ထားကြသည်။ ကမ္ဘောဒီးယားနိုင်ငံသည် အာရှတိုက်တွင် စတုတ္ထအကြီးဆုံး ဝီလောပီနံထုတ်လုပ်သည့်နိုင်ငံဖြစ်ပြီး ကမ္ဘာတစ်ဝှမ်းတွင် ဒသမအကြီးဆုံးဖြစ်ပြီး နှစ်စဉ်နှစ်တိုင်း ဝီလောပီနံ တန်ချိန် ၁၂ သန်းကျော် ထွက်ရှိကြောင်းသိရသည်။

Source: https://www.doca.gov.mm/my/node/49402

Total Energies သည် ကမ္ဘောဒီးယားသို့ ရေနံများ ထောက်ပံ့ပေးရန် လမ်းဖွင့်

ပြင်သစ်နိုင်ငံအခြေစိုက် ရေနံထွက်ကုန်ပစ္စည်းထုတ်လုပ်သည့် Total Energies ကုမ္ပဏီသည် ကမ္ဘောဒီးယားသို့ ရေနံများထောက်ပံ့ပေးရန် လမ်းဖွင့်ထားကြောင်း သတ္တုတွင်းနှင့် စွမ်းအင်ဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည်။ သတ္တုတွင်းနှင့် စွမ်းအင်ဝန်ကြီး Keo Rottanak သည် Total Energies ဒုတိယ ညွှန်ကြားရေးမှူး Mehmet Celepoglu ကို ပြီးခဲ့သည့်အပတ်က ဝန်ကြီးဌာနရုံးတွင် လက်ခံတွေ့ဆုံခဲ့သည်။ နယ်စပ်ပဋိပက္ခဖြစ်ပွားပြီးနောက် ၂၀၂၅ ခုနှစ်၊ ဇွန်လတွင် ဒီဇယ်၊ ဓာတ်ဆီ၊ ဓာတ်ဆီ၊ ဓာတ်ငွေ့ရည်၊ လောင်စာဆီနှင့် ဂျက်ဆီများအပါအဝင် ထိုင်းနိုင်ငံမှ စွမ်းအင်တင်သွင်းမှုအပေါ် ကမ္ဘောဒီးယား၏ စွမ်းအင်တင်သွင်းမှု ပိတ်ပင်လိုက်ခြင်းကြောင့် Total Energies ထောက်ပံ့ပေးရန် လမ်းဖွင့်ထားခြင်းသည် အရေးပါသော အခန်းကဏ္ဍမှ ပံ့ပိုးပေးခဲ့ကြောင်း ထုတ်ပြန်ခဲ့သည်။

Total Energies သည် နိုင်ငံတော်၏ ရေနံ၊ သဘာဝဓာတ်ငွေ့နှင့် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်ကဏ္ဍများတွင် ရင်းနှီးမြှုပ်နှံမှုအခွင့်အလမ်းများကို အလေးအနက်ထား ရှာဖွေနေကြောင်း Khmer Times တွင် အစောပိုင်းက ဖော်ပြခဲ့သည်။ Total Energies သည် ကမ္ဘာ့အကြီးဆုံး ရေနံနှင့်သဘာဝဓာတ်ငွေ့ ထုတ်လုပ်တင်ပို့လျက်ရှိသည့် ကုမ္ပဏီများထဲမှတစ်ခုဖြစ်သည်။ ကုမ္ပဏီသည် နိုင်ငံပေါင်း ၁၃၀ ကျော်တွင် လည်ပတ်နေပြီး ဝန်ထမ်း ၁၀၀,၀၀၀ ကျော်ဖြင့် လည်ပတ်လျက်ရှိသည်။

Source: https://www.doca.gov.mm/my/node/50432

ထိုင်းနိုင်ငံသို့ ဗီယက်နမ်၏ ရောဘဝဲနှင့် ကင်းမွန်တင်ပို့မှုမြင့်တက်

၂၀၂၅ ခုနှစ်၏ ပထမနှစ်ဝက်တွင် ဗီယက်နမ်၏ ရောဘဝဲနှင့် ကင်းမွန်များ ထိုင်းနိုင်ငံသို့ တင်ပို့မှုမှာ ၃၇ ရာခိုင်နှုန်း မြင့်တက်ခဲ့ပြီး ထိုင်းဈေးကွက်သည် ဗီယက်နမ်၏ထိုထုတ်ကုန်များအတွက် အဓိကဦးတည်ရာနေရာ များထဲမှတစ်ခုဖြစ်လာရန် အလားအလာကိုပြသခဲ့ကြောင်း သိရသည်။

ယခုနှစ်၏ ပထမ ၆ လတာကာလတွင် ထိုင်းနိုင်ငံသို့တင်ပို့မှုတန်ဖိုးမှာ အမေရိကန် ဒေါ်လာ ၃၃ သန်း တန်ဖိုးရှိခဲ့ပြီး ဗီယက်နမ်၏ စုစုပေါင်းရောဘဝဲနှင့် ကင်းမွန်တင်ပို့မှုတန်ဖိုး၏ ၁၀ ရာခိုင်နှုန်းရှိကြောင်း သိရသည်။ ယခုနှစ်ပထမ ၃ လပတ် ကာလနှစ်ခုလုံးတွင် စံချိန်တင်ဂဏန်း ၂ လုံးကြီးထွားခဲ့ပြီး တည်ငြိမ်ပြီးဝယ်လိုအား ကျယ်ပြန့်လာမှုကို ရောင်ပြန်ဟပ်ကြောင်း ဗီယက်နမ်ပင်လယ်စာတင်ပို့သူများနှင့် ထုတ်လုပ်သူများအသင်း၏ အဆိုအရ သိရသည်။ ကင်းမွန်တင်ပို့မှုမှာ ဝင်ငွေအမေရိကန် ဒေါ်လာ ၃၂ ဒသမ ၅ သန်းဖြင့် အဓိကပို့ကုန်အဖြစ် ဆက်လက်တည်ရှိနေပြီး ၂၀၂၄ ခုနှစ် တူညီသည့်ကာလနှင့်နှိုင်းယှဉ်ပါက ၃၅ ဒသမ ၆ ရာခိုင်နှုန်း မြင့်တက်ခဲ့ကြောင်း သိရသည်။ အခြောက်ခံထားသော၊ ကင်ထားသော၊ အဆင်သင့် စားသုံးနိုင်သည့် ကင်းမွန်တင်ပို့မှုမှ ဝင်ငွေ အမေရိကန်ဒေါ်လာ သန်း ၃၀ ကျော်ရရှိခဲ့ခြင်းဖြစ်ပြီး ၃၀ ရာခိုင်နှုန်းမြင့်တက်ခဲ့ကြောင်း သိရသည်။

လတ်ဆတ်သောကင်းမွန်၊ ကင်းမွန်အရှင်နှင့် အေးခဲထားသောကင်းမွန်တင်ပို့မှုမှာ ၂၅၄ ရာခိုင်နှုန်း မြင့်တက်ခဲ့ကြောင်း သိရသည်။ တစ်ချိန်တည်းမှာပင် ရောဘဝဲသည် ဝင်ငွေရရှိမှုတွင် နည်းပါးခဲ့သော်လည်း သိသာစွာကြီးထွားခဲ့ကြောင်း သိရသည်။ ပြုပြင်ထုတ်လုပ်ထားသော ရောဘဝဲတင်ပို့မှုမှာ ၂၅၀ ရာခိုင်နှုန်းမြင့်တက်ခဲ့ပြီး အခြောက်ခံထားသော၊ ဆားစိမ်ထားသော၊ လတ်ဆတ်သော၊ အေးခဲထားသောရောဘဝဲနှင့် ရောဘဝဲအရှင်တင်ပို့မှုမှာ ၄၃ ရာခိုင်နှုန်းမြင့်တက်ခဲ့ကြောင်းသိရသည်။ သိသာထင်ရှားသည့်အလားအလာများနှင့်အတူ အနာဂတ်တွင် ထိုင်းနိုင်ငံသည် ဗီယက်နမ်၏ ရောဘဝဲနှင့် ကင်းမွန်ကဏ္ဍအတွက် အဓိကဈေးကွက်များထဲမှ တစ်ခုဖြစ်လာနိုင်ကြောင်း အသင်းကပြောကြားခဲ့သည်။ သို့သော် ထိုင်းနိုင်ငံသည် တရုတ်၊ အိန္ဒိယနှင့် အာဂျင်တီးနားတို့ထံမှ နည်းပါးသောဈေးနှုန်းများနှင့် တင်သွင်းသည့်အရင်းအမြစ်ကွဲပြားရန် ကြိုးပမ်းနေသောကြောင့် ယှဉ်ပြိုင်မှုဖိအားနှင့်ပတ်သက်၍ အသင်းကသတိပေးခဲ့ကြောင်း သိရသည်။ ထို့ကြောင့် အသင်းက ဗီယက်နမ်လုပ်ငန်းများကို ယှဉ်ပြိုင်နိုင်စွမ်းဆက်လက်ထိန်းသိမ်းရန်အတွက် ပြုပြင်ထုတ်လုပ်မှုတိုးတက်ရန်၊ အားကောင်းသော ထောက်ပံ့မှုကွင်းဆက်တည်ဆောက်ရန်နှင့် အရည်အသွေးနှင့် ကုန်ကျစရိတ်လိုအပ်ချက်များ ကိုက်ညီရန်အပေါ် အဓိက အာရုံစိုက်ရန် တိုက်တွန်းခဲ့ကြောင်း သိရသည်။

Source: https://www.doca.gov.mm/my/node/50641

ဇီဝလောင်စာ တင်သွင်းနေရသည့်နိုင်ငံအဖြစ်မှ ဇီဝလောင်စာတင်ပို့သည့်နိုင်ငံ ဖြစ်လာသည့် တောင်ကိုရီးယားနိုင်ငံ

ပြည့်ဖြိုးမြဲစွမ်းအင်အသုံးပြုသည့် နိုင်ငံအဖြစ်သို့ကူးပြောင်းနေသည့် တောင်ကိုရီးယားနိုင်ငံသည် တစ်ချိန်က ဇီဝလောင်စာများနှင့် ကုန်ကြမ်းပစ္စည်းများကို ပြည်ပမှ အဓိကထားတင်သွင်းခဲ့ရသည့် နိုင်ငံတစ်နိုင်ငံအဖြစ် ရပ်တည်ခဲ့ရသည်။ သို့သော် ယခုအခါ ဇီဝလောင်စာများတင်ပို့သည့်နိုင်ငံဖြစ်လာသည့်အပြင် ကမ္ဘာ့ဈေးကွက်တွင် ဦးဆောင်တင်ပို့ရောင်းချသည့် နိုင်ငံဖြစ်လာမည့်အလားအလာများကြောင့် ကနေဒါနိုင်ငံ၊ အော်စလိုမြို့အခြေစိုက် Rystad Energy's၏ ကမ္ဘာ့ဇီဝစွမ်းအင်ဈေးကွက်သုတေသနဌာန(Global Bioenergy Market Research Division) မှ သုတေသီ Mr. Lars Klesse က ပြောကြားခဲ့သည်။

ယခင်က တောင်ကိုရီးယားနိုင်ငံသည် တရုတ်နိုင်ငံနှင့် မလေးရှားနိုင်ငံအပါအဝင် အခြားသောနိုင်ငံများမှ စားအုန်းဆီနှင့် အသုံးပြုပြီးဟင်းချက်ဆီ (used cooking oil-UCO) များကဲ့သို့သော ဇီဝလောင်စာကုန်ကြမ်းများ တင်သွင်းမှုအပေါ် အားကိုးနေရသည့်နိုင်ငံဖြစ်ကြောင်း၊ သို့သော်လက်ရှိတွင် တောင်ကိုရီးယားနိုင်ငံ၏ ဇီဝလောင်စာကဏ္ဍသည် ခရီးတစ်ခု ရောက်နေပြီဖြစ်ကြောင်း၊ ရေရှည်တည်တံ့ခိုင်မြဲမည့်လေယာဉ်လောင်စာဆီ (Sustainable Aviation Fuel- SAF) နှင့် Hydro treated Vegetable Oil-HVO (စွန့်ပစ်ဟင်းချက်ဆီများ၊ တိရစ္ဆာန်အဆီများနှင့် ဟင်းသီးဟင်းရွက်ဆီများကဲ့သို့သော ပြန်လည်သုံးစွဲနိုင်သည့် အရင်းအမြစ်များကို ဟိုက်ဒရိုဂျင်ထည့်သွင်းခြင်းဖြစ်စဉ်(High-Pressure Hydrotreatment Process) ဖြင့် ထုတ်လုပ်သောဒီဇယ်ဆီ ကို ရည်ရွယ်ထုတ်လုပ်ခဲ့မှုအောင်မြင်နေပြီဖြစ်သည့်အတွက် အနာဂတ်တွင်(HVO နှင့် SAF တို့အပြင် လောင်စာဆီကုန်ကြမ်းများကိုပါ တင်ပို့သည့်နိုင်ငံဖြစ်လာနိုင်ကြောင်း သုတေသီ Mr. Lars Klesse က ပြောကြားခဲ့သည်။

လက်ရှိတွင် တောင်ကိုရီးယားနိုင်ငံသည် HVO နှင့် SAF တို့ကို ဥရောပသမဂ္ဂနိုင်ငံများ၊ မြောက်အမေရိကနှင့် ဂျပန်နိုင်ငံတို့အပါအဝင် ပြည်ပနိုင်ငံများသို့တင်ပို့လျက်ရှိပြီး တင်ပို့မှုပမာဏသည်လည်း မှတ်သားဖွယ်ရာ အခြေအနေရောက်ရှိနေကြောင်း၊ HVO နှင့် SAF ထုတ်လုပ်ရာတွင် အထူးသဖြင့် အသုံးပြုပြီးဟင်းချက်ဆီ(Used Cooking Oil-UCO)ကို ကုန်ကြမ်းအဖြစ် အသုံးချကြောင်း၊ ယခင်က တရုတ်နိုင်ငံသည် ကမ္ဘာ့စွေးကွက်သို့ ဇီဝလောင်စာဆီကုန်ကြမ်းများကို တင်ပို့နေသော်လည်း ယခုအခါ ၎င်းကုန်ကြမ်းများကို တရုတ်ပြည်တွင်း၌ HVO နှင့် SAF ထုတ်လုပ်ရန် ပြည်ပသို့တင်ပို့မှု မရှိတော့ကြောင်း၊ သို့ဖြစ်၍ တောင်ကိုရီးယားနိုင်ငံသည် အဆိုပါ အခွင့်အလမ်းကိုအရယူ၍ ကမ္ဘာ့စွေးကွက်သို့ ဇီဝလောင်စာဆီ ကုန်ကြမ်းများနှင့် လေယာဉ်လောင်စာဆီ(SAF)ကို တင်ပို့ရောင်းချနိုင်ပြီဖြစ်ပါကြောင်း Mr. Lars Klesse က ပြောကြားခဲ့သည်။

ဥရောပသမဂ္ဂနိုင်ငံများသည် ကာဗွန်လျှော့ချရေးရည်မှန်းချက်အရ သယ်ယူပို့ဆောင်ရေးကဏ္ဍတွင် ပြည့်ဖြိုးမြဲစွမ်းအင်များသုံးစွဲမှုအချိုးအစားကို မြှင့်တင်ရမည်ဖြစ်သည့်အတွက် အဆိုပါနိုင်ငံများသည် အကြီးဆုံးစွေးကွက်ကြီးအဖြစ် ရပ်တည်နေကြောင်း၊ ဥရောပသမဂ္ဂနိုင်ငံများမှ ပြဋ္ဌာန်းထားသည့် ReFuelEU Aviation Regulation ၏သတ်မှတ်စည်းမျဉ်းနှင့်မညီပါက ပြစ်ဒဏ်ချမှတ်မည့်အစီအစဉ်များအရ အရည်အသွေးမြင့်လေယာဉ်လောင်စာဆီများ ဝယ်ယူတင်သွင်းရမည်ဖြစ်သည့်အတွက် တောင်ကိုရီးယားနိုင်ငံမှ SAF တင်ပို့သူများအတွက် ရေရှည်ဖောက်သည်ဖြစ်နိုင်ကြောင်း၊ သို့ဖြစ်၍ ရေရှည်တည်တံ့သည့် လေကြောင်းသုံးလောင်စာဆီထုတ်လုပ်မှုတွင် ဦးဆောင်သည့်နိုင်ငံဖြစ်လာစေရေး ရည်ရွယ်ဆောင်ရွက်သင့်ကြောင်းနှင့် SAF တင်ပို့သူများသည် ကမ္ဘာ့လေကြောင်းလိုင်းများနှင့်ချိတ်ဆက်၍ လာမည့် ၇ နှစ်၊ ၁၀ နှစ် ပိုသောနှစ်များတွင် ပုံမှန်ရောင်းလိုအားဖြင့် တင်ပို့ရောင်းချပေးနိုင်ရေး ညှိနှိုင်းကြိုးပမ်းဆောင်ရွက်သင့်ကြောင်း၊ တောင်ကိုရီးယားနိုင်ငံသည် စွေးကွက်ယှဉ်ပြိုင်နိုင်ရန် စက်မှုအခြေခံရှိသောနိုင်ငံဖြစ်သည့်အပြင် နိုင်ငံတကာစွေးကွက်ဝင်ရောက်နိုင်သည့် စွမ်းရည်ရှိပြီးနိုင်ငံဖြစ်သည့်အတွက် အစိုးရအနေဖြင့် ခိုင်မာသည့်မူဝါဒရည်မှန်းချက်များရှိရန်နှင့် ရင်းနှီးမြှုပ်နှံမှုများ ပိုမိုအား ကောင်းလာစေရေးဆောင်ရွက်ရန် လိုအပ်ကြောင်း Mr. Lars Klesse က အကြံပြုခဲ့သည်။

Source: Korea Herald ,(ပပ၊ စီးပွားရေးသံမှူး၊ ဆိုးလ်မြို့)

Source: https://myantrade.gov.mm/article/STP(Ygn)_17092025_14:28

ကမ္ဘောဒီးယားနိုင်ငံသည် ၂၀၂၅ ခုနှစ်၏ ပထမ ၈ လ အတွင်း ရော်ဘာစေးတင်ပို့မှုမှ အမေရိကန် ဒေါ်လာ ၃၂၈ သန်းကျော်ရရှိ

ကမ္ဘောဒီးယားနိုင်ငံသည် ၂၀၂၅ ခုနှစ်၏ ပထမ ၈ လအတွင်း ရော်ဘာစေးတင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၃၂၈ သန်း ဝင်ငွေရရှိခဲ့ပြီး ယခင်နှစ် အလားတူကာလနှင့်တူညီနေကြောင်း စက်တင်ဘာလ ၁၁ ရက်နေ့က ထုတ်ပြန်သော တရားဝင် အချက်အလက်များအရ သိရသည်။

၂၀၂၅ ခုနှစ် ဇန်နဝါရီ-ဩဂုတ်လ ကာလအတွင်း ကမ္ဘောဒီးယားနိုင်ငံသည် ကုန်စည်တန်ချိန် ၁၈၃,၉၁၀ တန်တင်ပို့ခဲ့ကြောင်း၊ ယင်းသည် ယခင်နှစ်အလားတူကာလနှင့် နှိုင်းယှဉ်ပါက ၂၀၉,၇၃၃ တန်မှ ၁၂ ရာခိုင်နှုန်း ကျဆင်းသွားခြင်းဖြစ်ကြောင်း ရော်ဘာလုပ်ငန်း ညွှန်ကြားရေးဌာနမှ ပြောကြားခဲ့သည်။ ပြည်တွင်းရော်ဘာစေး သုံးစွဲမှုသည် ပထမ ၈ လအတွင်း ၈၉ ရာခိုင်နှုန်း သိသိသာသာမြင့်တက်လာပြီး တန်ချိန် ၇၅,၅၂၃ တန်အထိ ရောက်ရှိခဲ့သည်။ ပြည်တွင်းရောင်းချမှုမှ ဒေါ်လာ ၁၃၇ သန်းခန့် စုစုပေါင်း ဝင်ငွေရရှိကြောင်း သိရသည်။

ရော်ဘာစေးတစ်တန်သည် ပျမ်းမျှအားဖြင့် ၂၀၂၅ ခုနှစ် ပထမရှစ်လအတွင်း အမေရိကန် ဒေါ်လာ ၁,၇၈၆ ရှိပြီး ၂၀၂၄ ခုနှစ် အလားတူကာလထက် ဒေါ်လာ ၂၂၀ ခန့် ပိုများသည်ဟု ရော်ဘာလုပ်ငန်းညွှန်ကြားရေးဌာန၏ ညွှန်ကြားရေးမှူးချုပ် Khun KaKada ကပြောကြားခဲ့သည်။

ကမ္ဘောဒီးယားနိုင်ငံသည် ရော်ဘာစေးကို အဓိကအားဖြင့် မလေးရှား၊ ဗီယက်နမ်၊ စင်ကာပူနှင့် တရုတ် နိုင်ငံများသို့ တင်ပို့ကြောင်း သိရသည်။

Source: https://www.doca.gov.mm/my/node/52068

ပြည်တွင်းကုန်သွယ်မှုသတင်း

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးမင်းမင်း နယ်စပ်ကုန်သွယ်မှုများဆောင်ရွက်ရာတွင် လိုက်နာရမည့် လုပ်ငန်းစဉ်များအကြောင်း သင်တန်းအမှတ်စဉ် (၁/၂၀၂၅) သင်တန်းဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်အဖွင့်အမှာစကားပြောကြား

၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ ၂၉ ရက်နေ့၊ နံနက် ၀၉:၃၀ နာရီအချိန်တွင် ရန်ကုန်မြို့ရှိ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကုန်သွယ်ရေးဦးစီးဌာန၊ ပို့ကုန်သွင်းကုန်ရုံး၊ ညီလာခံခန်းမ၌ ကျင်းပပြုလုပ်ခဲ့သည့် နယ်စပ်ကုန်သွယ်မှုများ ဆောင်ရွက်ရာတွင် လိုက်နာရမည့် လုပ်ငန်းစဉ်များအကြောင်းသင်တန်းအမှတ်စဉ် (၁/၂၀၂၅) သင်တန်းဖွင့်ပွဲ အခမ်းအနားသို့ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးမင်းမင်း တက်ရောက်အဖွင့်အမှာစကား ပြောကြားခဲ့သည်။

အခမ်းအနားတွင် ဒုတိယဝန်ကြီး ဦးမင်းမင်းက ယခုဖွင့်လှစ်ပို့ချမည့် သင်တန်းသည် မြန်မာနိုင်ငံနှင့် ထိုင်းနိုင်ငံတို့အကြား နှစ်နိုင်ငံကုန်သွယ်မှုဆောင်ရွက်ရာတွင် ရနောင်း-ကော့သောင်း-ရန်ကုန် ကုန်သွယ်မှုလမ်းကြောင်းတစ်လျှောက် ကုန်သွယ်မှုလွယ်ကူချောမွေ့စေရေး၊ ကုန်စည်စီးဆင်းမှု မှန်ကန်မြန်ဆန်စေရေး၊ တရားမဝင်ကုန်သွယ်မှု လျော့နည်းပပျောက်စေရေး၊ ကုန်သည်လုပ်ငန်းရှင်များ၏ ကုန်သွယ်မှုဆိုင်ရာ အခက်အခဲများအား ဖြေရှင်းဆောင်ရွက်နိုင်ရန် ရည်ရွယ်ဖွင့်လှစ်ခြင်းဖြစ်ကြောင်း၊ သင်တန်းတွင် ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်နိုင်ရေးသင်ကြားပို့ချပေးသွားမည်ဖြစ်သည့်အတွက် အကျိုးရှိမည့် သင်တန်းတစ်ခုဖြစ်ကြောင်း၊ သင်ကြားပို့ချမည့် ဘာသာရပ်များအား မိမိတို့ဝန်ကြီးဌာနအပြင် ကုန်သွယ်မှုနှင့် ဆက်နွယ်နေသော အခြားဝန်ကြီးဌာနများမှ ဘာသာရပ်ဆိုင်ရာ ကျွမ်းကျင်သူများနှင့် ပြင်ပဘာသာရပ် ကျွမ်းကျင်သူပညာရှင်များက လုပ်ငန်းနယ်ပယ်အသီးသီးရှိ ဥပဒေများ၊ လုပ်ထုံးလုပ်နည်းများနှင့် စည်းမျဉ်းစည်းကမ်း သတ်မှတ်ချက်များကို အလေးထားသင်ကြားပို့ချပေးသွားမည် ဖြစ်သည့်အတွက် သင်တန်းသားများအနေဖြင့် ပို့ချမှုများအားစိတ်ပါဝင်စားစွာလေ့လာမှတ်သားကြစေလိုကြောင်းနှင့် အပြန်အလှန်ဆွေးနွေးခြင်းဖြင့် မိမိတို့အတွက် အကျိုးကျေးဇူး များစွာရရှိအောင် ကြိုးစားသွားကြစေလိုကြောင်း ပြောကြားခဲ့သည်။

အဆိုပါသင်တန်းအား ၅ ရက်ကြာ ဖွင့်လှစ်ပို့ချသွားမည်ဖြစ်ပြီး စုစုပေါင်းသင်တန်းသားဦးရေ ၅၆ ဦး တက်ရောက်သွားမည်ဖြစ်သည်။

သင်တန်းဖွင့်ပွဲသို့ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (UMFCCI) မှ ဖိတ်ကြားထားသည့် ဧည့်သည်တော်များ၊ သင်တန်းနည်းပြများနှင့် သင်တန်းသား၊ သင်တန်းသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

Source: https://commerce.gov.mm/my/article/minister-news/32671

ပြည်ပကုန်သွယ်မှုသတင်း

မြန်မာ-တရုတ် စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေး တွေ့ဆုံဆွေးနွေးပွဲ
The Soul Treadure of Myanmar ကျင်းပ

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့နှင့် ရန်ကုန်တိုင်းဒေသကြီး ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်းရှင်များအသင်းတို့ ပူးပေါင်းစီစဉ်မှုဖြင့် မြန်မာ - တရုတ် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေး တွေ့ဆုံဆွေးနွေးပွဲ - The Soul Treasure of Myanmar ကို ၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ ၁၆ ရက်နေ့၊ ၁၀:၀၀ နာရီအချိန်တွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ နန်နင်းမြို့ရှိ နန်နင်းကုန်သွယ်ရေးသွယ်ရေးကိုယ်စားလှယ်ရုံး၌ ကျင်းပပြုလုပ်ခဲ့သည်။

အဆိုပါအခမ်းအနားတွင် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးချစ်ဆွေက အဖွင့်အမှာစကားပြောကြားရာ မြန်မာ့ကျောက်စိမ်းသည် တရုတ်နိုင်ငံတွင် လူသိများထင်ရှား၍ စွဲးကွက်ရရှိပြီးဖြစ်သည့် ထုတ်ကုန်တစ်ခုဖြစ်ပါကြောင်း၊ မြန်မာ့အရည်အသွေးမြင့် ကျောက်မျက်ရတနာများဖြစ်သည့် ပတ္တမြားနှင့် နီလာတို့ကိုလည်း တရုတ်နိုင်ငံစွဲးကွက်သို့ ထိုးဖောက်ဝင်ရောက်နိုင်ရန် ရည်ရွယ်၍ ယနေ့အခမ်းအနားကို ကျင်းပရခြင်းဖြစ်ကြောင်း၊ ကမ္ဘာတွင်

ထင်ရှားကျော်ကြားသည့် မြန်မာ့ပတ္တမြားသည် မြန်မာနိုင်ငံ၊ မိုးကုတ်ဒေသမှ အဓိကထွက်ရှိပြီး အဆိုပါ မိုးကုတ် ပတ္တမြားကို ရှေးမြန်မာဘုရင်များလက်ထက်ကတည်းက တော်ဝင်နန်းသုံးရတနာအဖြစ် တန်ဖိုးထားအသုံးပြုခဲ့ကြကြောင်း၊ နီလာကို သီရိလင်္ကာ၊ ဩစတြေးလျ၊ ကက်ရှ်မီးယား၊ မြန်မာ၊ ထိုင်း၊ ကမ္ဘောဒီယားနှင့် အမေရိကန်နိုင်ငံတို့တွင် ထွက်ရှိပြီး မြန်မာ့နီလာမှာ ကမ္ဘာပေါ်တွင် ဒုတိယမြောက် အရည်အသွေးအကောင်းဆုံးဖြစ်ကြောင်း၊ ယနေ့အခမ်းအနားကို တရုတ်နိုင်ငံ၊ ကွမ်ရှီး၊ ကွမ်တုံ၊ ဟူနန်၊ ယူနန်၊ ဟိုင်နန်၊ ဟောင်ကောင်၊ မကာအိုနှင့် အခြားဈေးကွက်အလားအလာ ရှိသောဒေသများမှ ကုန်သည်လုပ်ငန်းရှင်များနှင့် အသင်းအဖွဲ့ကိုယ်စားလှယ်များ ပါဝင်တက်ရောက် ကြသည့်အတွက် မြန်မာ့ပတ္တမြားနှင့် နီလာကုန်သည်လုပ်ငန်းရှင်များနှင့် ဈေးကွက်ချိတ်ဆက်နိုင်မည်ဟု မျှော်လင့်ပါကြောင်း ပြောကြားခဲ့သည်။

ဆက်လက်၍ ကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်း (ရန်ကုန်)မှ ဥက္ကဋ္ဌ ဦးအောင်ကျော်ဇင်က မြန်မာ့ပတ္တမြားနှင့် နီလာ တရုတ်နိုင်ငံဈေးကွက်ရရှိရေးဆိုင်ရာ အချက်အလက်များကို ရှင်းလင်းတင်ပြဆွေးနွေးခဲ့ပြီး ကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်း(ရန်ကုန်)နှင့် မြန်မာကုန်သွယ်ရေးစင်တာ(ဟိုင်နန်)တို့အကြား တရုတ်နိုင်ငံတွင် မြန်မာ့ကျောက်မျက်ရတနာဈေးကွက်မြှင့်တင်ရေး ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ သဘောတူညီချက်စာလွှာအား လဲလှယ်ခဲ့ကြသည်။ ထို့နောက် ကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်း (ရန်ကုန်) မှ တာဝန်ရှိသူများက ပြည်ထောင်စုဝန်ကြီးနှင့် ကိုယ်စားလှယ်အဖွဲ့အား ခင်းကျင်းပြသထားသည့် ကျောက်မျက်ရတနာများကို လိုက်လံရှင်းလင်း ပြသခဲ့ကြပြီး တက်ရောက်လာသည့် စီးပွားရေးလုပ်ငန်းရှင်များအကြား တွေ့ဆုံဆွေးနွေးခဲ့ကြသည်။

အဆိုပါ အခမ်းအနားသို့ မြန်မာနိုင်ငံလက်ဖက်အသင်းမှ လုပ်ငန်းရှင်များ ပါဝင်တက်ရောက်ခဲ့ကြပြီး မြန်မာ့လက်ဖက်နှင့် လက်ဖက်ခြောက်များကို ခင်းကျင်းပြသခြင်း၊ အမြည်းတိုက်ကျွေးခြင်း အစီအစဉ်ကိုလည်း ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

Source: https://commerce.gov.mm/my/article/minister-news/32660

ကမ္ဘာ့အထူးတန်းဝင် ကော်ဖီပြပွဲနှင့်ညီလာခံသို့ မြန်မာကော်ဖီလုပ်ငန်းရှင်များ ပါဝင်ပြသ

ကမ္ဘာ့အထူးတန်းဝင် ကော်ဖီပြပွဲနှင့်ညီလာခံ (SCAJ2025 World Specialty Coffee Conference & Exhibition) ဖွင့်ပွဲအခမ်းအနားကို ၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ ၂၄ ရက်နေ့ နံနက်ပိုင်းတွင် Tokyo International Exhibition Center ၌ ကျင်းပခဲ့ရာ ဂျပန်နိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးစိုးဟန်က အခမ်းအနားကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးခဲ့သည်။ အဆိုပါ ဖွင့်ပွဲအခမ်းအနားသို့ Specialty Coffee Association of Japan ၏ ဥက္ကဋ္ဌ Mr. Yoshihito KATO ၊ ဂျပန်နိုင်ငံခြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ ပြပွဲတွင် ပါဝင်ပြသကြသော ကော်ဖီထုတ်လုပ်တင်ပို့ရောင်းချသည့် နိုင်ငံများမှ သံအမတ်ကြီးများနှင့် သံရုံးများမှ ကိုယ်စားလှယ်များ ပါဝင်တက် ရောက်ခဲ့ကြသည်။

Specialty Coffee Association of Japan က ကြီးမှူးကျင်းပသည့် ကမ္ဘာ့အထူးတန်းဝင် ကော်ဖီပြပွဲနှင့် ညီလာခံသည် အာရှတွင်အကြီးဆုံးကော်ဖီပြပွဲဖြစ်ပြီး ၂၀၀၅ ခုနှစ်မှ စတင်၍ နှစ်စဉ်ကျင်းပခဲ့သဖြင့် ယခုအကြိမ်သည် ၂၀ ကြိမ်မြောက် ကျင်းပခြင်းဖြစ်သည်။ ပြပွဲကို ၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ ၂၄ ရက်နေ့မှ ၂၇ ရက်နေ့အထိ ၄ ရက်ကြာ ကျင်းပသွားမည်ဖြစ်ပြီး၊ နိုင်ငံပေါင်း ၇၀ မှ ကုမ္ပဏီပေါင်း ၄၅၀ ကျော်က ပြခန်းပေါင်း ၆၅၀ ဖွင့်လှစ် ပြသသွားမည်ဖြစ်သည်။ ပြပွဲသို့ နှစ်စဉ်ဧည့်သည် ၇၀,၀၀၀ ကျော် လာရောက်ကြည့်ရှုလေ့ရှိသည်။

အဆိုပါပြပွဲတွင် မြန်မာ့အထူးတန်းဝင်ကော်ဖီအား ဂျပန်နိုင်ငံနှင့် နိုင်ငံတကာဈေးကွက်သို့ ပိုမိုတိုးမြှင့်တင်ပို့နိုင်ရေး၊ မြန်မာ့ကော်ဖီအား ကမ္ဘာ့ဈေးကွက်သို့ ပိုမိုထိုးဖောက်နိုင်ရေး၊ နိုင်ငံတကာဈေးကွက်ချိတ်ဆက်မှုများရရှိစေရေး၊ လုပ်ငန်းရှင်များအား နိုင်ငံတကာပြပွဲအတွေ့အကြုံများရရှိစေရေးနှင့် အခြားလုပ်ငန်းရှင်များ၏နည်းပညာနှင့်ကုန်ထုတ်လုပ်မှုဆိုင်ရာအခြေအနေများအားလေ့လာ၍ မြန်မာ့ကော်ဖီထုတ်လုပ်မှုကဏ္ဍ ပိုမိုဖွံ့ဖြိုးတိုးတက်လာစေရန်ရည်ရွယ်၍ မြန်မာနိုင်ငံကိုယ်စားပြုပြခန်းကို ဖွင့်လှစ်ပြသခဲ့သည်။ ပြပွဲတွင် မြန်မာနိုင်ငံကော်ဖီအသင်းဝင် ကုမ္ပဏီများက မြန်မာ့အထူးတန်းဝင်ကော်ဖီများအား ပါဝင်ပြသခဲ့ကြပြီး၊ လက်တွေ့သရုပ်ပြ ကော်ဖီဖျော်စပ်မှုများကို ပြုလုပ်ခဲ့ကြသည်။

အဆိုပါ ကမ္ဘာ့အထူးတန်းဝင် ကော်ဖီပြပွဲနှင့်ညီလာခံ(SCAJ2025 World Specialty Coffee Conference & Exhibition)တွင် မြန်မာနိုင်ငံကိုယ်စားပြုပြခန်းအား စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ မြန်မာသံရုံး၊ တိုကျို‌မြို့နှင့် အာဆီယံ-ဂျပန်စင်တာတို့၏ ပူးပေါင်းစီစဉ်မှုဖြင့် ဖွင့်လှစ်ပြသခဲ့ခြင်းဖြစ်သည်။ စီးပွားရေးသံမှူး၊ ဂျပန်နိုင်ငံ၊ တိုကျို‌မြို့။

Source: https://myantrade.gov.mm/event/Naypyitawstp-24920250400

၂၂ ကြိမ်မြောက် တရုတ်-အာဆီယံကုန်စည်ပြပွဲ ၂၀၂၅ အဆင့်အတန်းပြည့်မီစွာ ခင်းကျင်းပြသနိုင်ရေး လုပ်ငန်းညှိနှိုင်း အစည်းအဝေးကျင်းပ

၂၂ ကြိမ်မြောက် တရုတ်-အာဆီယံကုန်စည်ပြပွဲကို တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ကွမ်ရှီးကျွမ့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ နန်နင်းမြို့တွင် ၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ ၁၇ ရက်နေ့မှ ၂၁ ရက်နေ့ အထိ ကျင်းပမည်ဖြစ်ပြီး အဆိုပါကုန်စည်ပြပွဲ အဆင့်အတန်းပြည့်မီစွာ ခင်းကျင်းပြသနိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ ၁၁ ရက်၊ နံနက် ၀၉:၀၀ နာရီ အချိန်တွင် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ညီလာခံခန်းမ၌ ကျင်းပရာ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးချစ်ဆွေ၊ ဒုတိယဝန်ကြီး ဦးကျော်ရွှေထွန်း၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယအမြဲတမ်းအတွင်းဝန်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ညွှန်ကြားရေးမှူးများ၊ ကချင်ပြည်နယ်အစိုးရအဖွဲ့မှ တာဝန်ရှိသူများနှင့် ကုန်စည်ပြပွဲသို့ လိုက်ပါပြသမည့် ကုန်စည်လုပ်ငန်းရှင်များ တက်ရောက်ခဲ့ကြသည်။

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးချစ်ဆွေက အဖွင့်အမှာစကား ပြောကြားရာတွင် ၂၂ ကြိမ်မြောက် တရုတ် – အာဆီယံ ကုန်စည်ပြပွဲတွင် မြန်မာနိုင်ငံအနေဖြင့် ဂုဏ်ထူးဆောင်နိုင်ငံ (Country of Honor) အဖြစ်ပါဝင်ပြသမည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံ၏ နှစ်လိုဖွယ်ရာမြို့အဖြစ် ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့အား ရွေးချယ်၍ နှစ်လိုဖွယ်ရာမြို့ ပြခန်းဆောင် (Pavilion of City of Charm) ကိုလည်း ပါဝင်ပြသမည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် တရုတ် – အာဆီယံ ကုန်စည်ပြပွဲ၏ ကုန်စည်ပြခန်းဆောင်တွင် ပြခန်း ၁၂၀ ခန်းဖြင့် ဆန်၊ ပဲမျိုးစုံ၊ ပြောင်း၊ နှမ်း၊ စားသောက်ကုန်၊ ကော်ဖီ၊ အထည်အလိပ်၊ လက်မှုအနုပညာပစ္စည်းများ၊ ကျောက်စိမ်း၊ ပတ္တမြား၊ နီလာ၊ ပယင်းစသည့် ကျောက်မျက်လက်ဝတ်ရတနာများအပြင် မြန်မာနိုင်ငံ၏ ဉာဏ်ရည်တုနည်းပညာ ဆက်စပ်ထုတ်ကုန်နှင့် ဝန်ဆောင်မှုများကိုပါ ခင်းကျင်းပြသမည်ဖြစ်ကြောင်း၊ ကုန်စည်ပြပွဲသို့ လိုက်ပါပြသမည့် ကုန်စည်လုပ်ငန်းရှင်များအနေဖြင့် ထုတ်ကုန်များကို အဆင့်အတန်းမီမီ ခမ်းနားထည်ဝါစွာဖြင့် ခင်းကျင်းပြသသွားရန် လိုအပ်ကြောင်း၊ ကုန်စည်ပြပွဲကာလအတွင်း မြန်မာ့ကျောက်စိမ်း၊ ပတ္တမြား၊ နီလာတို့ကို တရုတ်နိုင်ငံ၌ ဈေးကွက်ရရှိရေး အခမ်းအနားကိုလည်း ကျင်းပပြုလုပ်သွားမည်ဖြစ်ကြောင်း၊ ကုန်စည်ပြပွဲ၏ မြန်မာပြခန်းဆောင်တွင် ရွှေဘိုပေါ်ဆန်းမွှေးနှင့် ဇရာပေါ်ဆန်းမွှေးဆန်များကို ချက်ပြုတ်၍ မြန်မာ့ရိုးရာဟင်းလျာများနှင့်အတူ ကုန်စည်ပြပွဲလာရောက်ကြည့်ရှုသူများအား အမြည်းကျွေးမွေးခြင်း၊ မြန်မာ့ကော်ဖီဖြင့် ဧည့်ခံခြင်းတို့စီစဉ်ကာ မြန်မာ့ပေါ်ဆန်းမွှေးနှင့် ကော်ဖီအား တရုတ်နိုင်ငံဈေးကွက်ရရှိရေး ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ မြန်မာ့ထုတ်ကုန်များ တရုတ်နိုင်ငံနှင့် အာဆီယံအဖွဲ့ဝင်နိုင်ငံများ၌ ဈေးကွက်ရရှိရေးအတွက် လိုက်ပါပြသမည့် ကုန်စည်လုပ်ငန်းရှင်များအနေဖြင့် ဝိုင်းဝန်းပူးပေါင်းပါဝင်ကြရန် လိုအပ်ကြောင်း၊ ကုန်စည်ပြပွဲသို့ တက်ရောက်ကြသူများသည် မြန်မာနိုင်ငံ၏ စီးပွားရေးလုပ်ငန်းရှင်များဖြစ်ကြသဖြင့် တရုတ်နိုင်ငံနှင့် အာဆီယံနိုင်ငံများမှ တက်ရောက်လာသူများနှင့် ရင်းနှီးမှုရရှိရေး၊ ဆက်သွယ်မှုရရှိရေးအတွက် သတင်းအချက်အလက်များစုဆောင်းကာ Business Networking ကို တည်ဆောက်နိုင်ရေး မမေ့ကြရန်လည်း သတိပေးလိုကြောင်း၊ မြန်မာနိုင်ငံသို့ လာရောက် ရင်းနှီးမြှုပ်နှံရေးအတွက်လည်း ဖိတ်ခေါ်ကြစေလိုကြောင်းနှင့် တရုတ်နိုင်ငံက သတ်မှတ်ထားသည့် ကုန်စည်ပြပွဲစည်းမျဉ်းစည်းကမ်းများကို အလေးထားလိုက်နာကြရန် လိုအပ်ကြောင်း လမ်းညွှန်မှာ ကြားခဲ့သည်။

အစည်းအဝေးသို့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်နှင့် ညီနောင်အသင်းအဖွဲ့များမှ ကုန်စည်ပြပွဲသို့ လိုက်ပါပြသမည့် ကုန်စည်လုပ်ငန်း ရှင် ၁၁၀ ဦးခန့် ပါဝင်တက်ရောက်ခဲ့ကြောင်း သိရသည်။ Source: https://commerce.gov.mm/my/article/minister-news/32654

အိန္ဒိယနိုင်ငံမှ မြန်မာနိုင်ငံသို့ အရည်အသွေးမြင့်ဝါမျိုးစေ့တင်ပို့နိုင်ရေး ဒုတိယအကြိမ် ညှိနှိုင်း အစည်းအဝေး

မြန်မာနိုင်ငံသို့ အိန္ဒိယနိုင်ငံမှ အရည်အသွေးမြင့် ဝါမျိုးစေ့တင်သွင်းနိုင်မှုအတွက် ဆက်လက်ပူးပေါင်းဆောင်ရွက်နိုင်ရန် ဒုတိယအကြိမ်ညှိနှိုင်းသည့်အစည်းအဝေးကို ၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ ၂ ရက်နေ့တွင် မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့၏ အစည်းအဝေးခန်းမ၌ virtual စနစ်ဖြင့် ကျင်းပခဲ့သည်။ အစည်းအဝေးသို့ မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့မှ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာထိန်လင်းနှင့် တာဝန်ရှိသူများ၊ အိန္ဒိယနိုင်ငံ၊ ကော်လ်ကတ္တားမြို့နှင့် နယူးဒေလီမြို့တို့မှ မြန်မာစီးပွားရေးသမ္မာန်များ၊ မြန်မာနိုင်ငံဝါနှင့် ဝါထွက်ပစ္စည်း လုပ်ငန်းရှင်များအသင်းနှင့် အိန္ဒိယနိုင်ငံ၊ International Federation of Business Intellectuals and Changemakers (IFBIC) မှ တာဝန်ရှိသူများ စုစုပေါင်း ၂၅ ဦးခန့် တက်ရောက်ခဲ့သည်။

ညှိနှိုင်းအစည်းအဝေးတွင် မြန်မာနိုင်ငံသို့ ဝါမျိုးစေ့တင်သွင်းနိုင်ရေးအတွက် လိုအပ်သည့်ကိစ္စရပ်များ၊ အိန္ဒိယနိုင်ငံမှ ဝါမျိုးစေ့များကို တင်သွင်းနိုင်ရေးအတွက် ပံ့ပိုးပေးမည့်ကိစ္စရပ်များ၊ မြန်မာနိုင်ငံတွင် ဝါစိုက်ပျိုးပါက လိုအပ်သည့်နည်းပညာ အကူအညီများကို အိန္ဒိယနိုင်ငံမှပံ့ပိုးပေးရန်ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြပြီး၊ အစည်းအဝေးကို နေ့လယ် ၁၂:၃၀ နာရီတွင် ရုပ်သိမ်းခဲ့သည်။ Source: https://myantrade.gov.mm/event/Nay%20Pyi%20Taw_STP_2.9.2025%204:30%20PM

မြန်မာ့ပြောင်း စျေးကွက်ရရှိရေး ကြိုတင်ပြင်ဆင်ခြင်း အစည်းအဝေးကျင်းပ

မြန်မာနိုင်ငံမှ ထွက်ရှိသည့် ပြောင်းသီးနှံစျေးကွက်ရရှိရေး ကြိုတင်ပြင်ဆင်ခြင်းအစည်းအဝေးကို Hybrid စနစ်ဖြင့် ၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ ၂ ရက်နေ့၊ နေ့လယ် ၁၃:၀၀ နာရီ အချိန်တွင် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့၊ အစည်းအဝေးခန်းမတွင် မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့၊ ညွှန်ကြားရေးမှူးချုပ်ဦးဆောင်၍ ကျင်းပပြုလုပ်ခဲ့သည်။

အစည်းအဝေး၌ မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့၊ ညွှန်ကြားရေးမှူးချုပ်က အဖွင့်အမှာစကား ပြောကြားရာတွင် မြန်မာနိုင်ငံမှ စီးပွားရေးလုပ်ငန်းရှင်များအတွက် နိုင်ငံတကာနှင့် ကုန်သွယ်မှုဖွံ့ဖြိုးလာစေရန်နှင့် မြန်မာနိုင်ငံမှ စိုက်ပျိုးထွက်ရှိသည့် ပြောင်းသီးနှံကို နိုင်ငံတကာစျေးကွက်သို့ အရည်အသွေးနှင့် စံချိန်စံညွှန်းကိုက်ညီစွာ ပို့မိုတိုးမြှင့်တင်ပို့နိုင်ရန်၊ စျေးကွက်တိုးချဲ့ရာဖွေရန်ရည်ရွယ်၍ ကျင်းပရခြင်းဖြစ်ကြောင်း၊ မြန်မာနိုင်ငံစျေးကွက်လိုအပ်ချက်နှင့်ကိုက်ညီမည့် ပြောင်းအရည်အသွေးမြင့်ထုတ်ကုန်ဖြစ်သည့် ပြောင်းဖူးကော်မှုန့် Corn Starch ထုတ်လုပ်နိုင်ရေးစီမံချက် အကြိုလေ့လာမှုအရ Corn Starch သည် ကမ္ဘာ့စျေးကွက်တွင် ဝယ်လိုအားမြင့်မားနေကြောင်း၊ ပြောင်းဖူးကော်မှုန့် (Corn Starch) မှတစ်ဆင့် ဆေးဝါးကုန်ကြမ်းပစ္စည်း၊ အိမ်သုံးဆေးဝါးပစ္စည်း၊ တိရစ္ဆာန်သုံးဆေးဝါးပစ္စည်း၊ စားသောက်ကုန်ကြမ်းပစ္စည်းများနှင့် မြေဩဇာစသည့်ကုန်ပစ္စည်းများ ထုတ်လုပ်နိုင်သဖြင့် သွင်းကုန်အစားထိုးအသုံးပြုနိုင်ပြီး ပိုလျှံလျှင် ပြည်ပတင်ပို့နိုင်သည်အထိ စျေးကွက်အလားအလာများရှိနေ၍ ပို့ကုန်တိုးမြှင့်တင်ပို့နိုင်ရေး ကြိုးပမ်းဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ပို့ကုန်တိုးမြှင့်တင်ပို့နိုင်ရေးအတွက် မိမိတို့ထုတ်လုပ်တင်ပို့မည့်သီးနှံကို တင်ပို့မည့်နိုင်ငံ၏ အရည်အသွေးသတ်မှတ်ချက်များနှင့် ကိုက်ညီစွာထုတ်လုပ်တင်ပို့နိုင်ရေး ဆောင်ရွက်ရမည်ဖြစ်ကြောင်းနှင့် ပြည်ပနိုင်ငံများရှိ စီးပွားရေးသံမှူးများအနေဖြင့် ပြည်ပပို့ကုန်များ စျေးကွက်ခိုင်မာမှုရရှိစေရန်နှင့် စျေးကွက်သစ်များ ရှာဖွေဖော်ထုတ်နိုင်ရန်အတွက် သက်ဆိုင်ရာနိုင်ငံများ၏ သုံးစွဲမှုနှင့် စျေးကွက်လိုအပ်ချက်များကို လေ့လာသုံးသပ်ပြီး သက်ဆိုင်ရာနိုင်ငံမှ လုပ်ငန်းရှင်များနှင့် စျေးကွက်ချိတ်ဆက် ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ စျေးကွက်ရရှိပြီးသည့် ဗီယက်နမ်၊ ဖိလစ်ပိုင်၊ ထိုင်းနိုင်ငံနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံများသို့ ပို့မိတင်ပို့နိုင်ရေးနှင့် စျေးကွက်သစ်များ ရှာဖွေရေးအတွက် အစိုးရ-ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်သွားရမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

အဆိုပါအစည်းအဝေးသို့ စိုက်ပျိုးရေးဦးစီးဌာန၊ ကုန်သွယ်ရေးဦးစီးဌာနတို့မှ တာဝန်ရှိသူများ၊ ထိုင်း၊ အိန္ဒိယ၊ တရုတ်၊ ဗီယက်နမ်၊ အာရပ်စော်ဘွားများပြည်ထောင်စုနှင့် ဖိလစ်ပိုင်နိုင်ငံတို့ရှိ မြန်မာစီးပွားရေးသံမှူးများနှင့် သက်ဆိုင်ရာအသင်းအဖွဲ့မှဥက္ကဋ္ဌနှင့် ကိုယ်စားလှယ်လုပ်ငန်းရှင်များ စုစုပေါင်း ၄၆ ဦး တက်ရောက်ခဲ့ကြပြီး မြန်မာ့ပြောင်းစျေးကွက်ရရှိရေးအတွက် အသေးစိတ်ညှိနှိုင်း ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

Source: https://myantrade.gov.mm/article/Nay%20pyi%20Taw_2_9_2025

အထူးဆောင်းပါးများ

၂၀၂၆ ခုနှစ်ထိ ကမ္ဘာ့ဆန်စျေးနှုန်း ဆက်လက်ကျဆင်းမည်ဟု IRRI သုတေသနအဖွဲ့ ပြောဆို

အိန္ဒိယတွင် ဆန်စပါးစိုက်ကေများပြားလာခြင်းနှင့် ပမာဏအများအပြား သိုလှောင်ထားခြင်းတို့ကြောင့် ကမ္ဘာတစ်ဝန်း ဆန်ထုတ်လုပ်မှု ပိုလျှံနေပြီး ယင်းအခြေအနေသည် ၂၀၂၆ ခုနှစ် အထိ ကမ္ဘာ့ဆန်စျေးနှုန်းများ ဆက်လက်ကျဆင်းစေလိမ့်မည်ဟု လေ့လာမှုတစ်ခုအရ သိရသည်။

စံချိန်တင်ရိတ်သိမ်းထုတ်လုပ်မှုများနှင့် အနိမ့်ဆုံးအထောက်အပံ့စျေးနှုန်း (MSP)ဖြင့် ဝယ်ယူမှုတို့ကြောင့် အိန္ဒိယအစိုးရ လက်ဝယ်ရှိ ဆန်သိုလှောင်မှုပမာဏမှာ ဩဂုတ်လအထိ မက်ထရစ် တန်ချိန် ၃၇ ဒသမ ၉ သန်း အထိရောက်ရှိခဲ့ကြောင်း အပြည်ပြည်ဆိုင်ရာဆန်စပါးသုတေသနအဖွဲ့ (IRRI)၏ အကြီးတန်းသိပ္ပံပညာရှင် Alisher Mirzabaevနှင့် The Rice Trader ကုမ္ပဏီမှ အမှုဆောင်အရာရှိချုပ် Jeremy Zwinger တို့ ပူးတွဲပြုစုထားသည့် လေ့လာမှုတွင် ဖော်ပြထားသည်။

စံချိန်တင်သိုလှောင်ထားခြင်း၊ ရာသီသစ်တွင် အထွက်နှုန်းများပြားခြင်း၊ ပြည်တွင်းစားသုံးမှုမက်ထရစ်တန်ချိန် ၃၀ သန်း နီးပါးများပြားလာခြင်းတို့နှင့်အတူ အိန္ဒိယ၏ထုတ်လုပ်မှုအခြေအနေမြင့်တက်မှုသည်ဆန်စပါးကဏ္ဍနှင့်စပ်လျဉ်း၍ကမ္ဘာတစ်ဝန်း သက်ရောက်မှု ကြီးမားလာမည်ဖြစ်သည်။

၂၀၂၂ ခုနှစ်မှ ၂၀၂၃ ခုနှစ်အထိ အိန္ဒိယ၏ တင်ပို့မှုကန့်သတ်ချက်များအရ ပြီးခဲ့သည့်မတ်လတွင် နောက်ဆုံးဆန်တင်ပို့မှု တားမြစ်ချက်ကို ဖြေလျှော့ခဲ့သည့်အတွက် ကမ္ဘာ့စျေးကွက်အတွင်း ဆန်ဝင်ရောက်မှု များပြားလာကာ ၂၀၂၅ ခုနှစ်တွင် ဆန်မက်ထရစ်တန်ချိန် ၂၃ ဒသမ ၅ သန်းနီးပါး တင်သွင်းမည်ဟု လေ့လာမှုအရ ခန့်မှန်းထားကြောင်း သိရသည်။ ၂၀၂၅ ခုနှစ်၊ ဩဂုတ်လကုန်အထိ အိန္ဒိယတစ်နိုင်ငံတည်းက ဆန်မက်ထရစ် တန်ချိန် ၁၄ ဒသမ ၇ သန်းကျော်တင်ပို့ခဲ့ရာ အဆိုပါ ကာလတူတွင် ထိုင်းနှင့် ဗီယက်နမ်တို့က တင်ပို့ခဲ့သည့် မက်ထရစ်တန်ချိန် ၄ ဒသမ ၇ သန်းနှင့် မက်ထရစ်တန်ချိန် ၆ သန်းတို့ထက် များပြားပြီး ကမ္ဘာ့ဆန်စျေးနှုန်းကို ကျဆင်းစေခဲ့သည်။

အိန္ဒိယသည် ဆန်စျေးနှုန်းသတ်မှတ်သူအဖြစ် ဦးဆောင်လာခြင်းနှင့်အတူ နှစ်ပေါင်းများစွာ ရိုက်ခတ်ခဲ့သည့် ကမ္ဘာ့ဆန်စျေးနှုန်းများအား ၂၀၂၅ ခုနှစ်တွင် ကျဆင်းလာအောင် ဆောင်ရွက်ခဲ့ကြောင်း လေ့လာမှုတွင်ဖော်ပြထားသည်။ စျေးနှုန်းချိုသာသည့်ဆန်များကြောင့် အာဖရိကနှင့် အာရှကဲ့သို့ ဆန်တင်သွင်းသည့်နိုင်ငံများမှ အကျိုးဖြစ်ထွန်းခဲ့ကြောင်း၊ သို့ရာတွင် ပြိုင်ဘက်တင်ပို့သူများ၏ ယှဉ်ပြိုင်မှုအခြေအနေမှေးမှိန်လာကြောင်း၊ စျေးနှုန်းကျဆင်းမှုသည် အာရှနိုင်ငံများရှိ လယ်သမားများအား နစ်နာမှုဖြစ်ပေါ်စေကြောင်း၊ လေ့လာမှုအရ အိန္ဒိယနိုင်ငံ တွင်သိုလှောင်မှုပမာဏမြင့်မားခြင်း၊ သိုလှောင်ရုံစွမ်းရည်ကျပ်တည်းလာခြင်းနှင့်စပါးသီးနှံအသစ်များဆက်တိုက် ရရှိလာခြင်းတို့ကြောင့် ကမ္ဘာ့ဆန်စျေးနှုန်းများကို ထပ်မံဖိအားပေးကာ နိမ့်ကျစေဦးမည်ဟု ဖော်ပြထားသည်။

ကမ္ဘာတစ်ဝန်းတွင် ဆန်ထုတ်လုပ်မှုများပြားလာခြင်းကြောင့် ၂၀၂၆ ခုနှစ်အထိ ဆန်စျေးနှုန်း ဆက်လက်ကျဆင်းမည့် အလားအလာရှိနေသည်ဟု လေ့လာမှုအရသိရသည်။ ကမ္ဘာ့ဆန်သိုလှောင်မှုနှင့် စားသုံးမှုအချိုးသည် ၃၄ ရာခိုင်နှုန်းထက် ကျော်လွန်နေပြီး ခေတ်သစ်ကာလတွင် အမြင့်ဆုံးအခြေအနေများထဲမှ တစ်ခုဖြစ်ကြောင်း၊ ယနေ့ရောက်ရှိနေသည့် ပမာဏသည် ထုတ်လုပ်မှုပိုလျှံခြင်းကိုအလွန်အကျူးဖြစ်စေကြောင်း၊ ကမ္ဘာ့ဆန်ထုတ်လုပ်မှုသည် ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် မက်ထရစ်တန်ချိန် ၅၄၁ သန်းဖြင့် စံချိန်တင်မြင့်တက်လျက်ရှိပြီး သိုလှောင်မှုပမာဏလည်း မြင့်တက်လျက်ရှိသည့်အတွက် စျေးကွက်တွင် ကြီးမားစွာနေရာယူထားဦးမည်ဖြစ်ကြောင်း သိရသည်။

ဖိလစ်ပိုင်နှင့် အင်ဒိုနီးရှားကဲ့သို့ ဆန်အမြောက်အမြားတင်သွင်းသည့် နိုင်ငံများအနေဖြင့် ပြည်တွင်း ထုတ်လုပ်သူများကို ကာကွယ်ပေးရန်အတွက်ဆန်ဝယ်ယူမှုများကို လျှော့ချလျက်ရှိကြောင်း၊ အစောပိုင်းကာလများအတွင်းသိုလှောင်မှုများ ဆောင်ရွက်ပြီးဖြစ်ရာ စျေးကွက်ဝယ်လိုအား လျော့နည်းနေခြင်းသည် ရေတိုဖြစ်ပေါ်လာသည့် စျေးနှုန်းပြောင်းလဲမှုကို များစွာသက်ရောက်မှုမရှိကြောင်း လေ့လာမှုတွင် ဖော်ပြထားသည်။

Source: Business Mirror, 05 September 2025(လယ်ယာထွက်ကုန်များနှင့် အဓိကသွင်းကုန်များ၏ နိုင်ငံတကာစျေးကွက်စောင့်ကြည့်လေ့လာရေးအဖွဲ့),

Source: https://www.doca.gov.mm/my/node/50435

အိန္ဒိယအစိုးရဉာဏ်ကြီးရှင်များအဖွဲ့ဖြစ်သော NITI Aayog မှ ပဲမျိုးစုံတင်သွင်းမှုလျှော့ချရေး လမ်းပြ မြေပုံချမှတ်

အိန္ဒိယအစိုးရ ဉာဏ်ကြီးရှင်များအဖွဲ့ဖြစ်သော NITI Aayog သည် အိန္ဒိယနိုင်ငံ၏ ပဲမျိုးစုံတင်သွင်းမှု လျှော့ချရန်နှင့် ကိုယ်တိုင်ဖူလုံမှုရရှိစေရန်အတွက် ဘက်စုံချဉ်းကပ်သည့် မဟာဗျူဟာကို ချမှတ်ရန်အဆိုပြုခဲ့ကြောင်း သိရသည်။ အဆိုပါ မဟာဗျူဟာသည် တန်ဖိုးမြှင့်တင်ခြင်း၊ ရိတ်သိမ်းပြီးနောက် ဆုံးရှုံးမှုများလျှော့ချခြင်း၊ စိုက်ပျိုးဧရိယာတိုးချဲ့ခြင်းနှင့် ကုန်ထုတ်စွမ်းအားမြှင့်တင်ခြင်းတို့အပေါ် အာရုံစိုက်သင့်ကြောင်း ၎င်းက ပြောကြားခဲ့သည်ဟု The Economic Times သတင်းစာက စက်တင်ဘာလ ၅ ရက်နေ့တွင် ဖော်ပြထားသည်။

"ပဲမျိုးစုံထုတ်လုပ်မှုမှာ ကိုယ်တိုင်ဖူလုံမှုရရှိခြင်းဟာ အိန္ဒိယနိုင်ငံရဲ့ စားနပ်ရိက္ခာဖူလုံရေးနဲ့ မြေဆီလွှာကျန်းမာရေးအတွက် အရေးကြီးပါတယ်"ဟု Aayog က စက်တင်ဘာလ ၄ ရက်နေ့တွင် ထုတ်ပြန်ခဲ့သည့် ၎င်း၏ 'Strategies and Pathways for Accelerating Growth In Pulses Towards the Goal of Atmanirbharta' အစီရင်ခံစာတွင် ပြောကြားခဲ့သည်။

ပဲမျိုးစုံကိုယ်တိုင်ဖူလုံမှုရရှိစေရန်အတွက် မူဝါဒလမ်းပြမြေပုံသည် ၂၀၂၅-၂၆ ဘဏ္ဍာနှစ်အတွက် ရည်မှန်းခြေတွင်ကြေညာခဲ့သော ပဲမျိုးစုံဆိုင်ရာရည်မှန်းချက်(Pulses Mission)ကို အကောင်အထည်ဖော်ရန် အစိုးရ၏ရည်ရွယ်ချက်နှင့် ကိုက်ညီကြောင်း သိရသည်။ အဆိုပါမစ်ရှင်သည် ပဲမျိုးစုံကိုယ်တိုင်ဖူလုံမှုရရှိစေရန် ရူပီးကုဋေ ၁,၀၀၀ ခွဲဝေချထားပေးထားသည့် ခြောက်နှစ်တာအစိုးရ၏ အစီအစဉ်တစ်ရပ်ဖြစ်ကြောင်း တွေ့ရသည်။ ၎င်းသည် တောင်သူများအတွက် အနိမ့်ဆုံးပံ့ပိုးငွေး (MSP)ကို အာမခံခြင်း၊ ရိတ်သိမ်းပြီးနောက် သိုလှောင်မှုဆိုင်ရာ ဖြေရှင်းချက်များပံ့ပိုးပေးခြင်းနှင့် ရာသီဥတုဒဏ်ခံနိုင်သော မျိုးစေ့များမြှင့်တင်ခြင်းတို့ဖြင့် အထူးသဖြင့် ပဲစင်စုံ၊ မတ်ပဲနှင့် ပဲနီလေးတို့၏ ပြည်တွင်းထုတ်လုပ်မှုကို မြှင့်တင်ရန် ရည်ရွယ်ကြောင်း သိရသည်။

အဓိက မဟာဗျူဟာများနှင့် ပစ်မှတ်များ

Aayog ၏အစီရင်ခံစာအရ အဆိုပါမဟာဗျူဟာများကို ထိရောက်စွာ အကောင်အထည်ဖော်ခြင်းဖြင့် အိန္ဒိယနိုင်ငံသည် ပဲမျိုးစုံထုတ်လုပ်မှုကို သိသိသာသာမြှင့်တင်နိုင်ပြီး စုစုပေါင်းထုတ်လုပ်မှုကို တန်ချိန် ၂၀ ဒသမ ၁၀ သန်းအထိ တိုးမြှင့်နိုင်ခြေရှိကြောင်း တွေ့ရသည်။

"အဆိုပါသိသာထင်ရှားသော တိုးတက်မှုသည် လက်ရှိတန်ချိန် ၄ ဒသမ ၇၃၉ သန်းရှိသော ပဲမျိုးစုံ တင်သွင်းမှုအပေါ် မှီခိုမှုကို လျှော့ချနိုင်ရုံသာမက ၂၀၃၀ ခုနှစ်တွင် ခန့်မှန်းထားသော တန်ချိန် ၁၅ ဒသမ ၇၄ သန်း ရှိသည့် လိုအပ်ချက်ကွာဟမှုကိုလည်း ဖြည့်ဆည်းပေးနိုင်ပြီး အိန္ဒိယနိုင်ငံကို ပဲမျိုးစုံကဏ္ဍတွင် ကိုယ်တိုင်ဖူလုံသောနိုင်ငံအဖြစ် တည်ထောင်နိုင်ခြေရှိသည်" ဟုအစီရင်ခံစာတွင် ပြောကြားခဲ့သည်။ အိန္ဒိယနိုင်ငံသည် ၂၀၂၄-၂၅ ဘဏ္ဍာနှစ်တွင် ပဲမျိုးစုံတင်သွင်းမှုတန်ချိန် ၆ ဒသမ ၅ သန်းကျော်အထိ စံချိန်တင်မြင့်တက်ခဲ့ကြောင်း သိရသည်။

မူဝါဒဆိုင်ရာ အကြံပြုချက်များ

အဆိုပါမူဝါဒလမ်းပြမြေပုံ၏ တစ်စိတ်တစ်ပိုင်းအနေဖြင့် Aayog သည် ပဲမျိုးစုံစိုက်ပျိုးဧရိယာကို ထိန်းသိမ်းထားရှိရန် အဆိုပြုခဲ့ပြီး ပြည်နယ် ၁၀ ခုရှိ ဆန်စိုက်ပျိုးပြီးနောက် လွတ်နေသောစုစုပေါင်းဧရိယာ၏ သုံးပုံတစ်ပုံအထိ ထုတ်လုပ်မှုကို ကွဲပြားအောင်ဆောင်ရွက်ဖို့လည်း အဆိုပြုခဲ့ကြောင်း သိရသည်။ "၎င်းသည် ပြည်တွင်းထုတ်လုပ်မှုကို သိသိသာသာမြှင့်တင်နိုင်ပြီး ပဲမျိုးစုံထွက်ရှိမှုတန်ချိန် ၂ ဒသမ ၈၅ သန်းအထိ တိုးလာနိုင်သည်ဟုခန့်မှန်းရသည်" ဟု ၎င်းက ပြောကြားခဲ့သည်။

Aayog အစီရင်ခံစာက အောက်ပါတို့ကိုလည်း အဆိုပြုခဲ့ကြောင်း သိရသည်-

(က) အရည်အသွေးမြင့်မျိုးစေ့များ အသုံးပြုခြင်း၊

(ခ) တောင်သူထုတ်လုပ်သူအဖွဲ့အစည်းများ(FPOs)ကို ခိုင်မာအောင်ဆောင်ရွက်ခြင်း၊

(ဂ) ဈေးနှုန်းပံ့ပိုးမှုနှင့် ဈေးကွက်ဝင်ရောက်စွက်ဖက်မှုများ အကောင်အထည်ဖော်ခြင်း၊

(ဃ) ပဲမျိုးစုံကို ပြည်သူ့ဖြန့်ဖြူးရေးစနစ်ထဲသို့ ပေါင်းစပ်ထည့်သွင်းခြင်း၊

ထို့ပြင် အဆိုပါအစီရင်ခံစာသည် နိုင်ငံ၏ ဝတ်မှတ်ခေါင်းပါးမှုပပျောက်ရေးတွင် ပဲမျိုးစုံအခန်းကဏ္ဍ၏ အရေးပါမှုကိုလည်း ဖော်ပြထားကြောင်း သိရသည်။

Source: The Economic Times, NITI Aayog Outlines Roadmap to Cut Pulses Imports, September 5, 2025., (ကောင်းထွဋ်အောင်၊ စီးပွားရေးသံမှူး၊ ကော်လ်ကတ္တားမြို့)

Source: https://myantrade.gov.mm/article/STP(Ygn)_09092025_13:44

မိုးရာသီခန့်မှန်းချက်၊ အိန္ဒိယပဲစိုက်တောင်သူများအနေဖြင့် အခက်အခဲများကို နှစ်ဆကြုံတွေ့နေရ

အိန္ဒိယပဲမျိုးစုံစိုက်ပျိုးသူများသည် အခက်အခဲများကိုနှစ်ဆရင်ဆိုင်နေရကြောင်း၊ ပထမအချက်မှာ ကုလားပဲနှင့် မတ်ပဲကဲ့သို့သော ကောက်ပဲသီးနှံများ၏အထွက်နှုန်းနှင့်အရည်အသွေးသည် မိုးရေချိန်လွန်ကဲမှုကြောင့် ထိခိုက်နိုင်ခြေရှိကြောင်း၊ ဒုတိယအချက်မှာ အိန္ဒိယ၏ ပဲသီးနှံများမှာ ရာသီဥတုကြောင့်ထိခိုက်နေသော်လည်း ကမ္ဘာလုံးဆိုင်ရာဈေးကွက်တွင် ပဲဈေးနှုန်းများသည် ကျဆင်းနေခြင်းဖြစ်ကြောင်း သိရသည်။

ကုန်သွယ်ရေးနှင့် စိုက်ပျိုးရေးလုပ်ကိုင်သူများ၏ ထင်မြင်ချက်အရ စိုက်ပျိုးသူများက မိုးရာသီတွင် ပဲမျိုးစုံစိုက်ဧကအနည်းငယ်ပိုမိုစိုက်ပျိုးထားရှိသော်လည်း မိုးရေချိန်လွန်ကဲမှုကအထွက်နှုန်းနှင့် အရည်အသွေးကိုသိသိသာသာထိခိုက်စေခဲ့သောကြောင့် ထုတ်လုပ်မှုသည် ယမန်နှစ်ကထက် လျော့နည်းနိုင်ကြောင်း သိရသည်။

ယေဘုယျအားဖြင့် ဇူလိုင်မှ စက်တင်ဘာအထိ မိုးရေချိန်လွန်ကဲမှုသည် မိုးရာသီသီးနှံများအတွက် အဓိကစိုးရိမ်စရာ တစ်ခုဖြစ်လာပြီး ကန်နာတာကာ၊ မဟာရဏ္ဍထရာ၊ မဒ္ဒရာပရာဒက်ရှ်၊ ဂူဂျာရတ်နှင့် ရာဂျစ်စတန်တို့ကဲ့သို့သော အဓိကစိုက်ပျိုးရေး ပြည်နယ်များတွင် သီးနှံများထိခိုက်မှုများရှိရာ ပဲသီးနှံများလည်း ပါဝင်ကြောင်းသိရသည်။

(အိန္ဒိယပဲမျိုးစုံနှင့် ကောက်ပဲသီးနှံအသင်း – IPGA)၏ အတွင်းရေးမှူးဖြစ်သူ Satish Upadhyay က မိုးရေချိန်လွန်ကဲမှုကြောင့် ပဲသီးနှံထုတ်လုပ်သော ပြည်နယ်အားလုံးတွင် သီးနှံများပျက်စီးမှုရှိခဲ့သည့်အတွက် ယခုနှစ်မိုးရာသီပဲထွက်ရှိမှုသည် ယမန်နှစ်ထက် နည်းလိမ့်မည်ဖြစ်ကြောင်း၊ ပြည်နယ်အချို့တွင် မိုးဆက်လက်ရွာနေဆဲဖြစ်ပြီး ရက်အနည်းငယ်အတွင်း မိုးဆက်ရွာဦးမည်ဟု ခန့်မှန်းထားကြောင်း၊ အခြေအနေအား ဆက်လက်စောင့်ကြည့်နေသော်လည်း သေချာသည်မှာ သီးနှံ၏အရည်အသွေးနှင့်ပမာဏသည် ယမန်နှစ်ကထက် လျော့နည်းလိမ့်မည်ဖြစ်ကြောင်း ပြောကြားထားသည်။

ကန်နာတာကာ၊ မဟာရဏ္ဍထရာနှင့် မဒ္ဒရာပရာဒက်ရှ်ကဲ့သို့သောပြည်နယ်များတွင် မိုးသည်းထန်မှုကြောင့် မတ်ပဲနှင့် ပဲတီစိမ်း ရိတ်သိမ်းမှုကိုထိခိုက်ခဲ့သောကြောင့် ယမန်နှစ်နှင့်ယှဉ်လျှင် ထွက်ရှိမှုပမာဏ အနည်းငယ်လျော့နည်းခဲ့သကဲ့သို့ အရည်အသွေးလည်း ထိခိုက်ခဲ့ကြောင်း၊ ရာခိုင်နှုန်းအနေဖြင့် ၃၀ မှ ၅၀ အထိ ပျက်စီးနေသော မတ်ပဲနှင့် ပဲတီစိမ်းသီးနှံများသည်သာ စျေးကွက်သို့ရောက်ရှိလာမည်ဖြစ်ကြောင်း၊ ရာဂျစ်စတန်ပြည်နယ်တွင် ပဲတီစိမ်းနှင့်မတ်ပဲသီးနှံ၏ အခြေအနေသည်ဆိုးဝါးလျက်ရှိကြောင်း Upadhyay က ပြောကြားထားသည်။

ပဲစိုက်ပျိုးသူများသည် ရိတ်သိမ်းပြီးနောက် အလားအလာများ မကောင်းသောကြောင့် ခက်ခဲသောအခြေအနေကို ရင်ဆိုင်နေရကြောင်း၊ အကြောင်းရင်းမှာ ကနေဒါ၊ ဩစတြေးလျ၊ အာဖရိကနှင့် ရုရှားကဲ့သို့သော အဓိကထုတ်လုပ်သူများက ကောက်ပဲ သီးနှံကောင်းမွန်ကြောင်း သတင်းထုတ်ပြန်ထားသောကြောင့်ဖြစ်ပါကြောင်း၊ သို့ရာတွင် ယခုအပတ်အတွင်း မတ်ပဲစျေးနှုန်းများ အတက်ဘက်သို့ ရောက်ရှိနေကြောင်းလည်း သိရသည်။

၂၀၂၅ဖ- ရာသီအတွက် ကနေဒါနိုင်ငံ၏ပဲနီလေးထုတ်လုပ်မှုကို စိုက်ဧကပိုမိုများပြားသောကြောင့် တန်ချိန် ၃ ဒသမ ၂ သန်းထွက်ရှိမည်ဟု ခန့်မှန်းထားသဖြင့် ပဲနီလေးစျေးနှုန်းများသည် ကျဆင်းလျက်ရှိကြောင်း၊ ဩစတြေးလျနိုင်ငံတွင်လည်း ပဲနီလေးစံချိန်တင်တန်ချိန် ၁ ဒသမ ၇၁ သန်းထွက်ရှိမည်ဟုခန့်မှန်းထားပြီး ကုလားပဲထုတ်လုပ်မှုမှာ တန်ချိန် ၂ ဒသမ ၁၀ သန်းထွက်ရှိမည်ဟု ခန့်မှန်းထားကြောင်း သိရသည်။

မြန်မာနိုင်ငံက အောက်တိုဘာလအတွက် အရည်အသွေးမြင့် မတ်ပဲကို တစ်တန်လျှင် ဒေါ်လာ ၈၈၀ ဖြင့်ရောင်းချလျက်ရှိပြီး ဘရာဇီး၏ထုတ်ကုန်သည် ဒေါ်လာ ၉၀၀ ဖြင့် ရောင်းချလျက်ရှိပါကြောင်း၊ ယခုတစ်ပတ်အတွင်း စျေးနှုန်းများမှာ သုံးရာခိုင်နှုန်းတက်ခဲ့ကြောင်း၊ ကနေဒါနိုင်ငံက ပဲနီလေး)Green Lentils)ကို တစ်တန်လျှင် ဒေါ်လာ ၆၁၀ (အောက်တိုဘာ-ဒေါ်လာ ၆၉၅ ဖြင့် ကမ်းလှမ်းနေစဉ် ရုရှားက(နိုဝင်ဘာ (အောက်တိုဘာဖြင့် ကမ်းလှမ်းလျက်ရှိကြောင်း၊ မာလာဝီ၊ တန်ဇန်း(နီးယားနှင့် မိုဇမ်ဘစ်တို့က ပဲစင်းငုံကို တစ်တန်လျှင်ဒေါ်လာ ၅၀၀၊ ၅၁၅ နှင့် ၅၃၀ အသီးသီးဖြင့်ကမ်းလှမ်းလျက်ရှိကြောင်း၊ တန်ဇန်းနီးယားနှင့် မိုဇမ်ဘစ်နိုင်ငံတို့က ယခုတစ်ပတ်အတွင်း စျေးနှုန်းများကို ၁၀၁၅- ဒေါ်လာတိုးမြှင့်ခဲ့ကြောင်း၊ ကနေဒါနှင့် ရုရှားတို့က အိန္ဒိယသို့ စားတော်ပဲကို ဒေါ်လာ ၃၃၀ နှင့် ၃၅၀ အသီးသီးဖြင့် ကမ်းလှမ်းနေပြီး ကနေဒါက အိန္ဒိယသို့ ပဲနီလေး)Red Lentils)ကို ဒေါ်လာ ၅၅၀အောက်တ)ိုဘာ ဖြင့်လည်းကောင်း၊(နိုဝင်ဘာ-ဩစတြေးလျသို့ ဒေါ်လာ ၅၄၀-အောက်တိုဘာ) နိုဝင်ဘာဖြင့်လည်းကောင(း် ကမ်းလှမ်းလျက်ရှိကြောင်းသိရသည်။ ၂၀၂၆ ခုနှစ် မတ်လ ၃၁ ရက်နေ့အထိ စားတော်ပဲနှင့် ပဲစင်းငုံ တင်သွင်းမှုများကို အကောက်ခွန်ကင်းလွတ်ခွင့်ပြုပေးထားသည့်အတွက် ဤအရာအားလုံးသည် စိုက်ပျိုးသူများအတွက် အဆင် မပြေသည့်လက္ခဏာများအဖြစ် မြင်တွေ့ရကြောင်း သုံးသပ်ထားရှိသည်ကိုလည်း တွေ့ရသည်။

မိုးရာသီ အဓိကပဲသီးနှံဖြစ်သော ပဲစင်းငုံ)tur)သည် အပင်ကြီးထွားမှုနှင့် ပန်းပွင့်သည့်အဆင့်များတွင် ရှိနေဆဲဖြစ်သော်လည်း ပြည်နယ်အချို့တွင် မိုးရေချိန်လွန်ကဲမှုကြောင့် ရေဝပ်သည့်ဒေသများရှိ သီးနှံများထိခိုက်ခဲ့ကြောင်း၊ Upadhyay က ၎င်းတို့သည် ပဲစင်းငုံအတွက် စိုးရိမ်နေခြင်းမဟုတ်ဘဲ ပဲတီစိမ်းနှင့် မတ်ပဲတို့မှာ ပျက်စီးမှုပိုများသောကြောင့် စိုးရိမ်နေရကြောင်း၊ ပဲတီစိမ်းသီးနှံထွက်ရှိမှုပမာဏသည် ၁၀၂၀- ရာခိုင်နှုန်းလျော့နည်းနိုင်သော်လည်း အရည်အသွေးအားဖြင့် ၃၀၄၀- ရာခိုင်နှုန်းခန့် ကျဆင်းနိုင်ကြောင်း၊ အလားတူ မတ်ပဲတွင်လည်း ပမာဏအားဖြင့် ၁၀ရာခိုင်နှုန်း လျော့နည်းနိုင်သော်လည်း ၂၀- အရည်အသွေးအားဖြင့် ၅၀ ရာခိုင်နှုန်းခန့်ဆုံးရှုံးနိုင်သည်ဟု ပြောကြားထားသည်။ ပဲစင်းငုံနှင့်ပတ်သက်လျှင် ၎င်းတို့သည် သက်တောင့်

သက်သာရှိသောအနေအထားတွင်ရှိနေကြောင်း၊ သီးနှံဆုံးရှုံးမှုအနည်းငယ်ရှိသည့်တိုင် ကြီးမားသော အရန်သိုလှောင်မှုများရှိပြီး တင်သွင်းမှုများလည်း ဆက်ရှိနေသေးကြောင်း Upadhyay က ပြောကြားထားသည်။

တတိယကြိုတင်ခန့်မှန်းချက်များအရ ၂၀၂၄ ခုနှစ် မိုးရာသီကာလအတွင်း စုစုပေါင်းပဲထွက်ရှိမှုသည် တန်ချိန် ၇၄ ဒသမ ၉၅ သိန်းရှိခဲ့ပြီး ယင်းတွင်ပဲစင်စုံထွက်ရှိမှုသည် တန်ချိန် ၃၅ ဒသမ ၆၁ သိန်း၊ ပဲတီစိမ်းတန်ချိန် ၁၇ ဒသမ ၄၇ သိန်းနှင့် မတ်ပဲတန်ချိန် ၁၃ ဒသမ ၀၂ သိန်းပါဝင်ကြောင်း သိရသည်။

IGRain India မှ Rahul Chauhan က ကန်နာတာကာနှင့် မဟာရဏ္ဍထရာတို့တွင် စိုက်ကေကျဆင်းခြင်းနှင့် သီးနှံဆုံးရှုံးမှုများကြောင့် ၂၀၂၅ခုနှစ် မိုးရာသီကာလအတွင်း ပဲစင်စုံထုတ်လုပ်မှုသည် တန်ချိန် ၃၀ သိန်းထက်နည်းမည်ဟု ခန့်မှန်းထားကြောင်း၊ ပဲတီစိမ်းထုတ်လုပ်မှုသည် တန်ချိန် ၁၇ သိန်းခန့်ရှိမည်ဟုမျှော်လင့်ရပြီး မဒ္ဒရာပရာဒက်ရှ် ပြည်နယ်တို့တွင် မိုးရေချိန်လွန်ကဲမှုကြောင့် သီးနှံများပြင်းထန်စွာထိခိုက်ခဲ့သည့်အတွက် မတ်ပဲထုတ်လုပ်မှုသည် တန်ချိန် ၁၂ သိန်းခန့်သို့ ကျဆင်းသွားမည်ဖြစ်ကြောင်း ခန့်မှန်းထားသည်။

ဩဂုတ်လအတွင်း မိုးရေချိန်လွန်ကဲသော ပြည်နယ်များတွင် ရာဂျစ်စတန်၊ ဥတ္တရာပရာဒက်ရှ်၊ အန်ဒါရာပရာဒက်ရှ်နှင့် ကန်နာတာကာတို့ပါဝင်ပြီး စျေးကွက်လေ့လာရေးကုမ္ပဏီတစ်ခုဖြစ်သည့် Crisil အရ ရာဂျစ်စတန်။ ဥတ္တရပရာဒက်ရှ်နှင့် အန်ဒါရာပရာဒက်ရှ်တို့တွင် ပဲတီစိမ်းနှင့် မတ်ပဲသီးနှံ၏ ၁၀ ရာခိုင်နှုန်းကျော် ထိခိုက်ပျက်စီးခဲ့ကြောင်း၊ Bundelkhand ဒေသတွင် ပဲတီစိမ်းနှင့်မတ်ပဲသီးနှံများ ပြင်းထန်စွာပျက်စီးခဲ့ကြောင်း၊ ရာဂျစ်စတန်ပြည်နယ်တွင် ပန်းပွင့်များကြွေကျခြင်းနှင့် ပဲသီးတောင့်များ အောင်မြင်မှုနည်းခြင်းတို့ကြောင့် စိုက်ပျိုးသူများသည် သိသာထင်ရှားသော ဆုံးရှုံးမှုများကို ကြုံတွေ့ရနိုင်ကြောင်း သိရသည်။

ကာနာတကာပြည်နယ်၊ ကာလဘူဂီခရိုင်ရှိ ကာနာတကာပြည်နယ် Red gram သီးနှံစိုက်ပျိုးသူများအသင်း၏ဥက္ကဋ္ဌ ဘာဆာဗာရာဂျိအင်ဂျင်က မိုးသည်းထန်မှုကြောင့် ပဲတီစိမ်း၊ မတ်ပဲနှင့် ပဲစင်စုံကဲ့သို့သောသီးနှံများ ထိခိုက်မှုရှိကြောင်း၊ စိုက်ပျိုးသူတွေက သီးနှံတွေကို မရိတ်သိမ်းနိုင်ခဲ့ကြကြောင်း၊ အလွန်အကျွံမိုးရွာသွန်းမှုနှင့် ရေဝပ်မှုများကြောင့် ပဲစင်စုံသီးနှံများလည်း ပြင်းထန်စွာပျက်စီးခဲ့ကြောင်း၊ ယခုအချိန်ထိမိုးရွာနေဆဲဖြစ်ပြီး ရက်အနည်းငယ်ထပ်မံမိုးရွာနိုင်သည်ဟု မိုးလေဝသခန့်မှန်းချက်ထုတ်ပြန်ထားကြောင်း ပြောကြားခဲ့သည်။

မဟာရဏ္ဍထရာပြည်နယ်ရှိ စိုက်ပျိုးသူများသည် ပဲစင်စုံစိုက်ပျိုးခြင်းကို စက်တင်ဘာ ၁၁ ရက်နေ့အထိ ဟက်တာ ၁၂ ဒသမ ၂၃ သိန်းကျော်ပြီးမြောက်ခဲ့ပြီး ယခင်နှစ်က စိုက်ဧရိယာထက် နှစ်ဆကျော်များပြား ပါကြောင်း၊ သို့သော်လည်း ပဲတီစိမ်းစိုက်ဧရိယာမှာ ယခင်နှစ်စိုက်ဧရိယာ၏ ၇၀ ရာ ခိုင်နှုန်းသာရှိခဲ့ကြောင်း သိရသည်။

မတ်ပဲစိုက်ဧရိယာမှာ ပိုမိုကောင်းမွန်ခဲ့ပြီး ပြည်နယ်၏ မတ်ပဲစိုက်ဧရိယာ၏ ၉၇ ရာခိုင်နှုန်းဖြစ်သော ဟက်တာ ၃ ဒသမ ၇၇ သိန်းဖြင့်ဂင်း၏ပျမ်းမျှစိုက်ဧရိယာကိုကျော်လွန်ခဲ့ကြောင်း၊ ပြည်နယ်၏ စိုက်ပျိုးမှုအားလုံးတွင်၊ ပဲမျိုးစုံစိုက်ပျိုးမှုမှာ ယခုနှစ်ရာသီ၏ ရည်မှန်းချက်ဖြစ်သည့် ၉၇ ရာခိုင်နှုန်းသို့ ရောက်ရှိခဲ့ကြောင်း သိရသည်။

ယခုနှစ်ရာသီတွင်၊ ဩဂုတ်လအလယ်ပိုင်းက မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ရေဝပ်မှုများဖြစ်ပေါ်ကာ အထူးသဖြင့် ပဲတီစိမ်းနှင့် မတ်ပဲတို့၏ အမြစ်များကို ပျက်စီးစေခဲ့ပြီး သီးနှံများထိခိုက်မှုရှိခဲ့ကြောင်း၊ ဩဂုတ်လ ၁၅ ရက်မှ ၂၀ ရက်အတွင်းက အပျက်အစီးအများဆုံးကာလဖြစ်ကြောင်း စိုက်ပျိုးရေးဝန်ကြီးက ပြောကြားခဲ့သည်။

၂၀၂၅ ခုနှစ် မိုးရာသီတွင် ဂူဂျာရတ်ပြည်နယ်၌ ပဲမျိုးစုံစိုက်ဧရိယာ ၁၄ ဒသမ ၅ ရာခိုင်နှုန်းတိုးတက်ခဲ့ပြီး ၎င်းတို့ထဲမှ အများစုမှာ ပဲစဉ်းငုံစိုက်ဧရိယာတိုးတက်မှုကြောင့်ဖြစ်ကြောင်း၊ ယခုနှစ်တွင် ပဲမျိုးစုံအတွက် ဟက်တာ ၄ ဒသမ ၄၁ သိန်း ကျော် စိုက်ပျိုးခဲ့ပြီး ယခင်မိုးရာသီစိုက်ဧက ၃ ဒသမ ၈၅ သိန်းထက် ၁၄ ဒသမ ၅ ရာခိုင်နှုန်းပိုမိုများပြားကြောင်း သိရသည်။

ဂူဂျာရတ်ပြည်နယ်အစိုးရအရာရှိများက ယခုလအတွင်း မြောက်ပိုင်းဂူဂျာရတ်တွင် မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ပြည်နယ်၏ ကတ်ချ်နှင့် ပတန်ခရိုင်များတွင် စိုက်ပျိုးထားသော ပဲစင်းငုံ၊ ပဲတီစိမ်းနှင့် မတ်ပဲသီးနှံများ အဆိုးရွားဆုံး ထိခိုက်မှုရှိခဲ့ကြောင်း ပြောကြားခဲ့သည်။

တယ်လန်ဂန်နာပြည်နယ်တွင် မိုးရာသီအတွင်း ပဲမျိုးစုံစိုက်ဧရိယာကျဆင်းမှုရှိခဲ့ကြောင်း၊ ပဲမျိုးစုံပုံမှန်စိုက်ဧရိယာ ဟက်တာ ၃ ဒသမ ၂၀ သိန်းနှင့်ယှဉ်လျှင် ပြည်နယ်၏စိုက်ဧရိယာမှာ ဟက်တာ ၂ ဒသမ ၃၄ သိန်းသာရှိခဲ့ကြောင်း၊ ပဲစင်းငုံ

စိုက်ဧရိယာမှာ ပုံမှန်စိုက်ဧရိယာဟက်တာ ၂ ဒသမ ၇၁ သိန်းနှင့်ယှဉ်ပါက ဟက်တာ ၁ ဒသမ ၉၉ သိန်းသို့ ကျဆင်းသွားသောကြောင့် အကြီးမားဆုံးထိခိုက်မှုရှိခဲ့ကြောင်း သိရသည်။

ပဲတီစိမ်းစိုက်ဧရိယာမှာ ပုံမှန်စိုက်ဧရိယာ ဟက်တာ ၃၅,၀၀၀ နှင့်ယှဉ်ပါက ဟက်တာ ၂၄,၀၀၀ သို့ ကျဆင်းသွားခဲ့ပြီး မတ်ပဲစိုက်ဧရိယာမှာ ဟက်တာ ၁၃,၃၂၅ မှ ဟက်တာ ၁၀,၁၂၅ သို့ ကျဆင်းသွားခဲ့ကြောင်း သိရသည်။

Source: Kharif Outlook: Pulses Farmers face doubles whimmy, The Hindu Business Line, 13 September, 2025.

(မျိုးမြင့်မောင်၊ စီးပွားရေးသံမှူး၊ နယူးဒေလီမြို့)

Source:https://myantrade.gov.mm/article/STP(Ygn)_23092025_15:13

ကုန်သွယ်မှုအခြေအနေ

ကုန်စည်ဒိုင် ဈေးနှုန်းများ

၂၀၂၅၊ စက်တင်ဘာလအတွင်း မြို့နယ်အလိုက် ဆန်ဈေးနှုန်း (အိတ်/ကျပ်)(၃၀.၉.၂၀၂၅) ထိ

မြို့နယ်	ဧရာဝတီ ပေါ်ဆန်း
ဖျာပုံ	115000–122000
မြောင်းမြ	115000–122000
ဒေးဒရဲ	115000–122000
ဝါးခယ်မ	115000–122000
ဘိုကလေး	115000–122000
မော်လမြိုင်ကျွန်း	115000–122000
လပွတ္တာ	115000–122000
ကျိုက်လတ်	115000–122000
ဘုရင့်နောင်	150000–155000 (ရွှေဘိုပေါ်ဆန်း)

Source: MRF

၂၀၂၅၊ စက်တင်ဘာလ၏ အပတ်စဉ် ရော်ဘာဈေးနှုန်း (တန်/ ဒေါ်လာ)

No	Date	RSS-1	RSS-2	RSS-3	RSS-4	RSS-5
1	1.9.2025	1650–2050	1600–2000	1550–1950	1500–1900	1450–1850
2	8.9.2025	1700–2100	1650–2050	1600–2000	1550–1950	1500–1900
3	15.9.2025	1700–2100	1650–2050	1600–2000	1550–1950	1500–1900
4	22.9.2025	1700–2100	1650–2050	1600–2000	1550–1950	1500–1900
5	29.9.2025	1650–2050	1600–2000	1550–1950	1500–1900	1450–1850

Source: MRPPA

၂၀၂၅၊ စက်တင်ဘာလအတွင်းနေ့စဉ်ဖြစ်ပေါ်နေသော ဆန်တစ်အိတ်ဈေးနှုန်း (ကျပ်)

စဉ်	ရက်စွဲ	ပေါ်ဆန်း(နယ်စုံ)(သစ်)			ခွံနီ(ရှယ်)(သစ်)			ညှော့မထ 25% အကြိမ်း			ငစိန်		
		ထိပ်စ	လတ်စ	အောက်စ	ထိပ်စ	လတ်စ	အောက်စ	ထိပ်စ	လတ်စ	အောက်စ	ထိပ်စ	လတ်စ	အောက်စ
1	1.9.2025	113000	110000	105000	90000	89000	88000	58500	58000	57500	64000	63000	61000
2	2.9.2025	113000	110000	105000	90000	89000	88000	58500	58000	57500	64000	63000	61000
3	3.9.2025	113000	110000	105000	90000	89000	88000	58500	58000	57500	64000	63000	61000
4	4.9.2025	113000	110000	105000	90000	89000	88000	58500	58000	57500	64000	63000	61000
5	5.9.2025	113000	110000	105000	90000	89000	88000	58500	58000	57500	64000	63000	61000
6	8.9.2025	113000	110000	105000	90000	89000	88000	52000	51000	50000	64000	63000	61000
7	9.9.2025	113000	110000	105000	90000	89000	88000	52000	51000	50000	64000	63000	61000
8	10.9.2025	113000	110000	105000	90000	89000	88000	52000	51000	50000	64000	63000	61000
9	11.9.2025	113000	110000	105000	90000	89000	88000	52000	51000	50000	64000	63000	61000
10	12.9.2025	113000	110000	105000	90000	89000	88000	52000	51000	50000	64000	63000	61000
11	15.9.2025	113000	110000	105000	90000	89000	88000	52000	51000	50000	64000	63000	61000
12	16.9.2025	113000	110000	105000	90000	89000	88000	52000	51000	50000	64000	63000	61000
13	17.9.2025	113000	110000	105000	90000	89000	88000	52000	51000	50000	64000	63000	61000
14	18.9.2025	113000	110000	105000	90000	89000	88000	52000	51000	50000	64000	63000	61000
15	19.9.2025	113000	110000	105000	90000	89000	88000	52000	51000	50000	64000	63000	61000
16	22.9.2025	113000	110000	105000	90000	89000	88000	52000	51000	50000	64000	63000	61000
17	23.9.2025	113000	110000	105000	90000	89000	88000	52000	51000	50000	64000	63000	61000
18	24.9.2025	113000	110000	105000	90000	89000	88000	52000	51000	50000	64000	63000	61000
19	25.9.2025	113000	110000	105000	90000	89000	88000	52000	51000	50000	64000	63000	61000
20	26.9.2025	113000	110000	105000	90000	89000	88000	52000	51000	50000	64000	63000	61000
21	29.9.2025	113000	110000	105000	90000	89000	88000	52000	51000	50000	64000	63000	61000
22	30.9.2025	113000	110000	105000	90000	89000	88000	52000	51000	50000	64000	63000	61000

Source: Myanmar Rice

၂၀၂၅၊ စက်တင်ဘာလအတွင်းဖြစ်ပေါ်ခဲ့သော မြန်မာနိုင်ငံ တရားဝင်ငွေကြေးဈေးကွက်

No	Date	Dollar	ThaiBaht	Chinese yuan	Singapore Dollar	Indian Rupee	Japanese Yen
		USD	THB	CNY	SGD	INR	JPY
1	1.9.2025	2100.0	65.03	294.41	1636.09	23.79	1426.97
2	2.9.2025	2100.0	64.82	293.83	1629.61	23.82	1413.71
3	3.9.2025	2100.0	64.91	293.92	1630.62	23.85	1414.67
4	4.9.2025	2100.0	64.98	294.11	1629.36	23.84	1416.10
5	5.9.2025	2100.0	65.24	294.21	1632.08	23.79	1417.29
6	8.9.2025	2100.0	65.84	294.51	1635.51	23.86	1421.85
7	9.9.2025	2100.0	66.25	294.76	1638.51	23.83	1428.33
8	10.9.2025	2100.0	66.03	294.88	1636.53	23.83	1424.31
9	11.9.2025	2100.0	66.01	294.83	1635.71	23.76	1420.60
10	12.9.2025	2100.0	66.30	294.90	1638.19	23.78	1424.07
11	15.9.2025	2100.0	65.78	294.81	1637.55	23.82	1424.02
12	16.9.2025	2100.0	66.21	295.09	1642.87	23.85	1428.77
13	17.9.2025	2100.0	66.19	295.54	1644.99	23.93	1434.48
14	18.9.2025	2100.0	65.94	295.46	1640.82	23.83	1425.08
15	19.9.2025	2100.0	65.97	295.26	1635.58	23.82	1419.21
16	22.9.2025	2100.0	66.01	295.24	1635.13	23.83	1418.30
17	23.9.2025	2100.0	66.03	295.28	1636.92	23.66	1423.05
18	24.9.2025	2100.0	65.72	294.95	1633.80	23.66	1418.30
19	25.9.2025	2100.0	65.25	294.65	1629.99	23.68	1412.19
20	26.9.2025	2100.0	65.14	294.32	1623.44	23.68	1401.26
21	29.9.2025	2100.0	65.12	295.02	1628.48	23.67	1413.71
22	30.9.2025	2100.0	64.94	295.01	1628.85	23.66	1419.69

Source: Central Bank of Myanmar

၂၀၂၅၊ စက်တင်ဘာလ ဘုရင့်နောင်ကုန်စည်ဒိုင်၏ နေ့စဉ်ပဲမျိုးစုံဈေးနှုန်း (တန်/ကျပ်)

စဉ်	ရက်စွဲ	မတ်ပဲ FAQ/ RC	ပဲစင်းငုံ RC	ပဲတီစိမ်း(ပခုက္ကူ)	ပဲတီရွှေဝါ (ခရမ်း)	ကုလားပဲဖြူလုံးကြီး	ထောပတ်ပဲ
		2024	2025		(ထိပ်စ)		
1	1.9.2025	2890000	2537000		4488800	2737400-2795600	2360800
2	2.9.2025	2892000	2522000		4488800	2737400-2795600	2360800
3	3.9.2025	2903000	2505000		4488800	2737400-2795600	2360800
4	4.9.2025	2915000	2510000		4488800	2737400-2795600	2360800
5	5.9.2025	2960000	2531000		4488800	2737400-2795600	2360800
6	8.9.2025	2959000	2500000		4488800	2737400-2795600	2360800
7	9.9.2025	2946000	2525000		4286700	2737400-2795600	2253600
8	10.9.2025	2943000	2515000		4286700	2737400-2795600	2253600
9	11.9.2025	2965000	2520000		4286700	2737400-2795600	2253600
10	12.9.2025	2975000	2519000		4286700	2737400-2795600	2253600
11	15.9.2025	2959000	2498000		4286700	2685300-2795600	2253600
12	16.9.2025	2940000	2440000		4286700	2685300-2795600	2253600
13	17.9.2025	2927000	2452000		4286700	2685300-2795600	2253600
14	18.9.2025	2922000	2451000		4286700	2685300-2795600	2253600
15	19.9.2025	2918000	2440000		4286700	2685300-2795600	2253600
16	22.9.2025	2912000	2397000		4286700	2685300-2795600	2253600
17	23.9.2025	2858000	2370000		4234700	2685300-2795600	2146400
18	24.9.2025	2870000	2360000		4234700	2578200-2685300	2146400
19	25.9.2025	2877000	2380000		4234700	2578200-2685300	2146400
20	26.9.2025	2910000	2430000		4234700	2578200-2685300	2146400
21	29.9.2025	2906000	2535000		4234700	2578200-2685300	2146400
22	30.9.2025	2911000	2515000		4234700	2578200-2685300	2039300

Source: ဘုရင့်နောင်ကုန်စည်ဒိုင်

၂၀၂၅၊ စက်တင်ဘာလ ဘုရင့်နောင်ကုန်စည်ဒိုင်၏ နေ့စဉ်ပဲမျိုးစုံဈေးနှုန်း (တန်/ကျပ်)

စဉ်	ရက်စွဲ	ပဲကြီး(ရွှေကျွန်း)	ပဲလွန်းဖြူ(မြစ်ဝကျွန်းပေါ်)	ဘိုကိတ်	ပဲပုပ်(မြစ်ဝကျွန်းပေါ်) (အထွက်တိုး)	ပြောင်းဆန်
1	1.9.2025	4118300-4501100	2651600-2807800	2296500-2400600	3521200-3625300	998200-1010400
2	2.9.2025	4118300-4501100	2651600-2807800	2296500-2400600	3368100-3472300	979800-992100
3	3.9.2025	4118300-4501100	2651600-2807800	2296500-2400600	3368100-3472300	979800-992100
4	4.9.2025	4118300-4501100	2651600-2807800	2296500-2400600	3368100-3472300	979800-992100
5	5.9.2025	4118300-4501100	2651600-2807800	2296500-2400600	3368100-3472300	979800-992100
6	8.9.2025	4118300-4501100	2651600-2807800	2296500-2400600	3368100-3472300	979800-992100
7	9.9.2025	4118300-4501100	2651600-2807800	2192400-2348500	3368100-3472300	955300-967600
8	10.9.2025	4118300-4501100	2651600-2807800	2192400-2348500	3368100-3472300	955300-967600
9	11.9.2025	4118300-4501100	2651600-2755800	2192400-2348500	3368100-3472300	955300-967600
10	12.9.2025	4118300-4501100	2651600-2755800	2192400-2296500	3368100-3472300	955300-967600
11	15.9.2025	4118300-4501100	2651600-2706800	2192400-2296500	3368100-3472300	955300-967600
12	16.9.2025	4118300-4501100	2651600-2706800	2192400-2357700	3368100-3472300	955300-967600
13	17.9.2025	4118300-4501100	2651600-2706800	2192400-2357700	3368100-3472300	955300-967600
14	18.9.2025	4118300-4501100	2651600-2706800	2192400-2357700	3368100-3472300	955300-967600
15	19.9.2025	4118300-4501100	2651600-2706800	2192400-2357700	3368100-3472300	955300-967600
16	22.9.2025	4118300-4501100	2651600-2706800	2192400-2357700	3368100-3472300	955300-967600
17	23.9.2025	4118300-4501100	2651600-2706800	2192400-2357700	3368100-3472300	949200-961500
18	24.9.2025	4118300-4501100	2651600-2706800	2192400-2357700	3368100-3472300	949200-961500
19	25.9.2025	4118300-4501100	2651600-2706800	2192400-2357700	3368100-3472300	949200-961500
20	26.9.2025	4118300-4501100	2651600-2706800	2192400-2357700	3368100-3472300	949200-961500
21	29.9.2025	4118300-4501100	2602700-2706800	2192400-2296500	3368100-3472300	949200-961500
22	30.9.2025	4118300-4501100	2602700-2706800	2192400-2296500	3368100-3472300	918600-930800

Source: ဘုရင့်နောင်ကုန်စည်ဒိုင်

၂၀၂၅၊ စက်တင်ဘာလအတွင်း ဖြစ်ပေါ်ခဲ့သော (FOB) ပဲဈေးနှုန်းများ(မတန်/ ဒေါ်လာ)

ပဲအမျိုးအစား		1.9.2025 to 5.9.2025	8.9.2025 to 12.9.2025	15.9.2025 to 19.9.2025	22.9.2025 to 26.9.2025	29.9.2025 to 20.9.2025
မတ်ပဲ (2024–25 Crop)	FAQ	705–715	725–735	730–740	710–720	710–720
	SQ	780–790	800–810	810–820	790–800	790–800
	အခွံချွတ် အလုံး/အခြမ်း(FAQ)	805–825	825–845	830–850	810–830	810–830
	အခွံချွတ် အလုံး/အခြမ်း(SQ)	905–925	925–945	930–950	910–930	910–930
	အခွံပါအခြမ်း	805–825	825–845	830–850	810–830	810–830
ပဲတီစိမ်း (2024–25 Crop)	FAQ (အညာ)	900–910	880–890	870–880	850–860	850–860
	FAQ (ရွှေဝါ)	1130–1140	1110–1120	1100–1110	1080–1090	1080–1090
	ရွှေဝါအကြီး(Size 3.5 mm &up)	1190–1200	1170–1180	1150–1160	1130–1140	1130–1140
	ရွှေဝါအကြီး (Size 3.25 mm &up)	1160–1170	1140–1150	1120–1130	1100–1110	1100–1110
	ရွှေဝါအသေး (Under 3.5 mm)	1080–1090	1060–1070	1040–1050	1020–1030	1020–1030
ပဲတီစိမ်း (2024 –25 Crop)	FAQ ပဲနောက်	1000–1010	1000–1010	980–990	960–970	960–970
	SQ ပဲနောက်	1390–1400	1390–1400	1390–1400	1390–1400	1390–1400
	အခွံချွတ်အလုံးကြီးအခြမ်း(အညာ)	1165–1185	1145–1165	1135–1155	1115–1135	1115–1135
	အခွံချွတ်အလုံးသေးအခြမ်း (အညာ)	970–990	950–970	940–960	920–940	920–940
	အခွံပါအလုံးသေးအခြမ်း(အညာ)	920–940	900–920	890–910	870–890	870–890
ပဲစင်းငုံ(2024 –25 Crop)	အနီ	620–630	620–630	620–630	600–610	600–610
ပဲစင်းငုံ (2024–25 Crop)	အဖြူ(စစ်ကိုင်း)	580–590	580–590	580–590	560–570	560–570
	အခွံချွတ်အခြမ်း	920–940	920–940	920–940	900–920	900–920
ကုလားပဲဖြူလုံးကြီး V2	FAQ	705–715	705–715	705–715	705–715	705–715
	အခွံချွတ်အခြမ်း	975–995	975–995	975–995	975–995	975–995
ပဲလွန်းဖြူ	FAQ	715–725	715–725	715–725	700–710	680–690
	SQ	790–800	790–800	790–800	775–785	755–765
	အခွံချွတ်အခြမ်း	855–875	855–875	855–875	840–860	820–840
ပဲလွန်းနီ	FAQ	675–685	675–685	675–685	675–685	675–685
ပဲထောပတ်	FAQ	655–665	625–635	625–635	600–610	575–585
	အခွံချွတ်အခြမ်း	680–700	650–670	650–670	625–645	600–620
ပြောင်းဆန်		245–255	245–255	245–255	245–255	240–250
နှမ်းဖြူ		1155–1165	1155–1165	1155–1165	1130–1140	1105–1115
နှမ်းနက်(စမုန်)		2585–2595	2585–2595	2585–2595	2560–2570	2545–2555
နှမ်းညို		1050–1060	1050–1060	1050–1060	1030–1040	1015–1025
နှမ်းနက်(ရိုးရိုး)		2380–2390	2380–2390	2380–2390	2380–2390	2380–2390
မြေထောက်ပဲ(အနီ)FAQ		810–820	810–820	810–820	800–810	780–790
မြေထောက်ပဲ(အနီ)SQ		890–900	890–900	890–900	890–900	870–880
မြေထောက်ပဲ(အဖြူ)		890–900	890–900	890–900	890–900	870–880
မြေထောက်ပဲ(အကြား)Light Speckled Kidney Beans		810–820	810–820	810–820	810–820	800–810
ပဲယင်း(ဝါ)		615–625	615–625	625–635	640–650	640–650
ပဲယင်း(နီ)		650–660	650–660	650–660	650–660	650–660
ပဲကြီး		905–915	905–915	905–915	940–950	940–950
ပဲကြီးအခွံချွတ်အခြမ်း		1025–1045	1025–1045	1025–1045	1060–1080	1060–1080
Adzuki/Mung Beans (Red)/ Small Red Beans		1060–1070	1060–1070	1060–1070	1060–1070	1060–1070
စွန်တာနီ/ပြာ		740–750	740–750	740–750	775–785	775–785
မြေပဲ (လုံးဆန်)		1250–1260	1210–1220	1210–1220	1240–1250	1240–1250

Source: ဘုရင့်နောင်ကုန်စည်ဒိုင်

၂၀၂၅၊ စက်တင်ဘာလအတွင်း ဖြစ်ပေါ်ခဲ့သော ပြည်ပဆန်ဈေးနှုန်းများ (FOB-YGN) (ဒေါ်လာ/မက်တန်)

စဉ်	အမျိုးအစား	9.3.2025 to 9.9.2025	10.9.2025 to 16.9.2025	17.9.2025 to 23.9.2025	24.9.2025 to 30.9.2025
1	Myanmar Long Grain White Rice 100 % (Super 100 %)	360-370	340-350	340-350	340-350
2	Myanmar Long Grain White Rice 10% Broken (90 days)	350-360	340-350	340-350	340-350
3	Myanmar Long Grain White Rice (Emata) 5% Broken (Well Milled Double Polished Sortexed)	320-330	320-330	320-330	320-330
4	Myanmar Long Grain White Rice (Emata) 10% Broken (Well Milled Double Polished Sortexed)	315-320	315-320	315-320	315-320
5	Myanmar Long Grain White Rice (Emata) 15% Broken (Well Milled Double Polished Sortexed)	310-315	310-315	310-315	310-315
6	Myanmar Long Grain White Rice (Emata) 25% Broken (Well Milled Double Polished Sortexed)	300-310	300-310	290-300	290-300
7	Myanmar White Rice (Emata) 5% Broken (Well Milled Double Polished Sortexed)	320-330	320-330	320-330	320-330
8	Myanmar White Rice (Emata) 10% Broken (Well Milled Double Polished Sortexed)	315-320	315-320	315-320	315-320
9	Myanmar White Rice (Emata) 15% Broken (Well Milled Double Polished Sortexed)	310-315	310-315	310-315	310-315
10	Myanmar White Rice (Emata) 25% Broken (Well Milled Double Polished Sortexed)	300-310	300-310	290-300	290-300
11	Myanmar White Rice 5% Broken (747) (Well Milled Double Polished Sortexed)	340-350	330-340	330-340	330-340
12	Myanmar White Rice 10% Broken (747) (Well Milled Double Polished Sortexed)	335-340	325-330	325-330	325-330
13	Myanmar White Rice 15% Broken (747) (Well Milled Double Polished Sortexed)	330-335	320-325	320-325	320-325
14	Myanmar Long Grain White Rice(Emata) 5% Broken (Well Milled & Sortexed)	320-330	320-330	320-330	320-330
15	Myanmar Long Grain White Rice(Emata) 10% Broken (Well Milled & Sortexed)	315-320	315-320	315-320	315-320
16	Myanmar Long Grain White Rice(Emata) 15% Broken (Well Milled & Sortexed)	310-315	310-350	310-315	310-315
17	Myanmar Long Grain White Rice(Emata) 25% Broken (Well Milled & Sortexed)	295-305	295-305	290-300	290-300
18	Myanmar Long Grain White Rice(Emata) 5% Broken (Reasonable Well Milled)	310-320	300-310	300-310	300-310
19	Myanmar Long Grain White Rice(Emata) 10% Broken (Reasonable Well Milled)	300-310	290-300	290-300	290-300
20	Myanmar Long Grain White Rice(Emata) 15% Broken (Reasonable Well Milled)	-	280-290	280-290	280-290
21	Myanmar Long Grain White Rice(Emata) 25% Broken (Reasonable Well Milled)	290-300	270-280	270-280	270-280
22	Myanmar Long Grain White Rice (GW-11) 5% Broken (Well Milled Double Polished Sortexed)	330-335	325-330	320-330	320-330
23	Myanmar Long Grain White Rice (GW-11) 10% Broken (Well Milled Double Polished Sortexed)	325-330	320-325	315-320	315-320
24	Myanmar Long Grain White Rice (GW-11) 25% Broken (Well Milled Double Polished Sortexed)	315-320	315-320	300-310	300-310
25	Myanmar White Rice (Kayinma)5% Broken (Well Milled Double Polished Sortexed)	325-335	325-335	325-335	325-335
26	Myanmar White Rice (Kayinma)10% Broken (Well Milled Double Polished Sortexed)	320-325	320-325	320-325	320-325
27	Myanmar White Rice (Kayinma)15% Broken (Well Milled Double Polished Sortexed)	315-320	315-320	315-320	315-320
28	Myanmar White Rice (Kayinma)25% Broken (Well Milled Double Polished Sortexed)	310-315	310-315	310-315	310-315
29	Myanmar White Rice (Sin Thu Kha)5% Broken (Well Milled Double Polished Sortexed)	325-335	325-330	325-330	325-330
30	Myanmar White Rice (Sin Thu Kha)10% Broken (Well Milled Double Polished Sortexed)	320-325	320-325	320-325	320-325
31	Myanmar White Rice (Sin Thu Kha)15% Broken (Well Milled Double Polished Sortexed)	315-320	315-320	315-320	315-320
32	Myanmar White Rice (Sin Thu Kha)25% Broken (Well Milled Double Polished Sortexed)	310-315	305-310	300-310	300-310
33	Myanmar White Rice (Thee Pu)5% Broken (Well Milled Double Polished Sortexed)	320-330	310-320	310-320	310-320
34	Myanmar White Rice (Thee Pu)10% Broken (Well Milled Double Polished Sortexed)	315-320	300-310	300-310	300-310
35	Myanmar White Rice (Thee Pu)15% Broken (Well Milled Double Polished Sortexed)	310-315	295-300	295-300	295-300
36	Myanmar White Rice (Thee Pu)25% Broken (Well Milled Double Polished Sortexed)	300-310	290-295	290-295	290-295
37	Myanmar White Rice Nga Sein Yarkyaw 5% Broken (Well Milled Double Polished Sortexed)	330-335	325-330	325-330	325-330
38	Myanmar White Rice Nga Sein Yarkyaw 10% Broken (Well Milled Double Polished Sortexed)	325-330	320-325	320-325	320-325
39	Myanmar White Rice Nga Sein Yarkyaw 15% Broken (Well Milled Double Polished Sortexed)	320-325	315-320	315-320	315-320
40	Myanmar White Rice Nga Sein Yarkyaw 25% Broken (Well Milled Double Polished Sortexed)	310-320	310-315	310-315	310-315
41	Myanmar White Rice Nga Sein Yarkyaw 25% Broken (Reasonable Well - Milled)	300-310	290-300	280-290	280-290
42	Myanmar Long Grain Fragrant Rice 5% Broken (Well Milled Double Polished Sortexed)	450-460	450-460	450-460	450-460
43	Myanmar White Rice Tun Pu (or)Bike Phyu 5% Broken(Well Milled Double Polished Sortexed)	330-335	330-335	330-335	330-335
44	Myanmar White Rice Tun Pu (or)Bike Phyu 10% Broken(Well Milled Double Polished Sortexed)	320-330	320-330	320-330	320-330
45	Myanmar White Rice Tun Pu (or)Bike Phyu 15% Broken(Well Milled Double Polished Sortexed)	315-320	315-320	315-320	315-320
46	Myanmar White Rice Tun Pu (or)Bike Phyu 25% Broken(Well Milled Double Polished Sortexed)	310-315	310-315	305-310	305-310
47	Myanmar Parboiled Rice (Kayinma)5% Broken (Well Milled Double Polished Sortexed)	480-500	460-480	440-450	440-450
48	Myanmar Parboiled Rice (Kayinma)10% Broken (Well Milled Double Polished Sortexed)	470-480	450-460	430-440	430-440
49	Myanmar Long Grain Parboiled Rice 5% Broken (Well Milled Double Polished Sortexed)	480-500	460-480	440-450	440-450
50	Myanmar Long Grain Parboiled Rice 10% Broken (Well Milled Double Polished Sortexed)	470-480	450-460	430-440	430-440
51	Myanmar Glutinous Rice 5% Broken (Well Milled)	490-500	490-500	490-500	490-500
52	Myanmar Glutinous Rice 10% Broken (Well Milled)	480-490	480-490	480-490	480-490
53	Myanmar Glutinous Rice 15% Broken (Well Milled)	470-480	470-480	470-480	470-480
54	Myanmar Glutinous Rice 25% Broken (Well Milled)	460-470	460-470	460-470	460-470
55	Myanmar Glutinous Rice 10% Broken (Reasonable Well Milled)	455-465	455-465	455-465	455-465
56	Myanmar Glutinous Rice 25% Broken (Reasonable Well Milled)	440-450	440-450	440-450	440-450
57	Myanmar Brown Rice 5% Broken	310-320	310-320	310-320	310-320
58	Myanmar Brown Rice 10% Broken	305-310	305-310	305-310	305-310

Source: MRF

၂၀၂၅၊ စက်တင်ဘာလအတွင်း ပြည်ပနိုင်ငံ၏ စက်သုံးဆီဈေးနှုန်း

No	Date	WTI Crude Oil (USD/bbl)	Brent Crude Oil (USD / bbl)	RBOB Gasoline (USD/ gal)	Natural Gas USD/ MMBtu)	Heating Oil (USD/ gal)
1	1.9.2025	64.01	67.44	196.72	3.05	227.61
2	2.9.2025	64.92	68.44	200.35	2.96	231.95
3	3.9.2025	65.36	68.91	203.53	2.99	236.63
4	4.9.2025	63.63	67.28	200.70	3.08	233.42
5	5.9.2025	63.13	66.73	199.99	3.09	231.96
6	8.9.2025	62.62	66.31	198.06	3.11	231.34
7	9.9.2025	62.55	66.34	196.36	3.09	232.18
8	10.9.2025	63.17	66.94	200.36	3.09	233.40
9	11.9.2025	63.59	67.42	200.46	3.03	233.15
10	12.9.2025	61.84	65.87	195.83	2.92	225.94
11	15.9.2025	63.20	67.49	200.13	2.98	231.95
12	16.9.2025	63.48	67.62	201.66	3.03	233.53
13	17.9.2025	64.52	68.44	204.16	3.11	239.40
14	18.9.2025	63.87	67.81	202.19	3.09	234.68
15	19.9.2025	63.44	67.36	201.02	2.93	233.92
16	22.9.2025	63.16	67.08	198.82	2.91	231.72
17	23.9.2025	61.91	66.17	196.89	2.80	228.06
18	24.9.2025	63.51	67.68	200.02	2.86	233.67
19	25.9.2025	64.73	69.09	201.45	2.89	237.28
20	26.9.2025	65.20	69.54	200.36	2.91	242.59
21	29.9.2025	65.27	69.76	203.60	3.16	242.00
22	30.9.2025	63.06	67.43	198.48	3.27	233.00

Source: Bloomberg Commodities

၂၀၂၅၊ စက်တင်ဘာလအတွင်း ဖြစ်ပေါ်ခဲ့သော ကမ္ဘာ့ရွှေဈေး (ဒေါ်လာ)

No	Date	London	New York
1	1.9.2025	3484	3484
2	2.9.2025	3495	3501
3	3.9.2025	3539	3546
4	4.9.2025	3535	3540
5	5.9.2025	3558	3563
6	8.9.2025	3586	3593
7	9.9.2025	3649	3657
8	10.9.2025	3638	3647
9	11.9.2025	3630	3634
10	12.9.2025	3656	3662
11	15.9.2025	3646	3650
12	16.9.2025	3683	3689
13	17.9.2025	3680	3687
14	18.9.2025	3661	3667
15	19.9.2025	3658	3666
16	22.9.2025	3703	3708
17	23.9.2025	3756	3765
18	24.9.2025	3780	3786
19	25.9.2025	3748	3754
20	26.9.2025	3748	3754
21	29.9.2025	3821	3824
22	30.9.2025	3870	3876

Source: Bullionvault,